# ဆရာများအတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၃ နှင့် အဆင့် ၄

အတွဲ (က)

သင်ခန်းစာ ၁-၆

www.besweb.com

# Bible Educational Services

## ဓမ္မပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1096157)

**သာသနာတော် အတွက် သဘောထား**

အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**

သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာ၌ အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ချက်များ**

"Bibletime", "New Life" နှင့် "Gleaners" ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး UK တွင်ရှိသော ကျမ်းစာကျောင်းများနှင့် BES သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊အဆက်အသွယ်များ၊ ပြုလုပ်လည်ကောင်းအကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများပြုလုပ်ပေးသည်။၎င်း BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ဒီဇိုင်းဆွဲပေးခြင်းများ၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့် လည်းလက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများက ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်တွင် ပထမဆုံး အသုံးပြုခဲ့ပြီ ဖြစ်သည်။အင်္ဂလိပ်ဘာသာနှင့် လည်းကောင်းနိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ကျမ်းစာပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A-4 ပုံစံဖြင့်
ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ် စစ်ဆေး ရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကာဖြင့် BES Website www.besweb.com တွင်ငင်း International Secretary တွင်ငင်း ရရှိနိုင်သည်။အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ဆောင်ရန် သင်အလိုဆန္ဒ ရှိပါကသင့်အားအကူအညီပေးနိုင်သောစာရွက်စာတမ်းများကို BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ

**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကိုအသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၃ နှင့် ၄ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၁၁-၁၆ နှစ် အထိ ကလေးများအတွက် ရေးဆွဲထားခြင်းဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထားသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်။ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာများတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၌၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာသင်ခန်းစာကို ပြန်အပ်စေရမည်ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံးအမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံးပြုသည့်အခါ အခန်းတခုစီ၏အဆုံးပိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်များကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားများထံ ဝေပေးပါ ။ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူတို့သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ် သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာ စာအုပ်၏ နောက်ပိုင်းတွင် ပေးထားသည်။ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များ ရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာသင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြားပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း ၊ကိုယ်ပိုင်နည်းလမ်း ၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့မပြုလုပ်လိုပေ ။ Bibletime သင်ခန်းစာများကို အသုံးပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့်ကျွမ်းဝင်မှုရှိပါ ။** - သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း ၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း ၊ အတတ်နိုင်ဆုံး ကျွမ်းဝင်မှုရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုတစိုက် စဉ်းစားဆင်ချင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြားမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ ။** - သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့်စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှုနှင့် သင်ခန်းစာ ပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင် နားလည်သဘောပေါက်သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကိုသိနားလည်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး တတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေး လိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များဖြစ်သည်။ဖြစ်ပွားခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်းနှင့် သင်ကြားခြင်းကို သုံးသက်နိုင်သည် ။
- **မိတ်ဆက်ပေးပါ ။** - ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင်ကလေးများ၏ တုန့်ပြန်မှုကိုရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ ။** - ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေရမည် ။ ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန္ဒရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာများကိုအမြဲအကွက်စောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ ။** - ပုံပြင်တစ်ခုချင်းစီကိုချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည် ။အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်းနှစ်ခုတွေ့ရသည် ။ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်းတစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည် ။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး သူတို့၏အသက်တာထဲတွင် ကျန်ရှိနေစေရန် ကျွန်ုပ်တို့မျှော်လင့်သည် ။ သို့မှသာ သူတို့သည် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသက်ပါ ။ -** ကျောင်းတစ်ကျောင်း၏အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည် ။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေ့မှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းအားဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့်အကျွမ်းဝင်စေပါ ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင်သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည် ။ အခြာတဖတ်တွင် ကလေးများ၏ အားရုံစူစိုက်ခြင်းကို ဆက်စပ်နေသည့်မေးခွန်းများနှင့် တိကျသော သင်ကြားပို့ချမှုဘက်သို့ ဆွဲခေါ်သွားခြင်းသည် အကြံညဏ်ကောင်းတစ်ခုဖြစ်နိုင်သည် ။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်မရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန်အလွန်အရေးကြီးလှသည် ။သို့မှသာ ဤသင်ခန်စာသည် ငြီးငွေ့စရာကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည် ။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ ။ -** ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ ။ -** အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများရရှိရန်မှာ အလွန်ခက်ခဲလှပါသည် ။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့် အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည် ။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည် ။သင်ခန်းစာတိုင်း၌ သင့်လျော်သည့်နေရာတွင် ရုပ်ပုံအကြောင်းအကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။၎င်းတို့ website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန် သင်းခန်းစာအတွင်းထည့်သွင်းဖေါ်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း ။

(၁) ကျမ်းချက်များကို စာရွက်သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့်ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံးတစ်ပြီးတစ်လုံ တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံတွင်ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေးရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ စကားလုံအရေးအတွက်များနှင့် အဓိကကျမ်းစကားလုံများကို အစီအစဉ်တကျ မဟုတ်ဘဲထားပါ။အခြားအဖွဲ့မှသူများ ကျမ်းပိုက်ကိုအစီအစဉ်တကျမပြုလုပ်နိုင်မီ မိမိတို့အဖွဲ့မှ ဦးစွာလုပ်ဆောင်နိုင်ရန် ကလေးများကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ရရှိခဲ့သော ကျမ်ပိုဒ်ကိုသူတပါး တို့ထက်ဦးစွာ ရွတ်ဆို စေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက် ။** ။သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီပြောင်းလဲလိုကြပေမည်။
  - (၁) မိတ်ဆတ်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)
  - (၂) အဓိကသော့ချက်ကျမ်း သင်ကြာပေးခြင်း (၅ -၁၀ မိနစ်)
  - (၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)
  - (၄) မေးခွန်မေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ ။

“ကျွန်ုပ်မေ့နိုင်သည့်အတွက်    ကျွန်ုပ်ကိုပြောပါ ။
ကျွန်ုပ်သတိရအောင်    ကျွန်ုပ်ကိုပြပါ ။
ကျွန်ုပ်နားလည်နိုင်ရန်    ကျွန်ုပ်နှင့်အတူပါဝင်ပါ ။”

# **Bibletime** သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ အာဗြဟံ<br>၆။ အာဗြဟံ<br>၇။ ပေတရု<br>၈။ ပေတရု<br>၉။ ယာကုပ်<br>၁၀။ ကနဦးခရစ်ယာန်များ<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း<br>၂။ နောဧ<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ဆုတောင်းခြင်း<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံကျခြင်း<br>၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း<br>၃။ ပေတရု<br>၄။ ပေတရု-လက်ဝါးကပ်တိုင်<br>၅။ ပေတရု<br>၆။ အာဗြဟံ<br>၇။ ယာကုပ်<br>၈။ ခရစ်ယာန်အသက်တာ<br>၉။ ပေါလု<br>၁၀။ ပေါလု<br>၁၁။ ပေါလု<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ပုံဥပမာ<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ ယေရှုတွေ့ဆုံသောသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယောသပ်<br>၇။ ယောသပ်<br>၈။ သတင်းကောင်းရေးသူများ<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ မောရှေ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ပုံဥပမာ<br>၂။ အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ဗေသနိ<br>၄။ လက်ဝါးကပ်တိုင်<br>၅။ ကနဦးခရစ်ယာန်<br>၆။ ယာကုပ်နှင့်မိသားစု<br>၇။ ယောသပ်<br>၈။ တမန် ၂း၄၂ ဦးဆောင်သည့်နည်းလမ်း<br>၉။ မောရှေ<br>၁၀။ မောရှေ<br>၁၁။ ပညာတ်တော်<br>၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ<br>၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၃။ ယေရှုတွေ့ဆုံသောသူများ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသနှင့် ရှုမွေလ<br>၆။ ဒါဝိဒ်<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ယောန<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ယေရှုနှင့်တွေ့ဆုံသူများ<br>၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ<br>၁၂။ ခရစ္စမတ်ပုံပြင် | ၁။ ဒံယေလ<br>၂။ ယေရှု၏စကားတော်များ<br>၃။ ဘုရားသခင်၏ တန်ခိုးတော်<br>၄။ ခရစ်တော်၏သေခြင်း<br>၅။ ရှုသ<br>၆။ ရှုမွေလ<br>၇။ ဒါဝိဒ်<br>၈။ ယောရှု<br>၉။ ဧလိယ<br>၁၀။ ဧလိရှဲ<br>၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ<br>၁၂။ ခရစ္စမတ်ပုံပြင် |

| | က ၁ - အဆင့် ၃<br>သင်ခန်းစာ ၁ - အစအဦး၌<br>ခေါင်းစဉ် - ကမ္ဘာကြီးကိုဘုရားသခင်ဖန်ဆင်းသည်။ | က ၁ - အဆင့် ၄<br>လေ့လာရန် ၁ - ဖန်ဆင်းခြင်း<br>ခေါင်းစဉ် - အစအဦး၌ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း - *ကမ္ဘာဦး ၁း၁-၁၉*<br>အဓိကသော့ချက်ကျမ်း - *ကမ္ဘာဦး ၁း၁*<br><br>ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘုရားသခင်သည် စကြာဝဠာနှင့် အထဲ၌ရှိသော အရာအားလုံးကို ဖန်ဆင်းခဲ့သည်။<br>၂။ ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ဦးချင်းစီကို ဖန်ဆင်းပြီး၊ သိ၍ ချစ်တော်မူသည်။ | **အခြေပြုသမ္မာကျမ်း - *ကမ္ဘာဦး ၁း၁-၃၁*<br>အဓိကသော့ချက်ကျမ်း - *ဟေဗြဲ ၁း၁၀ ၊ဟေရှာယ ၄၅း၁၈*<br><br>ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘုရားသခင်သည် စကြာဝဠာကို ဖန်ဆင်းခဲ့သည်။<br>၂။ ဘုရားသခင်သည် တန်ခိုးနှင့် ပြည့်စုံသည်။<br>၃။ ဘုရားသခင်သည် သူ၏ သဏ္ဌာန်တော်နှင့်အညီ လူကို ဖန်ဆင်းသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဤမေးခွန်းများ၏ အဖြေကို ကလေးတစ်ယောက်စီအား ဖြေဆိုစေပါ။ သူငယ်ချင်းနှင့်အတူတကွ ဖြေဆိုနိုင်ရန် အခြားအတန်းသားများကိုလည်း ဖိတ်ခေါ်နိုင်ပါသည်။<br><br>၁။ စကြာဝဠာ ထဲတွင် ကြယ်မည်မျှ ရှိသနည်း။<br>၂။ ကမ္ဘာပေါ်တွင် လူမည်မျှ ရှိသနည်း။<br><br>မိနစ်အနည်းငယ် ကြာသည့်နောက် အောက်ပါအဖြေများကို ပြောပေးပါ။<br>• ဥရောပ အာကာသ လေ့လာရေးအဖွဲ့၏ ပြောကြားချက်အရ ကြယ်ပေါင်း မည်မျှရှိသည်ကို ပြောရန်မှာ ခက်ခဲသည်။ ယခု နေထိုင်သော ကြယ်စင်စု တစ်ခုတည်းတွင်ပင် သန်းထောင် ပေါင်းများစွာသော ကြယ်များ ရှိသည်။ ထိုမျှမက အခြားကြယ်စင် စုများလည်း ရှိနေသည့်အတွက် ကြယ်အရေအတွက် များပြားလှသည်။<br>• အနီးစပ်ဆုံးရေတွက်မှုအရ လူသန်းပေါင်း ၇၀၀၀ ကျော်ရှိသည်။ | အောက်ပါ မေးခွန်းများကို အဖွဲ့လိုက်အနေဖြင့် လေ့လာပါ။<br><br>၁။ သင် နောက်ဆုံး ဆန်းသစ် တီထွင်ခဲ့သော အရာကိုပြောပါ။<br>၂။ ထိုအရာအပေါ် စိတ်ကျေနပ်မှု ရှိပါသလား။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မည်သည့် အရာမျှ မရှိမီ အချိန်ကတည်းက ဘုရားသခင် ရှိနှင့် ခဲ့သည်။<br>၂။ ဘုရားသခင်သည် ကမ္ဘာကြီးကို ခြောက်ရက်အတွင်း ဖန်ဆင်းခဲ့သည်။<br>၃။ ပထမနေ့တွင် ဘုရားသခင်သည် အလင်းကို ဖန်ဆင်း၍၊ မှောင်မိုက်နှင့် ခွဲးခြားတော် မူသည်။ ဒုတိယနေ့တွင် ဘုရားသခင်သည် မိုးမျက်နှာကြက်ကို ဖန်ဆင်တော်မူပြီး၊ ရေနှင့် ရေချင်း ပိုင်းခြား တော်မူသည်။ တတိယနေ့တွင် ဘုရားသခင်သည် ရေကို စုဝေးစေ၍ ကုန်းကိုမြေဟု ခေါ်ဝေါ်ခဲ့သည်။ မြေတွင် စားပင်သီးပင်များကို ပေါက်စေ တော်မူသည်။ စတုတ္ထနေ့တွင် နေ၊ လ နှင့် ကြယ်များကို ဖန်ဆင်းတော်မူ ခဲ့သည်။ ပဉ္စမနေ့တွင် ဘုရားသခင်သည် ပင်လယ်ငါးနှင့် ငှက်များကို ဖန်ဆင်း တော် မူခဲ့သည်။ ဆဋ္ဌမနေ့တွင် ဘုရားသခင်သည် မြေတိရစ္ဆာန်များကို ဖန်ဆင်းခဲ့သည်။<br>၄။ ထို့နောက် ဘုရားသခင်သည် မိမိသဏ္ဌာန် တော်နှင့်အညီ လူယောကျ်ား နှင့် လူမိန်းမ တို့အား မြေပြင်ကို ပြည့်စေရန် နှင့် အုပ်စိုးရန် ဖန်ဆင်းတော်မူခဲ့သည်။<br>၅။ ဘုရားသခင်သည် ဖန်ဆင်းခံသတ္တဝါအားလုံး နှင့် လူတို့အတွက် စားသောက်ဖွယ်များကို ထောက်ပံ့ မစတော်မူ ခဲ့သည်။<br>၆။ ဘုရားသခင်သည် မိမိလုပ်ဆောင်သမျှ အရာအားလုံးသည် အလွန်ကောင်းသည် ဟု မြင်တော်မူသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။<br>ပြပါ FBI - ရုပ်ပြသင်ထောက်ကူ - ဘုရားသခင်သည် ကောင်းကင် နှင့် မြေကြီးကို ဖန်ဆင်းတော်မူသည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် ကမ္ဘာကြီးကို ခြောက်ရက်အတွင်း ဖန်ဆင်းခဲ့သည်။<br>၂။ ပထမနေ့တွင် ဘုရားသခင်သည် အလင်းကို ဖန်ဆင်း၍၊ မှောင်မိုက် နှင့် ခွဲးခြားတော် မူသည်။ ဒုတိယနေ့တွင် ဘုရားသခင်သည် မိုးမျက်နှာကြက်ကို ဖန်ဆင်တော်မူပြီး၊ ရေနှင့် ရေချင်း ပိုင်းခြား တော်မူသည်။ တတိယနေ့တွင် ဘုရားသခင်သည် ရေကို စုဝေးစေ၍ ကုန်းကို မြေ ဟု ခေါ်ဝေါ်ခဲ့သည်။ မြေတွင် စားပင်သီးပင်များကို ပေါက်စေ တော်မူသည်။ စတုတ္ထနေ့တွင် နေ၊ လ နှင့် ကြယ်များကို ဖန်ဆင်း တော်မူ ခဲ့သည်။ ပဉ္စမနေ့တွင် ဘုရားသခင်သည် ပင်လယ်ငါး နှင့် ငှက်များကို ဖန်ဆင်းတော်မူ ခဲ့သည်။ ဆဋ္ဌမနေ့တွင် ဘုရားသခင်သည် မြေတိရစ္ဆာန်များကို ဖန်ဆင်း ခဲ့သည်။<br>၃။ ဘုရားသခင်၏ တန်ခိုးတော်သည် အံ့ဖွယ်ဖြစ်သည်။ ဘုရားသခင်သည် ကမ္ဘာကြီးကို စကားတော်အားဖြင့်သာ ဖန်ဆင်း၍၊ ခြောက်ရက်အတွင်းတွင်သာ ဖန်ဆင်းခဲ့သည်။<br>၄။ ဘုရားသခင်သည် လူသားကို မိမိသဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်း တော်မူပြီး၊ လူယောကျ်ား၊ လူမိန်းမကိုဖန်ဆင်းခဲ့သည်။<br>၅။ ဘုရားသခင်သည် မိမိပြုခဲ့သော အရာအားလုံးကိုကြည့်ကာ အလွန်ကောင်းသည်ဟု မှတ်ချက်ပြုခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။<br>သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။<br>ပြပါ FBI - ရုပ်ပြသင်ထောက်ကူ -ဘုရားသခင်သည် ကောင်းကင် နှင့် မြေကြီးကို ဖန်ဆင်းတော်မူသည်။** |
| ပြန်လှန်လေ့ကျင့်ပါ | အဖွဲ့လေးဖွဲ့ခွဲးကာ ခြောက်ရက်အတွင်း ဘုရားသခင် ဖန်ဆင်းခဲ့သည့် အရာများကို ပိုစတာတစ်ခု ရေးဆွဲစေပါ။ | ဘုရားသခင်နှင့် စပ်လျဉ်း၍ မည်သည့်အရာကို ဤသင်ခန်းစာ အားဖြင့် သင်လေ့လာခဲ့ရသနည်း။ ယင်းအကြောင်းအရာကို ဖော်ကျူးရန် ကဗျာတို သို့မဟုတ် စာပိုဒ်ငယ် တစ်ခုဖြင့် ဖော်ပြပေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် တန်ခိုးအလုံးစုံနှင့် ပြည့်စုံတော်မူပြီး၊ အရာအားလုံးကို ဖန်ဆင်းတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ တစ်ယောက်စီတိုင်းကို ဖန်ဆင်းပြီး၊ တစ်ဦးချင်းစီကို သိ၍ ချစ်တော် မူသည်။ ကျွန်ုပ်၏ လုပ်ဆောင်ချက်များသည် ဘုရားသခင့်အပေါ်နှင့် ဖန်းဆင်းခြင်း အရာများအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိစေရ မည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် ကျွန်ုပ်တို့ အပါအဝင် ကမ္ဘာလောက တစ်ခုလုံးကို ဖန်ဆင်းခဲ့သည်။ ကျွန်ုပ်တို့ အသက်တာတွင် မည်သည့် ခြားနားမှုမျိုးကို လုပ်ဆောင်သင့်သနည်း။<br>၂။ က၊ ၁း၂၆-၂၇ နှင့် ဟေရှာ၊ ၄၅း၁၈ တို့ကိုဖတ်ပါ။ လူသားတို့အတွက် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။ ၎င်းသည် ကျွန်ုပ်တို့၏ ယနေ့ အသက်တာအပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိသနည်း။ |

| | က ၁ - အဆင့် ၃<br>သင်ခန်းစာ ၂ - အစအဦး၌<br>ခေါင်းစဉ် - ဘုရားသခင်သည် လူကို ဖန်ဆင်းသည် | က ၁ - အဆင့် ၄<br>လေ့လာရန် ၂ - ဖန်ဆင်းခြင်း<br>ခေါင်းစဉ် - ပြီးမြောက်ခဲ့သည်။ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *ကမ္ဘာဦး၊ ၁း၂၀-၃၁*<br>**အဓိကသော့ချက်ကျမ်း** - *ကမ္ဘာဦး၊ ၁း၂၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘုရားသခင်သည် တိရစ္ဆာန်များကို ဖန်ဆင်းခဲ့သော်လည်း လူကို တစ်မူထူခြားစွာ ဖန်ဆင်းခဲ့သည်။<br>၂။ ဘုရားသခင်သည် လူကို မိမိ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းရခြင်းမှာ သူနှင့်တူစေရန်နှင့် ဖန်ဆင်းခံ အရာများအပေါ် အုပ်စိုးရန် ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။<br>၃။ လူသားသည် ဘုရားသခင်နှင့်လည်းကောင်း၊ လူအချင်းချင်းနှင့်လည်းကောင်း မိဿဟာယဖွဲ့ရန် ပုံသွင်းခြင်းခံထားရသည်။<br>၄။ ဘုရားသခင် လူသားထံ တာဝန်များ အပ်နှင်းခဲ့သည်။ | **အခြေပြုသမ္မာကျမ်း** - *ကမ္ဘာဦး၊ ၁း၂၇-၃၁၊ ၂း၁-၉*<br>**အဓိကသော့ချက်ကျမ်း** - *ယောဟန်၊ ၁း ၁-၃*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ခုနစ်ရက် မြောက်သောနေ့တွင် ဘုရားသခင်သည် ငြိမ်ဝပ်စွာ နေတော်မူ၏။<br>၂။ ငြိမ်ဝပ်စွာနေရန် ဥပုဒ်နေ့ကို ဘုရားသခင် ဖန်ဆင်းခဲ့သည်။<br>၃။ ဘုရားသခင်သည် လူသားထံ ဇီဝအသက် ပေးတော်မူခဲ့သည်။<br>၄။ ဇီဝအသက်သည် တန်းဖိုးဖြတ်၍မရပါ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | တိရစ္ဆာန် ပုံလေးများကို ပြသ ကစားပါ။ အဖွဲ့လေးဖွဲ့ခွဲးပါ။ တစ်ဖွဲ့စီထံသို့ စာရွက်တစ်ရွက်နှင့် ဘောပင် တစ်ချောင်းစီ ပေးပါ။ အဖွဲ့တစ်ဖွဲ့မှ တစ်ယောက်ကို တိရစ္ဆာန်ပုံ ဆွဲစေကာ အခြားအဖွဲ့မှ ကလေးများအား မည်သည့် အကောင်ဖြစ်ကြောင်း ခန့်မှန်းစေပါ။ | အပြန်အလှန် ချေပစေပါ။ ‘သဘောတူသည်၊’ ‘သဘောမတူပါ၊’ နှင့် ‘မသေချာပါ’ ဟူသော စာသားများပါသည့် သင်ထောက်ကူများကို အခန်းတွင်းရှိ အခြေအနေများကို သိရှိနိုင်ရန် အသုံးပြုပါ။ အောက်ပါ အချက်အလက်များကို ဖတ်ကြားပေးကာ ကလေးများ မိမိတို့၏ စိတ်နေ သဘောထားများကို ဖော်ပြစေပါ။<br>• တနင်္ဂနွေနေ့ကို မျက်မှောက်ကာလ၌ အမြတ်တနိုး ထားခြင်းသည် ကျိုးကြောင်းသက်ဆိုင်ခြင်းမရှိပါ။<br>• တနင်္ဂနွေနေ့သည် ဈေးဝယ်ထွက်ရန်နှင့် အိမ်စာများလုပ်ရန် အကောင်းဆုံးသောနေ့ဖြစ်သည်။<br>• တနင်္ဂနွေနေ့များတွင် အားကစားပြုလုပ်ခြင်းကို တားမြစ်သင့်သည်။<br>• လူ၏ သန္ဓေသားများကို လေ့လာခြင်းသည် လက်ခံနိုင်သော အကြောင်းအရာဖြစ်သည်။<br>• ခရစ်ယာန်များသည် စစ်ပွဲအတွင်း၌ မပါဝင်သင့်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင် တိရစ္ဆာန်များကို မျိုးပွားရန်နှင့် တိုးပွားစေရန် ဖန်ဆင်းခဲ့သည်။<br>၂။ ဘုရားသခင်သည် မိမိသဏ္ဍာန်တော် နှင့်အညီ လူသားအားဖန်ဆင်းခဲ့ရခြင်းမှာ သူနှင့်တူရန်နှင့် ငှက်များ၊ ငါးများနှင့် တိရစ္ဆာန်များအပေါ် အုပ်စိုးရန်အတွက်ဖြစ်သည်။<br>၃။ ဘုရားသခင်သည် လူများကိုဖန်ဆင်းခဲ့သည်။ လူယောကျ်ား၊ လူမိန်းမ ဖန်ဆင်းခဲ့သည်။<br>၄။ ဘုရားသခင်သည် လူကိုကောင်းချီးပေးကာ၊ အထူးတာဝန်များ ပေးအပ်ခဲ့သည် (ကမ္ဘာမြေကြီးကို ပြည့်စေရန်၊ တိုးပွားခြင်း ရှိစေရန်နှင့် ဘုရားသခင်၏ ဖန်ဆင်းခြင်း အရာများအပေါ် အုပ်စိုးရန်ဖြစ်သည်။)<br>၅။ ကျွန်ုပ်တို့ အသက်ရှင်သန်နိုင်ရေးအတွက် လိုအပ်သည့် အစားအစာများကို ထောက်ပံ့ပေးသနားခဲ့သည်။<br>၆။ ဘုရားသခင်သည် မိမိဖန်ဆင်းသမျှကို အားရနှစ်သက်တော်မူခဲ့သည်။ အလွန်ကောင်းသည်ဟုလည်း မိန့်တော်မူခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ရုပ်ပြသင်ထောက်ကူ - ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသည် ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အစအဦး၌ ဘုရားသခင် တည်ရှိတော်မူသည်။ နှုတ်ကပတ်တော် (ယေရှုခရစ်တော်)သည် ဘုရားသခင် ဖြစ်တော်မူ၍ ဘုရားသခင်နှင့် အတူရှိတော်မူသည်။ အရာအားလုံးကို ဖန်ဆင်းတော်မူ၍၊ ဖန်ဆင်းခြင်းနှင့် ကင်းလွတ်သောအရာ တစ်ခုမျှမရှိ။ ဘုရားသခင်သည် ဖန်ဆင်းရှင် ဖြစ်တော်မူပြီး၊ ဘုရားသခင်သည် အစအဦ ဖြစ်တော်မူသည်။<br>၂။ ဘုရားသခင် လူကို ဧဒင်ဥယာဉ်၌ ထားတော်မူသည်။<br>၃။ ဘုရားသခင် အသက်ပင်နှင့် ကောင်းမကောင်း သိကျွမ်းရာ အပင်ဖြစ်သည့် ထူးခြားသော အပင်နှစ်မျိုးကို ဥယာဉ်အထဲ၌ ထားတော်မူခဲ့သည်။<br>၄။ ဘုရားသခင်သည် ခုနစ်ရက်မြောက်သောနေ့၌ ငြိမ်ဝပ်စွာနေခြင်းဖြင့် လူသားတို့ ငြိမ်သက်စွာနေနိုင်ရန် ဥပုပ်နေ့ကို ဖန်ဆင်းတော်မူခဲ့သည်။<br>၅။ ဘုရားသခင်သည် ဇီဝအသက် လူသားအထဲသို့ မှုတ်သွင်းတော်မူခဲ့သည်။ ဤအချက်သည် လူသားနှင့် တိရစ္ဆာန်တို့၏ ကွဲပြားခြားနားမှုကိုဖော်ပြသည်။ လူ့အသက်သည် အဖိုးတန်ဆုံးဖြစ်ကာ၊ တန်ဖိုးလည်းဖြတ်၍မရပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ရုပ်ပြသင်ထောက်ကူ - ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို ဖန်ဆင်းတော်မူသည် ။** |
| ပြန်လှန်လေ့ကျင့်ပါ | အဖွဲ့ငယ်များဖွဲ့ကာ ဆွေးနွေးစေပါ။ ထို့နောက် အဖွဲ့တစ်ခုလုံးအားဖြင့် ပြန်လည်ဖြေကြားစေပါ။ ငှက်များ၊ ငါးများနှင့် တိရစ္ဆာန်များကို အုပ်စိုးရန် လူသားကို ဘုရားသခင် ဖန်ဆင်းခဲ့ခြင်း ဟုတ်ပါ သလား။<br><br>အခြားသူများနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း မိဿဟာရဖွဲ့ရန် ကျွန်ုပ်တို့ကို ဘုရားသခင် ဖန်ဆင်းခဲ့ခြင်းဖြစ်သည်။ ၁) ကျောင်း၊ ၂) အိမ်၊ ၃) အသင်းတော်၌ အခြားလူတစ်ဦးထံ ဘုရားသခင်၏ ချစ်မေတ္တာကို ကျွန်ုပ်တို့ မည်သို့ ပြသနိုင်မည်နည်း။ | အဖွဲ့ငယ်များဖွဲ့ကာ ဆွေးနွေးစေပါ။ ထို့နောက် အဖွဲ့တစ်ခုလုံးအားဖြင့် ပြန်လည်ဖြေကြားစေပါ။<br>ထွက်၊ ၂၀း၈နှင့် မာ၊ ၂း၂၇ တို့ကိုဖတ်စေပါ။ ထိုကျမ်းပိုဒ်များသည် ယနေ့ ကျွန်ုပ်တို့ အသက်တာနှင့် မည်သို့ ဆက်နွယ်မှု ရှိနေသနည်း။<br><br>လူသား၏ အသက်သည် တန်ဖိုးဖြတ်မရကြောင်း ကျွန်ုပ်တို့ လေ့လာခဲ့ပြီးပြီ။ ယင်းဖော်ပြချက်သည် သိပ္ပံနည်းကျ သော်လည်းကောင်း၊ ဆေးပညာအရ သော်လည်းကောင်း၊ ဥပဒေအရ သော်လည်းကောင်း၊ ရှေးဆိုရိုး စကားများအားဖြင့် သော်လည်းကောင်း မည်သို့ အကျိုးသက်ရောက်မှု ဖြစ်စေသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အခြားသူများနှင့်လည်းကောင်း၊ ဘုရားသခင်နှင့်လည်းကောင်း မိဿဟာရဖွဲ့ရန် ကျွန်ုပ်တို့ကို ဘုရားသခင် ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ နောင်တရကာ ဘုရားသခင်ကို ယုံကြည်ခြင်းရှိလျှင် ထိုအရာအားဖြင့် ကျွန်ုပ်တို့ နေ့စဉ် အသက်ရှင်သည့် အရာ၌ မည်သို့သော ကွဲပြားခြားနားမှုမျိုးဖြင့် အသက်ရှင်သင့်သနည်း။<br>၂။ ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် တာဝန်များကို ဘုရားသခင် ဖော်ပြရန် ဆုတောင်းကာ၊ အသင်းတော်တွင်လည်းကောင်း၊ မိသားစုတွင် လည်းကောင်း၊ ကျောင်းတွင်လည်းကောင်း ဘုရားသခင်၏ ဂုဏ်အင်္ဂါတော် (ဥပမာ၊ ဘုရားသခင်၏ချစ်ခြင်း၊ သနားကြင်နာခြင်း၊ တရားမျှတတော်မူခြင်း) တို့ကို ယခု အပတ်တွင် ပြသပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယနေ့တွင် ဥပုပ်နေ့ကို ကျွန်ုပ်တို့သည် အဘယ်သို့ ရှောင်ကြ သနည်း။ သို့မဟုတ် အဘယ်သို့ ဥပုဒ်ပျက်ခြင်း ရှိနေကြသနည်း။ ဥပုပ်နေ့သည် အရေးကြီးပါသလား။ အဘယ့်ကြောင့်နည်း။<br>၂။ လူသား၏ အသက်ကို ဘုရားသခင်ပေးခဲ့ကြောင်းနှင့် တန်ဖိုးဖြတ်မရကြောင်း ကျွန်ုပ်တို့ ယုံကြည်သကဲ့သို့ ထိုအရာကို ကျွန်ုပ်တို့အသက်တာဖြင့် မည်သို့ ထင်ဟပ် သေချာစေ မည်နည်း။ |

| | က ၁ - အဆင့် ၃<br>သင်ခန်းစာ ၃ - အစအဦး၌<br>ခေါင်းစဉ် - အမှားများဖြစ်လာခြင်း | က ၁ - အဆင့် ၄<br>လေ့လာရန် ၃ - ဖန်ဆင်းခြင်း<br>ခေါင်းစဉ် - အပြစ်တရားဝင်ရောက်လာခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** ***ကမ္ဘာဦး၊ ၂း၁၅-၁၇၊ ကမ္ဘာဦး၊ ၃း၁-၁၃။***<br>**အဓိကသော့ချက်ကျမ်း -** ***ကမ္ဘာဦး၊ ၃း၃***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ အာဒံနှင့်ဧဝ ဘုရားသခင်ကို မနာခံခဲ့ပါ။<br>၂။ အာဒံနှင့်ဧဝ ရှက်ကြောက်ခြင်းကို ခံစားခဲ့ရကာ အပြစ်တရား၏ နောက်ဆက်တွဲ အဖိုးအခကို ခံစားခဲ့ ကြရသည်။ | **အခြေပြုသမ္မာကျမ်း -** ***ကမ္ဘာဦး၊ ၂း၁၄-၁၉၊ ကမ္ဘာဦး၊ ၃း၁-၇။***<br>**အဓိကသော့ချက်ကျမ်း -** ***ရောမ၊ ၃း ၂၃၊ ရောမ၊ ၆း ၂၃။***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ကောင်းမကောင်း သိကျွမ်းရာ အပင်၏အသီးကိုမစားရန် လူကို ဘုရားသခင် ပညတ်ထားခဲ့သည်။<br>၂။ မြွေသည် အာဒံနှင့်ဧဝကို လှည့်ဖြားကာ၊ ဧဝသည် ဘုရားသခင်၏ အမိန့်ကို မနာခံခဲ့ပါ။<br>၃။ အာဒံနှင့်ဧဝ ရှက်ကြောက်ခဲ့ကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျောင်းတွင် စည်းမျဉ်းစည်းကမ်းများ ရှိပါသလားဟုမေးပါ။ ထိုအရာများကို ဖောက်ဖျက်ပါက မည်သို့ဖြစ်မည်နည်း။ | အောက်ပါ အကြောင်းများကို တိုင်ပင်ဆွေးနွေးရန် ကလေးများကို ပြောပြပါ။ ကျောင်း၊ အလုပ်နှင့် အိမ်တွင်ရှိသော တာဝန်များကို မေးမြန်းပါ။ လိုက်နာရမည့် စည်းကမ်းများနှင့် ကျင့်စဉ်များကို မေးမြန်းပါ။ ထိုအရာများကို ဂရုမပြု ဖောက်ဖျက်ပါက မည်သို့ဖြစ်မည့်အကြောင်း မေးမြန်းပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရာသခင်သည် လူကို ဧဒင်ဥယာဉ်တွင် ထားပြီး၊ ကြည့်ရှုပြုစုရန် တာဝန်ပေးခဲ့သည်။ လိုအပ်သည့်အရာများအားလုံးကို ဘုရားသခင်သည် လူသားအတွက် ထောက်ပံ့ပေးခဲ့သော်လည်း၊ လူသားလိုက်နာရန် ပညတ်တစ်ခု ထားရှိခဲ့သည်။ ကောင်းမကောင်း သိကျွမ်းရာအပင်၏ အသီးကို မစားရန် ဘုရားသခင် မိန့်တော်မူခဲ့သည်။<br>၂။ လူသည် ငှက်များနှင့် တိရစ္ဆာန်များကို အမည်ပေးရန် တာဝန်ပေးခြင်း ခံခဲ့ရသည်။<br>၃။ လူယောကျ်ားကို ကူညီထောက်ပံ့ရန် လူမိန်းမကိုလည်း ဘုရားသခင် ဖန်ဆင်းခဲ့သည်။ လက်ထပ်ထိမ်းမြားခြင်းအားဖြင့် အိမ်ထောင်သစ်တစ်ခု တည်ဆောက်ကာ၊ ညီညွတ်စွာ လုပ်ဆောင်ကြရန်ဖြစ်သည်။<br>၄။ ဘုရားသခင်၏ ရန်သူသည် စဉ်းလဲသောမြွေကို အသုံးပြုကာ ဘုရားသခင်၏ ပညတ်ချက်ကို လူသားတို့ သံသယဝင်စေရန် လုပ်ဆောင်ခဲ့သည်။ ဘုရားသခင်၏ ပညတ်ချက်ကို နာမခံလျှင်လည်း သေမည်မဟုတ်ကြောင်း အာဒံနှင့်ဧဝကို လှည့်ဖြားခဲ့သည်။ စာတန်သည် လူမိန်းမကို လှည့်ဖြားကာ၊ ဘုရားသခင် တားမြစ်ထားသည့် အသီးကို လူမိန်းမစားခဲ့သည်။ မိမိခင်ပွန်းကိုလည်းပေးကာ၊ သူလည်းစားခဲ့သည်။<br>၅။ ထိုအရာကို လုပ်ဆောင်ခဲ့ကြသည့်အခါ၊ လူသားနှစ်ဦး မပျော်ရွှင်မှုကို ခံစားခဲ့ကြရသည်။ သင်္ဘောသဖန်းရွက်များကို ချုပ်စပ်ဝတ်ဆင်ကာ၊ သစ်ပင်များနောက်တွင် ပုန်းကွယ်ခဲ့ကြသည်။ ထိုသူတို့လုပ်ဆောင်ခဲ့သည့် အရာများကို ဘုရားသခင်က မေးမြန်းခဲ့သည်။ အာဒံကဧဝကို ပြစ်တင်ကာ၊ ဧဝသည်လည်း မြွေကို အပြစ်တင်ခဲ့သည်။<br>၆။ မြွေကို ဘုရားသခင် ကျိန်ခဲ့သည်။ အာဒံနှင့်ဧဝသည်လည်း အပြစ်၏ အဖိုးအခကို ခံစားခဲ့ကြရသည်။ နာကျင်မှုများကို ခံစားရကာ၊ အလုပ်အကိုင်များ လုပ်သည့်အခါတွင်လည်း ပင်ပန်းစွာရုန်းကန်ကြရသည်။ ဘဝတစ်ခုလုံး ခက်ခဲပင်ပန်းကာ၊ တစ်နေ့တွင်လည်း သေခြင်းကို ကြုံကြရမည်ဖြစ်သည်။<br>၇။ အာဒံနှင့်ဧဝအတွက် ဘုရားသခင်သည် သိုးသူငယ်သားရေဖြင့် အဝတ်ကို ပြုလုပ်ပေးကာ၊ အသက်ပင်နှင့် ဝေရာဖြစ်သည့် ဧဒင်ဥယာဉ်အထဲမှ ထိုသူတို့ကို မောင်းထုတ်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဒံနှင့်ဧဝ ဘုရားသခင်ကို မနာခဲ့ခြင်းဖြင့် ခံစားခဲ့ရသည့် အပြစ်၏နောက်ဆက်တွဲ အဖိုးအခအကြောင်းကို ပုံနှင့်တကွ ပြသပေးပါ ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် ဧဒင်ဥယာဉ်ကို စောင့်ရှောက်ရန်နှင့် ငှက်များ တိရစ္ဆာများကို အမည်ပေးရန် အာဒံကိုတာဝန်ပေးခဲ့သည်။<br>၂။ ကောင်းမကောင်းသိကျွမ်းရာအပင်၏ အသီးမှတပါး အခြားသော အပင်များ၏ အသီးကိုစားရန် ဘုရားသခင် ခွင့်ပြုခဲ့သည်။ ထိုအပင်၏အသီးကိုစားခြင်း၏ အကျိုးဆက်မှာ ဧကန်အမှန်သေခြင်း ဖြစ်သည်ဟု ဘုရားသခင် မိန့်တော် မူခဲ့သည်။<br>၃။ လူမိန်းမဟု ခေါ်သည့် ကူညီမည့်သူကိုလည်း ဘုရားသခင် ဖန်ဆင်းခဲ့သည်။ အတူတကွ အလုပ်လုပ်ဆောင်ကြရန် ဖြစ်သည်။ ထိမ်းမြားလက်ထပ်ခြင်းအားဖြင့် အိမ်ထောင်သစ် တစ်ခုကို တည်ထောင်ကာ အတူတကွ အလုပ်လုပ်ဆောင်ကြရန် ဖြစ်သည်။<br>၄။ မြွေ၏လှည့်ဖြားမှုကို နာခံခဲ့သော ဧဝသည် ဘုရားသခင် တားမြစ်ထားသော အသီးကိုး စားခဲ့ပြီး၊ သူ၏ ခင်ပွန်းကိုလည်း ပေးကာ၊ ထိုသူလည်းစားခဲ့သည်။ လူယောကျ်ားသည်လည်း အသီးကိုစားခြင်းဖြင့် ဘုရားသခင်ကို မနာခံခဲ့ပေ။ လူယောကျ်ားနှင့် လူမိန်းမသည် အသီးကို စားခြင်းဖြင့် ပြီးပြည့်စုံသော အခြေအနေမှ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြရသည်။<br>၅။ အာဒံနှင့်ဧဝတို့သည် ဘုရားသခင်ကို မနာခံကြောင်း မိမိကိုယ်ကိုသိကာ ရှက်ကြောက်ခဲ့ကြသည်။ ဘုရားသခင်၏ အမိန့်တော်ကို မနာခံရန် ဆုံးဖြတ်ခဲ့ကြသည့်အတွက် အကျိုးဆက်ကို ထိုသူတို့ ခံစားကြရတော့မည်ဖြစ်သည်။<br>၆။ ဘုရားသခင်၏ အပြစ်ဒဏ်ပေးခြင်းကို ထိုသူတို့ ရင်ဆိုင်ခဲ့ကြရသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဒံနှင့်ဧဝ ဘုရားသခင်ကို မနာခဲ့ခြင်းဖြင့် ခံစားခဲ့ရသည့် အပြစ်၏နောက်ဆက်တွဲ အဖိုးအခအကြောင်းကို ပုံနှင့်တကွ ပြသပေးပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | သင်ခန်းစာကို ရော၊ ၅း၁၂ နှင့် ဆက်စပ် သင်ကြားပေးပါ။ အာဒံနှင့်ဧဝ မနာခံခြင်းကြောင့် ကျွန်ုပ်တို့အားလုံး အပြစ်သား ဖြစ်ရကြသည်။ ကျွန်ုပ်တို့အသက်တာတွင်လည်း ဘုရားသခင်၏ အမိန့်တော်များကို မနာခံပါက ဥပမာ မည်သို့ ဖြစ်နိုင်မည့်အကြောင်း ကလေးများကို မေးပါ။ ကျွန်ုပ်တို့ အပေါ်နှင့် အခြားလူများ အပေါ် မည်သို့ အကျိုးသက်ရောက် လိမ့်မည်နည်း။ | အာဒံနှင့်ဧဝတို့၏ မနာခံခြင်း၏ အကျိုးဆက်များကို ဖော်ပြပါ။ ရော၊ ၅း၁၂-၁၄နှင့် ၁၈-၁၉ကို ဖတ်ပါ။ အာဒံ၏ မနာခံခြင်းသည် ယနေ့ထိတိုင် မည်သို့ အကျိုးသက်ရောက်မှု ရှိသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့ကို အသစ်ဖြစ်စေကာ ခွင့်လွှတ်ခြင်းပေးရန် ဘုရားသခင်ကို ဝန်ချတောင်းပန်ရမည်။ ထိုနောက် ဘုရားသခင် နှစ်သက်သော အသက်တာဖြင့် အသက်ရှင်ကာ၊ ဘုရားသခင်၏ အမိန့်တော်များကို လိုက်လျှောက်နိုင်မည်ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ခရစ်ယာန်တစ်ယောက် အနေဖြင့် ဘုရားသခင်ကို နာခံခြင်းသည် အဘယ်ကြောင့် အရေးကြီးသောအရာ ဖြစ်သနည်း။<br>၂။ ယနေ့ ကျွန်ုပ်တို့၏ လက်တွေ့ အသက်တာတွင် ဘုရားသခင်ကို မည်သို့နာခံနိုင်မည်နည်း။ |

| | က ၁ - အဆင့် ၃<br>သင်ခန်းစာ ၄ - အစအဦး၌<br>ခေါင်းစဉ် - ဘုရားသခင်၏ လမ်းစဉ်အတိုင်း လုပ်ဆောင်ခြင်း | က ၁ - အဆင့် ၄<br>လေ့လာရန် ၄ - ဖန်ဆင်းခြင်း<br>ခေါင်းစဉ် - အပြစ်၏ ရလဒ် |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *က၊ ၄း၁-၁၆*<br>**အဓိကသော့ချက်ကျမ်း** - *ယော၊ ၁၄း၆*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ဘုရားသခင်၏ လမ်းစဉ်ကို အာဗေလ လိုက်နာခဲ့သော်လည်း၊ ကာဣနသည် မိမိ၏သဘောအတိုင်းသာ ပြုလုပ်ခဲ့သည်။ အာဗေလ၏ ပူဇော်ခြင်းကို ဘုရားသခင် လက်ခံခဲ့သော်လည်း၊ ကာဣနကို ငြင်းပယ်ခဲ့သည်။<br>၂. အာဗေလကို ကာဣန သတ်ခဲ့သည်။ ဘုရားသခင်သည် သူ့ကို နှင်ထုတ်တော်မူ၍ အရပ်ရပ်သို့ လှည့်လည်စေခဲ့သည်။ ဘုရားသခင်၏ မျက်မှောက်တော်ကို ကာဣန ကျောခိုင်းခဲ့သည်။<br>၃. ဘုရားသခင်ထံသို့ သွားသည့် လမ်းတစ်ခုတည်းသာရှိပြီး၊ ထိုနည်းလမ်းသည်လည်း ဘုရားသခင်၏ နည်းလမ်းဖြစ်သည်။ | **အခြေပြုသမ္မာကျမ်း** - *က၊ ၃း ၇-၂၄*<br>**အဓိကသော့ချက်ကျမ်း** - *၁ကော၊ ၁၅း၂၂၊ ရောမ၊ ၆း၂၃*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. အာဒံနှင့်ဧဝ ဘုရားသခင့်ထံမှ ရှောင်ပုန်းရန် ကြိုးစားခဲ့သည်။<br>၂. လှည့်ဖြားသော မြွေကို ဘုရားသခင် ကျိန်တော်မူခဲ့သည်။<br>၃. အပြစ်၏ ရလဒ်အနေဖြင့် ခက်ခဲခြင်းများ၊ ပင်ပန်းခြင်းများနှင့် ကြုံမည်ဟု ထိုသူတို့ကို ဘုရားသခင် ကျိန်ခဲ့သည်။<br>၄. ထိုသူတို့၏ အဝတ်ချည်းစည်းရှိမှုကို ကာကွယ်ပေးရန် အဝတ်ကို ဘုရားသခင် ပြုလုပ်ပေးခဲ့သည်။<br>၅. ဧဒင်ဥယာဉ်အပြင်ဘက်သို့ အာဒံနှင့်ဧဝကို ဘုရားသခင် နှင်ထုတ်တော်မူခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | မြေပုံနှင့် လမ်းညွှန်ချက်များကို မကြည့်ဘဲ သင်ခရီးထွက်မည်ဆိုပါက မည်သို့ဖြစ်မည်နည်း။ လမ်းညွှန်များကို မကြည့်ရှုခြင်းအားဖြင့် သင်လမ်းပျောက်ဖူးပါသလား။ ကာဣနသည် ဘုရားသခင်၏ သွန်သင်မှုများကို ဂရုမပြုခဲ့ဘဲ၊ လမ်းပျောက်၍လှည့်လည်သွားလာခြင်းဖြင့် အဆုံးသတ်ခဲ့ရသည်။ | ကလေးတစ်ယောက်အနေဖြင့် အိမ်တွင်လည်းကောင်း၊ ကျောင်းတွင်လည်းကောင်း မနာခံခြင်းကို မည်သည့်အချိန်များတွင် ပြုလုပ်ကြောင်းမေးကြည့်ပါ။ ထိုသို့ပြုလုပ်ခြင်းကြောင့် မည်သို့ခံစားရကြောင်း ဆက်လက်မေးမြန်းပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. အာဒံနှင့်ဧဝ၌ သားနှစ်ယောက်ရှိသည်။ တစ်ဦးမှာ ကာဣနဖြစ်ပြီး စိုက်ပျိုးရေးသမားဖြစ်ကာ၊ တစ်ဦးမှာ မွေးမြူရေးလုပ်ဆောင်သူ အာဗေလဖြစ်သည်။<br>၂. မွေးမြူထားသည့် အကောင်များ အထဲမှ အာဗေလယူဆောင်ခဲ့သည့် တိရစ္ဆာန်ယဇ်ကောင်ဖြစ်သည့် အကောင်းဆုံးသော သိုးသားဦးကို ဘုရားသခင် လက်ခံခဲ့သည်။ ကာဣန၏ အသီးအနှံပူဇော်သက္ကာ အချို့ကို ဘုရားသခင် ငြင်းပယ်ခဲ့သည်။ ထို့ကြောင့် ကာဣနလည်း ဒေါသအမျက် ထွက်ခဲ့ပြီး၊ ဘုရားသခင်ကို ငြင်းဆန်ခဲ့သည်။<br>၃. အပြစ်နှင့်စပ်လျဉ်း၍ ကာဣနကို ဘုရားသခင် သတိပေးခဲ့ပြီး၊ ဘုရားသခင်၏ နည်းလမ်းကို လိုက်လျှောက်ခြင်းသည် အရေးကြီး ကြောင်း ပြောခဲ့သည်။ ဘုရားသခင်ကို တောင်းပန်ခြင်းမပြုသကဲ့သို့၊ ဘုရားသခင့်စကား နာခံရန်လည်း ကာဣန ငြင်းပယ်ခဲ့သည်။<br>၄. သူ၏ညီဖြစ်သည့် အာဗေလကို ကာဣနသတ်ဖြတ်ခဲ့သည်။ထို့ကြောင့် ဘုရားသခင်သည် ကာဣနကို မြေပေါ်မှနှင်ထုတ်သကဲ့သို့၊ အရပ်ရပ်သို့ လှည့်လည်စေကာ၊ မျက်မှောက်တော်မှ နှင်ထုတ်ခဲ့သည်။<br>၅. သိုးသူငယ်ကိုသာ ယဇ်ပူဇော်ရမည်ဖြစ်ကြောင်း ကာဣန နားလည်ခဲ့ပါသည်။ ဘုရားသခင့်ထံသို့ ဘုရားသခင့်နည်းလမ်းဖြင့် ကာဣန တိုးဝင်ခြင်း မပြုခဲ့သည့်အတွက် အပြစ်ပေးခြင်း ခံခဲ့ရသည်။<br>၆. အာဗေလ၏ပူဇော်ခြင်းသည် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှုလုပ်ဆောင်မည့်အရာကို ကိုယ်စားပြုခြင်းဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ကာဣနနှင့်အာဗေလ (၁)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. အာဒံနှင့်ဧဝ မနာခံခြင်း၏ အကျိုးဆက်မှာ ကောင်းခြင်း၊ မကောင်းခြင်းတို့ကို သိရှိလာခြင်းနှင့် အဝတ်ချည်းစည်းရှိကြောင်း သိရှိလာကြခြင်းဖြစ်သည်။ ထိုသူတို့ ကြောက်ရွံ့ခဲ့ကြပြီး၊ ဘုရားသခင့်ထံမှ ပုန်းရှောင်လိုခဲ့ကြသည်။<br>၂. အာဒံနှင့်ဧဝကို မေးခွန်းများ ဘုရားသခင်မေးမြန်းခဲ့သည်။ မိမိတို့ မှားယွင်းခဲ့သည့် အပြစ်များကိုဝန်ခံရန် ဘုရားသခင် အလိုတော် ရှိခဲ့သည်။ သို့သော်လည်း ဝန်ခံခြင်းအစား တစ်ဦးအပေါ်တစ်ဦး အပြစ်တင်ခဲ့ကြသည်။ အာဒံသည်ဧဝကိုအပြစ်တင်၍၊ ဧဝသည် မြွေကိုအပြစ်တင်ခဲ့သည်။<br>၃. မနာခံခြင်း၏ အကျိုးဆက်အဖြစ်၊ အာဒံနှင့်ဧဝတို့သည် နာကျင်ဝေဒနာများ၊ ဘဝ၏ ခက်ခဲခြင်းများတို့ကို ခံစားခဲ့ရပြီး၊ ဘုရားသခင်၏မျက်မှောက်တော်မှ ဧဒင်ဥယျာဉ်အပြင်ဘက်သို့ နှင်ထုတ်ခြင်းခံခဲ့ကြရသည်။<br>၄. အာဒံ၏အပြစ်ကြောင့် ကျွန်ုပ်တို့သည်လည်း အပြစ်တရား၏ အကျိုးဆက်ကို ခံစားကြရသည်။ ကျွန်ုပ်တို့သည် အာဒံမှဆင်းသက်၍ သေခြင်းကို ကြုံတွေ့ရကြသည်။<br>၅. ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ထောက်ပံ့တော်မူသော ဘုရားသခင်ဖြစ်သည်။ အာဒံနှင့်ဧဝတို့၏ အဝတ်ချည်းစည်း ရှိခြင်းကို ကွယ်ကာရန် တိရစ္ဆာန်သားရေဖြင့် အဝတ်ပြုလုပ် ပေးခဲ့သည်။ ရော၊ ၆း၂၃ သည် ယေရှုခရစ်အားဖြင့် ထာဝရ အသက်ကို ကျွန်ုပ်တို့အား အခမဲ့ပေးသနားတော်မူ၍၊ ယေရှုခရစ် တော်ကို ကယ်တင်ပိုင်ရှင်အဖြစ် ယုံကြည်လက်ခံခြင်းအားဖြင့် ထာဝရအသက်ကို ရရှိနိုင်ကြောင်း သွန်သင်ထားသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဒံနှင့်ဧဝ ဘုရားသခင်ကိုမနာခံခြင်း (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကကျမ်းပိုဒ်တွင် ယေရှုက မိမိသာ ဘုရားသခင့်ထံသို့ ရောက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်ကြောင်း ပြောထားသည်။<br>အဓိကကျမ်းပိုဒ်ကို ရှင်းလင်းစွာရေးမှတ်နိုင်ရန် ပိုစ့်ကဒ်သို့မဟုတ်၊ ခေါက်စာရွက်ကို ပြုလုပ်ဖန်တီးပါ။ | ယခုသင်ခန်းစာမှ ဘုရားသခင်၏ အလေ့အထတော်နှင့်စပ်လျဉ်း၍ မည်သည့်အရာကို သင်ယူခဲ့ရသနည်း။<br>ရော၊ ၅း၁၂ နှင့် သင်ခန်းစာကို ဆက်စပ်ပေးပါ။ အာဒံနှင့်ဧဝ မနာခံခြင်းမှ အစပြုကာ၊ ကျွန်ုပ်တို့သည်လည်း အပြစ်သားအဖြစ်ဖြင့် မွေးဖွား လာကြသည်။ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏ အမိန့်တော်များကို မနာခံသည့်အကြောင်းများကို ကလေးများကိုမေးပါ။ ထိုသို့မနာခံခြင်းသည် ၁) ကျွန်ုပ်တို့အသက်တာအတွက်၊ ၂) အခြားသူများအတွက် မည်သို့အကျိုး သက်ရောက်စေသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. အဓိကကျမ်းပိုဒ်ကို အလွတ်ကျက်မှတ်ပါ။<br>၂. သင်သည် ဘုရားသခင်ထံသို့ရောက်ရန် တစ်ထခုတည်းသော်လမ်းဖြစ်သည့် ယေရှုခရစ်တော်နောက်သို့ လိုက်လျှောက်နေပါသလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ဘုရားသခင်ကို နာခံနိုင်ရန် အထံတော်တွင် ခွန်အားတောင်းခံပါ။ ဘုရားသခင်၏ ဘုန်းတော်ကို ရှုံ့ချစေကာ၊ ကျွန်ုပ်တို့ ကျရှုံးခဲ့သော်လည်း သခင်၏ ကျေးဇူးတော်အားဖြင့် ထောက်ပံ့တော်မူခြင်းတို့အတွက် ကျေးဇူးတော်ကို ချီးမွမ်းပါ။<br>၂. ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန်နှင့် အသစ်တဖန် ပြန်လည်ပြုလုပ် ပေးစေရန် ဘုရားသခင်ကို တောင်းပန်ပါ။ ထိုနောက် ဘုရားသခင်၏ အမိန့်တော်များကို ကျွန်ုပ်တို့ လိုက်လျှောက် နာခံခြင်းနှင့်အတူ၊ ဘုရားသခင် ကျေနပ်စေသော အသက်တာဖြင့် အသက်ရှင်နိုင်မည်ဖြစ်သည်။ |

| | **က ၂ - အဆင့် ၃**<br>**သင်ခန်းစာ ၁ - နောဧနှင့် ရေလွှမ်းမိုးခြင်း**<br>**ခေါင်းစဉ် - သင်္ဘောကြီးတည်ဆောက်ခြင်း** | **က ၂ - အဆင့် ၄**<br>**လေ့လာရန် ၁ - ကာဣနနှင့် အာဗေလ**<br>**ခေါင်းစဉ် - ဘုရားသခင်ကို ကိုးကွယ်ခြင်း** |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *က၊ ၆း၅-၂၂*<br>**အဓိကသော့ချက်ကျမ်း** - *က၊ ၆း၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ဘုရားသခင်သည် သန့်ရှင်းသောဘုရား ဖြစ်သည်။ လူသားတို့၏ အပြစ်များပြားခြင်းသည် ဘုရားသခင်၏ နှလုံးသားကို ကြေမွစေသည်။<br>၂. နောဧကို ကယ်တင်ရန် ဘုရားသခင် ဆုံးဖြတ်ခဲ့သည်။ ငှက်များနှင့် တိရစ္ဆာန် အထီးအမ တစ်စုံစီ၊ နောဧ နှင့် မိသားစုကို ကယ်တင်ရန် ဘုရားသခင်သည် နောဧကို သင်္ဘောကြီးတစ်စီး တည်ဆောက်စေသည်။<br>၃. ဘုရားသခင် မိန့်တော်မူသမျှသော အရာများကို နောဧ တိကျစွာ လုပ်ဆောင်ခဲ့သည်။ နောဧသည် ဘုရားသခင်ကို ယုံကြည်ကာ၊ နာခံလိုက်လျှောက် ခဲ့သည်။ | **အခြေပြုသမ္မာကျမ်း** - *က၊ ၄း၁-၁၆*<br>**အဓိကသော့ချက်ကျမ်း** - *ဟေဗြဲ၊ ၁၁း၄*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ဘုရားသခင် အလိုတော်ရှိသည့်အတိုင်း အာဗေလသည် ဘုရားသခင်ထံသို့ သွားရောက်ခဲ့သည်။ သူ၏ ပူဇော်ခြင်းကိုလည်း ဘုရားသခင် လက်ခံတော်မူခဲ့သည်။<br>၂. ကာဣနသည် သူ၏နည်းလမ်းအတိုင်း ဘုရားသခင်ထံသို့ လာခဲ့သည်။ သူ၏ ပူဇော်ခြင်းကိုလည်း ဘုရားသခင် ငြင်းပယ်ခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | နမူနာပုံစံငယ် တည်ဆောက်ခြင်း သို့မဟုတ်၊ ကိတ်မုန့်ဖုတ်ခြင်း အတွက် ပြုလုပ်ရမည့် လမ်းညွှန်ကို ကလေးများကို ပေးပါ။ နမူနာတည်ဆောက်ခြင်းနှင့် ကိတ်မုန့်ဖုတ်ခြင်းအတွက် ပေးထားသောလမ်းညွှန်အတိုင်း လိုက်နာခြင်းသည် အရေးကြီးကြောင်း ကလေးများကို ပြောပြပါ။ ဘုရားသခင်သည် နောဧကို အထူးအရေးပါသည့် လမ်းညွှန်ချက်အတိုင်း လိုက်လျှောက်လုပ်ဆောင်ရန် ပေးခဲ့ကြောင်း ကလေးများကို ရှင်းပြပါ။ | ကျွန်ုပ်တို့ လိုက်နာရမည့် မတူညီသည့် ညွှန်ကြားချက်များကို စာရင်းပြုစုပါ။ ထိုအရာများကို ဖောက်ဖျက်ပါက မည်သို့ ကြုံတွေ့ရမည်နည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။ကမ္ဘာပေါ်ရှိ လူများစွာတို့သည် အလွန်ဆိုးယုတ်လာပြီး၊ ယုတ်မာလာ ကြသည်။ ထိုသူတို့၏ မနာခံခြင်းနှင့် အပြစ်နှင့်ပြည့်ခြင်းများသည် ဘုရားသခင်ကို ဝမ်းနည်းစေခဲ့သည်။<br>၂. ဘုရားသခင်သည် ဖန်ဆင်းခဲ့သော လူများ နှင့် တိရစ္ဆာန်များကို ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ခဲ့သည်။<br>၃. နောဧသည် ခြားနားသော သူတစ်ဦးဖြစ်သည်။ ဘုရားသခင်ကို ကျေနပ်စေသူဖြစ်သည်။ အခြားသူများနှင့် ကွဲပြားနေရခြင်းမှာ မှန်ကန်သောအရာများကို လုပ်ဆောင်ခြင်းကြောင့်ဖြစ်ပြီး၊ ဘုရားသခင်ကိုချစ်၍၊ နာခံခဲ့သောကြောင့်ဖြစ်သည်။<br>၄. လူတို့သည် လောကကို ဆူပူပျက်စီးစေသောကြောင့် ဘုရားသခင်သည် အားလုံးကို ဖျက်ဆီးမည်ဖြစ်ကြောင်း နောဧကို သတိပေးခဲ့သည်။<br>၅. ပြင်ဆင်ခြင်းအတွက် လိုအပ်သည့် အထူးလမ်းညွှန်ချက်ကို ဘုရားသခင်သည် နောဧထံ ပေးတော်မူခဲ့သည်။ တိရစ္ဆာန်အထီးအမ တစ်စုံစီ၊ နောဧနှင့်မိသားစုကို ကယ်တင်ရန် သင်္ဘောကြီးတစ်စီးတည်ဆောက်ရန် ဘုရားသခင်သည် တိကျသောလမ်းညွှန်ကို နောဧထံပေးခဲ့သည်။<br>၆. ဘုရားသခင်ကို ယုံကြည်ခြင်းနှင့်အတူ နောဧသည် ဘုရားသခင်ပေးသော လမ်းညွှန်အတိုင်း တိကျစွာလုပ်ဆောင်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧနှင့်ရေလွှမ်းမိုးခြင်း (၁)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. အာဒံ နှင့် ဧဝတို့တွင် သားနှစ်ယောက် ရှိခဲ့သည်။ အာဗေလသည် သိုးကျောင်းသားဖြစ်ပြီး၊ ကာဣနသည် လယ်လုပ်သူ ဖြစ်သည်။<br>၂. သိုးအုပ်ထဲမှ သိုးသားဦးကို ယူဆောင်လာသည့် အာဗေလ၏ ပူဇော်သက္ကာကို ဘုရားခင် လက်ခံတော်မူခဲ့သည်။ ကာဣန ယူဆောင်ခဲ့သော အသီးအနှံအချို့ဖြင့် ပူဇော်သော ပူဇော်သက္ကာကို ဘုရားသခင် ငြင်းပယ် ခဲ့သည်။ ကာဣနလည်း အမျက်ထွက်ကာ၊ စိတ်ညိုးနွမ်းခဲ့သည်။<br>၃. အပြစ်တရား အကြောင်းနှင့် ဘုရားသခင်၏ နည်းလမ်းကို လိုက်နာခြင်းသည် အရေးကြီးကြောင်း ဘုရားသခင်သည် ကာဣနကို သတိပေးခဲ့သည်။ ကာဣနသည် ဘုရားသခင်ကို တောင်းပန်ခြင်း မပြုသည့်အပြင် ဘုရားသခင်ကို နာခံခြင်း မပြုခဲ့ပေ။<br>၄. ကာဣနသည် သူ၏ညီ အာဗေလကို သတ်ဖြတ်ခဲ့သည်။ ဘုရားသခင်သည် သူ့ကို မြေပေါ်တွင် လှည့်လည်စေကာ မျက်မှောက်တော်ထဲမှ နှင်ထုတ်ခဲ့သည်။<br>၅. ဘုရားသခင်ထံ သိုးသူငယ်ကို ပူဇော်ရမည်ကို အာဗေလသိရှိခဲ့သည်။ ကာဣနသည် ဘုရားသခင်၏ နည်းလမ်းအားဖြင့် ဘုရားသခင့်ထံသို့ မသွားခဲ့ပေ။ ထို့ကြောင့် ဘုရားသခင်၏ အပြစ်ပေးခြင်းကိုလည်း ခံခဲ့ရသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ကာဣနနှင့် အာဗေလ (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | နောဧ နှင့် မိသားစု ပုံပြင်မှ ဘုရားသခင်ပေးခဲ့သည့် လမ်းညွှန်အကြောင်းကို ပဟေဠိများ မေးခြင်းဖြင့် ပြန်လှန်လေ့ကျင့်ပါ။ | အဓိကကျမ်းပိုဒ်ကို ဖတ်စေပါ။ ဟေဗြဲ၊ ၁၁း၄။ ကာဣနနှင့် အာဗေလ အကြောင်းကို ဤကျမ်းပိုဒ်သည် အချုပ်အားဖြင့် မည်သို့ဖော်ပြသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. နောဧသည် ဘုရားသခင်ကိုယုံကြည်ခဲ့ပြီး၊ လုပ်ဆောင်ရန် ပေးသမျှကို တိကျစွာ လုပ်ဆောင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို မည်သို့ ယုံကြည်နိုင် သနည်း။ ဘုရားသခင်ကို သင့်ယုံကြည်ကိုးစား ပါသလား။ နောဧ နှင့် သူ၏မိသားစုသည် ဘုရားသခင်ကို ယုံကြည်ကိုးစားခဲ့သဖြင့် ဘုရားသခင်၏ ကယ်တင်ခြင်း ခံစားခဲ့ရသည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကာဣန နှင့် အာဗေလတို့၏ အသက်တာနှင့် အမူအကျင့်များမှ မည်သည့် သင်ခန်းစာများ ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။<br>၂. ယင်းသင်ခန်းစာများကို လက်တွေ့ အသက်တာအတွက် ကျွန်ုပ်တို့ မည်သို့ ကျင့်သုံးနိုင် မည်နည်း။ |

| | က ၂ - အဆင့် ၃<br>သင်ခန်းစာ ၂ - နောဧ နှင့် ရေလွှမ်းမိုးခြင်း<br>ခေါင်းစဉ် - သင်္ဘောထဲသို့ဝင်ခြင်း | က ၂ - အဆင့် ၄<br>လေ့လာရန် ၂ - ဧနောက် နှင့် နောဧ<br>ခေါင်းစဉ် - ဘုရားခသင်နှင့် သွားလာခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *က၊ ၇း၁-၂၀*<br>**အဓိကသော့ချက်ကျမ်း** - *က၊ ၇း၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ နောဧနှင့် မိသားစုကို ကယ်တင်ရန် ဘုရားသခင်သည် နည်းလမ်းတစ်ခု ပြင်ဆင်ပေးခဲ့သည်။<br>၂။ နောဧသည် ဘုရားသခင်ကို ယုံကြည်ကာ၊ စေခိုင်းသမျှကို လုပ်ဆောင်ခဲ့သည် | **အခြေပြုသမ္မာကျမ်း** - *က၊ ၅း၂၁-၃၃၊ ၆း၁-၁၅*<br>**အဓိကသော့ချက်ကျမ်း** - *ဟေဗြဲ၊ ၁၁း၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဧနောက် နှင့် မြစ်ဖြစ်သူ နောဧတို့သည့် ဘုရားသခင်နှင့် နီးကပ်စွာ သွားလာကြသူများ ဖြစ်သည်။<br>၂။ ဘုရားသခင်နှင့် နီးကပ်စွာသွားလာကြ သည့်အတွက် ထိုသူနှစ်ဦးတို့သည် အခြားသူများနှင့် မတူဘဲ ကွဲပြားနေသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သင့်မိသားစုနှင့်အတူ ခရီးထွက်ဖူးပါသလား။ ထိုခရီးအတွက် သင် မည်သို့ ပြင်ဆင်သနည်း။ | ဘုရားသခင်နှင့် ကောင်းမွန်သော မိဿဟာယ ရှိခြင်းသည် အခြားသူများနှင့် ကျွန်ုပ်တို့ကို ကွဲပြားစေသည်။ ခရစ်ယာန်များ အနေဖြင့် အခြားသူများနှင့်မတူ မည်သို့ ကွဲးပြားရမည်နည်း။ ကွဲးပြားခြာနားရမည့် အရာများကို ချရေးကြည့်ပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ လာမည့် ၇ ရက်တွင် ရေလွှမ်းမိုးခြင်းကို စေလွှတ်မည်ဟု နောဧကို ဘုရားသခင် သတိပေးခဲ့သည်။<br>၂။ တိရစ္ဆာန်များကို သင်္ဘောထဲသို့သွင်းခြင်းဖြင့် ရေလွှမ်းမိုးခြင်းမှ အသက်များကို ကယ်တင်နိုင်မည့်အကြောင်း နောဧကို ဘုရားသခင် ပြောခဲ့သည်။<br>၃။ အသက် ၆၀၀ ပြည့်၊ ၁၇ ရက် ဒုတိယလတွင် ဘုရာသခင် မှာကြားသည့်အတိုင်း နောဧနှင့် မိသားဝင်များ၊ တိရစ္ဆာန်များတို့သည် သင်္ဘောထဲသို့ ဝင်ခဲ့ကြသည်။ ဘုရားသခင် ပြောခဲ့သည့်အတိုင်း ၇ ရက် အကြာတွင် ရေလွှမ်းမိုးခြင်း ဖြစ်လာသည်။<br>၄။ နောဧ နှင့် မိသားစုဝင်များ၊ တိရစ္ဆာန်များတို့ သင်္ဘောအတွင်းသို့ ဝင်သည်နှင့် သင်္ဘောတံခါးကို ဘုရားသခင် ပိတ်ခဲ့ပြီး၊ အတွင်း၌ သူတို့ကို လုံခြုံစေခဲ့သည်။ နောဧ နှင့် မိသားစုဝင်များ၊ သင်္ဘောအတွင်း၌ ရှိသော တိရစ္ဆာများသာ ကြောက်မက်ဖွယ်သော ရေလွှမ်းမိုးခြင်းမှ အသက်ရှင်ကျန်ရစ်ခဲ့ကြသည်။ ရက်ပေါင်း လေးဆယ်ပတ်လုံး အဆက်မပြတ် မိုးရွာသွန်းခဲ့ကာ၊ အမြင့်ဆုံး တောင်ထိပ်များ အထက် ၂၂ ပေ ရေလွှမ်းမိုးခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧ နှင့် ရေလွှမ်းမိုးခြင်း (၁)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဧနောက်သည် အသက်နှစ်ပေါင်း ၃၆၅ နှစ်အသက်ရှင်ပြီး၊ ဘုရားသခင်နှင့် နီးကပ်စွာသွားလာခဲ့သည်။<br>၂။ အခြားသူများကဲ့သို့ ဧနောက် မသေဆုံးခဲ့ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ သူ၏အသက်တာ နောက်ဆုံးပိုင်းတွင် ဧနောက်ကို နောက်တစ်ဖန် မတွေ့ရတော့ကြောင်းသာ ပြောထားသည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် သူ့ကို ကောင်းကင်သို့ ချီဆောင်တော်မူသောကြောင့် ဖြစ်သည်။<br>၃။ နောဧသည် ဧနောက်၏ မြစ်ဖြစ်သည်။ ဆိုးယုတ်သောသူများနှင့် မတူဘဲ နောဧသည်လည်း ဧနောက်ကဲ့သို့ ဘုရားသခင်နှင့် နီးကပ်စွာ သွားလာခဲ့ပြီး၊ ဖြောင့်မတ်သောသူ ဖြစ်ခဲ့သည်။<br>၄။ နောဧ အချိန်ကာလ၌ အသက်ရှင်ခဲ့သော လူသားတို့၏ အပြစ်များပြားမှုသည် ဘုရားသခင်၏ နှလုံးသားကို ကြေကွဲစေသည်။ ဘုရားသခင်သည် ထိုသူများကို ရေလွှမ်းမိုးခြင်းဖြင့် ဖျက်ဆီးတော်မူရန် ဆုံးဖြတ်ခဲ့ပြီး၊ နောဧကို ကယ်တင်ခဲ့သည်။<br>၅။ နောဧနှင့် မိသားစုကို ရေလွှမ်းမိုးခြင်းမှ ကယ်တင်ရန် ဘုရားသခင်သည် လမ်းညွှန်ချက်တစ်ခုကို နောဧထံ ပေးခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧ နှင့် ရေလွှမ်းမိုးခြင်း (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | တီထွင်ဆန်းသစ်ပါ။ ရေပေါ်တွင် ပေါလောပေါ်နေသော နောဧနှင့် မိသားစုဝင်များ၊ တိရစ္ဆာန်များ ပါရှိသည့် သင်္ဘောကြီးပုံကိုဆွဲပြီး "ဘုရားသခင်၏ ကယ်တင်တော်မူခြင်း" ဟု ခေါင်းစဉ်ပေးပါ။ | ဧနောက်နှင့် နောဧတို့သည် မည်သို့သောလူများ ဖြစ်ခဲ့ကြ သနည်း။ မည်သည့်အရာက ထိုသူများကို အခြားသူများနှင် ခြားနားနေစေခဲ့ သနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ဘုရားသခင်သည် နောဧကိုချစ်ပြီး၊ ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်ရာလမ်းကို ပြင်ဆင်ပေးခဲ့သည်။ ဘုရားသခင်၏ လမ်းညွှန်ခြင်းကို နောဧ ဦးစွာ လိုက်နာရသည်။ တရားစီရင်ခြင်းအတွက် ပြင်ဆင်ခြင်းရှိရန် ကျွန်ုပ်တို့ကို ဘုရားသခင် မိန့်တော်မူသည်။ ဘုရားသခင်သည် လက်ဝါးကပ်တိုင်ပေါ်တွင် ကျွန်ုပ်တို့အတွက် အသေခံခဲ့သော ယေရှုခရစ်တော်ကို ယုံကြည်စေလိုသည်။ ယေရှုကို သင်လက်ခံပြီးပြီလား။ ကယ်တင်ခြင်းခံရရန် သင်သည် အဆင်သင့်ဖြစ်ပါပြီလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ခရစ်ယာန်များအနေဖြင့် အခြားသူများနှင့် ကွဲပြားနေရမည့်အကြောင်း ချရေးခဲ့သော အရာများကို ပြန်ကြည့်ပြီး၊ ဧနောက် နှင့် နောဧတို့၏ ဘုရားသခင်နှင့် ဆက်ဆံရေးအကြောင်းကို ဆင်ခြင်ပါ။ ယခုအပတ်တွင် ဘုရားသခင်နှင့် နီးကပ်စွာသွားလာနိုင်ရန် ဘုရားသခင်ထံမှ ခွန်အားတောင်းခံပါ။ ခရစ်ယာန်တစ်ယောက် လုပ်ဆောင်ရမည့် အမူအကျင့်တစ်ခုကို ရွေးချယ်ကာ ထိုအရာ၌ကြီးထွား အသက်ရှင်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။ |

| | က ၂ - အဆင့် ၃<br>သင်ခန်းစာ ၃ - နောဧ နှင့် ရေလွှမ်းမိုးခြင်း<br>ခေါင်းစဉ် - သင်္ဘောကြီး အားဖြင့် ကယ်တင်ခြင်း | က ၂ - အဆင့် ၄<br>လေ့လာရန် ၃ - နောဧ နှင့် ရေလွှမ်းမိုးခြင်း<br>ခေါင်းစဉ် - ဘုရားသခင်အတွက် လုပ်ဆောင်ခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *က၊ ၈း ၁-၂၂*<br>**အဓိကသော့ချက်ကျမ်း** - *က၊ ၈း၁*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ သင်္ဘောထဲ၌ ရှိသော တိရစ္ဆာန်များ၊ နောဧ နှင့် မိသားစုများကို ဘုရားသခင် အောက်မေ့တော်မူခဲ့သည်။<br>၂။ သင်္ဘောကြီးအားဖြင့် ကယ်တင်ခြင်းခံခဲ့ရသည့်အတွက် နောဧသည် ဘုရားသခင်ကို ကျေးဇူးတင်ခဲ့သည်။<br>၃။ ရေလွှမ်းမိုးခြင်းအားဖြင့် သက်ရှိသတ္တဝါများကို ဖျက်ဆီးခြင်း မပြုတော့မည့်အကြောင်း ဘုရားသခင် ကတိတော်ပေးခဲ့သည်။ | **အခြေပြုသမ္မာကျမ်း** - *က၊ ၆း၁၄-၂၂၊ က၊ ၇း၁-၂၄*<br>**အဓိကသော့ချက်ကျမ်း** - *ဟေဗြဲ၊ ၁၁း၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ သင်္ဘောဆောက်လုပ်ခြင်းအတွက် အသေးစိတ်လမ်းညွှန်များကို နောဧထံ ဘုရားသခင် ပေးတော်မူခဲ့သည်။<br>၂။ ဘုရားသခင်ပေးသော အရာများကို နောဧသည် တိကျစွာ လိုက်နာခဲ့သဖြင့် ကယ်တင်ခြင်းခံခဲ့ရသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁။ သင်၏ မိသားစု၊ သူငယ်ချင်းများနှင့် ဆရာသမားများ သင့်အပေါ် စောင့်ရှောက်ကြသည့် နည်းလမ်းများကို ချရေးပါ။<br>၂။ နေ့စဉ် ဘုရားသခင် သင့်အပေါ် စောင့်ရှောက်ခြင်း နည်းလမ်းများကိုလည်း ချရေးပါ။<br>၃။ မိသားစုများ၊ သူငယ်ချင်းများနှင့် ဆရာသမားများ၏ စောင့်ရှောက်ခြင်းတို့ ကျေးဇူးတင်ခြင်းသည် အရေးကြီးသော အရာဖြစ်ကြောင်း ကလေးများကို သတိပေးပါ။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို သူ့အပေါ်ထားရှိရုံဖြင့် ကျွန်ုပ်တို့ကို ကယ်တင်တော်မူသော ဘုရားသခင်ကို ပို၍အရေးကြီးကြောင်း ပြောပြပါ။ | လေယာဉ်များ၊ သင်္ဘောများတွင်ပေးသော လုံခြုံရေး သတိပေးချက်များအကြောင်း ကလေးများနှင့် ဆွေးနွေးပါ။ ထိုအရာများကို လူတို့သေချာစွာ လိုက်နာကြပါသလား။ အဘယ့်ကြောင့်နည်း။ အဘယ့်ကြောင့် မလိုက်နာကြသနည်း။ မည်မျှအရေးကြီးသောကြောင့် ဘုရားသခင် ပေးသော လမ်းညွှန်ချက် အားလုံးကို နောဧ လိုက်နာရသနည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် သင်္ဘောအတွင်းရှိ နောဧနှင့်မိသားစုများ၊ တိရစ္ဆာန်များကို သတိရတော်မူသဖြင့် ကမ္ဘာမြေပေါ်တွင် လေကိုတိုက်ခတ်စေကာ ရေများလျော့ကျ စေခဲ့သည်။<br>၂။ ရက်ပေါင်း ၁၅၀ (စုစုပေါင်း ၅ လ) ကြာသည့်အခါ သင်္ဘောကြီးသည် အာရရတ် တောင်ထိပ်ပေါ်တွင် သောင်တင် နေခဲ့သည်။ နှစ်လခွဲ ကြာသည့်အခါ ရေများစွာ ဆုတ်သွားကာ အခြား တောင်ထိပ်များလည်း ပေါ်လာသည်။<br>၃။ ရက် ၄၀ ကြာသည့်နောက်တွင် နောဧသည် ကျီးငှက် တစ်ကောင်ကို ပြတင်းတံခါးဖွင့်ကာ လွှတ်ပေးခဲ့သော်လည်း ပြန်မလာ တော့ပေ။ ထို့နောက် ချိုးငှက်တစ်ကောင်ကို ထပ်မံ လွှတ်ပြန်သည်။ နားနေရန် နေရမတွေ့သဖြင့် ချိုးငှက်သည် သင်္ဘောဆီသို့ ပြန်လာခဲ့သည်။ ၇ရက် ကြာသည့်နောက် ချိုးငှက်ကို ထပ်မံ လွှတ်ပြန်သည့်အခါ၊ ချိုးငှက်သည် သံလွင်ခက်ကို ကိုက်ချီကာ ပြန်လာသည့် အတွက် ရေခြောက်လုပြီဟု နောဧ သိခဲ့ရသည်။ နောက်ထပ် ၇ ရက်ကြာသည့်အခါ ချိုးငှက်ကို လွှတ်ပြန်လျှင် ပြန်မလာ တော့သည့်အတွက် ကုန်းပေါ်တွင်ရေမရှိ တော့ကြောင်း နောဧ သိခဲ့သည်။<br>၄။ နောက်ဆုံး၊ တစ်ဆယ့်နှစ်လခွဲ ကြာသည့်နောက် ကုန်းပေါ်တွင် ရေများ ခမ်းခြောက် သွားခဲ့သည်။<br>၅။ တိရစ္ဆာန်များ၊ မိသားစုများနှင့် အတူတကွ သင်္ဘောထဲမှ ထွက်လာရန် နောဧကို ဘုရားသခင် မိန့်တော်မူခဲ့သည်။<br>၆။ ဘုရားသခင်ကို နောဧ အလွန်ကျေးဇူးတင်ခဲ့သည်။ ထို့ကြောင့် ယဇ်ပလ္လင်ကို တည်ဆောက်ကာ ဘုရားသခင်ကို မီးရှို့ရာယဇ် ပူဇော်ခဲ့သည်။<br>၇။ နောဧ၏ ပူဇော်ခြင်းကို ဘုရားသခင် ကျေနပ်တော်မူခဲ့သည်။ သက်ရှိသတ္တဝါများကို ရေလွှမ်းမိုးခြင်းဖြင့် နောက်တစ်ဖန် မဖျက်ဆီးရန် ဘုရားသခင် ကတိတော်ပေးခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧ နှင့် ကြီးမားသော ရေလွှမ်းမိုးခြင်း (၁)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင် စေလွှတ်တော့မည့် ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်ခြင်းငှာ ပြင်ဆင်ခြင်းအတွက် သင်္ဘောကြီးတစ်စီး ဆောက်လုပ်ရန် တိကျသော ညွှန်ကြားချက်များ နောဧကို ဘုရားသခင်ပေးခဲ့သည်။<br>၂။ ရေလွှမ်းမိုးခြင်း အကြောင်းကိုလည်း နောဧကို ဘုရားသခင် အသေးစိတ်ပြောခဲ့သည်။<br>၃။ တိရစ္ဆာန်များ၊ နောဧ နှင့် မိသားစုများကို ကယ်တင်မည့်အကြောင်း နောဧကို ဘုရားသခင် ကတိတော်ပေးခဲ့သည်။<br>၄။ တိရစ္ဆာန်များကို မည်သို့ကယ်တင်ရမည် အကြောင်း ဘုရားသခင်သည် နောဧကို အသေးစိတ်ပြောခဲ့သည်။ တိရစ္ဆာန်များ၊ နောဧ နှင့် မိသားစုများ သင်္ဘောထဲသို့ ဝင်သည့်အခါ တံခါးကို ဘုရားသခင်ပိတ်ပေးခဲ့သည်။<br>၅။ မိုးရွာသွန်းခြင်းသည် ရက်ပေါင်း ၄၀ ကြာမြင့်ခဲ့ပြီး၊ ကြီးမားသော မိုးရွာသွန်းခြင်းကြောင့် သင်္ဘောအပြင်၌ရှိသော သက်ရှိများအားလုံး ပျက်စီးခဲ့ကြသည်။ နောဧ၊ သူ၏မိသားစုများနှင့်တကွ သင်္ဘော အတွင်းရှိ တိရစ္ဆာန်များသာ အသက်ရှင်ကျန်ခဲ့သည်။ လွှမ်းမိုးသော ရေပေါ်တွင် ပေါလောမျောနေစေခြင်း အားဖြင့် ထိုသူတို့ကို ဘုရားသခင် ကယ်တင်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧ နှင့် ကြီးမားသော ရေလွှမ်းမိုးခြင်း (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | ဘုရားသခင်ကို ကျေးဇူးချီးမွမ်းခြင်း အကြောင်း၊ အထူးသဖြင့် ကယ်တင်ခြင်း ပေးသည့်အတွက် ကျေးဇူးချီးမွမ်းခြင်းအကြောင်းကို ဖော်ပြသည့် ပိုစတာ တစ်ခု ပြုလုပ်ပါ။ | ဤပုံပြင်မှ ဘုရားသခင်၏ မည်သည့် အလေ့အထတော်များကို ကျွန်ုပ်တို့ သင်ယူရသနည်း။ နောဧ၏ မည်သည့် အမူအကျင့်များကို သင်ယူနိုင်သနည်း။ ထိုသင်ခန်းစာများကို စကားလုံးများအဖြစ် ချရေးစေပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် နောဧကို ကယ်တင်ခဲ့ပြီး၊ ကြည့်ရှု စောင့်ရှောက်ခဲ့သည်။ နောဧသည်လည်း ဘုရားသခင်ကို ကျေးဇူးတင် ခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ရန် တတ်စွမ်းနိုင်သကဲ့သို့၊ ကယ်တင်ရန် အလိုတော်ရှိသော ဘုရားဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ဘက်မှ ဘုရားသခင်ကို ယုံကြည်ရန် နှင့် ကျေးဇူးတင်ရန်သာ ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အဓိကကျမ်းပိုဒ်ကို ဖတ်ပါ။ နောဧ အသက်တာကို ဥပမာယူကာ ကျွန်ုပ်တို့ အသက်တာတွင်လည်း မည့်သို့ လိုက်လျှောက် သင့်ကြောင်း ရှင်းပြပေးပါ။<br>၂။ ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင်ရှိသော လူများကိုလည်း မည်သို့ အကျိုးသက်ရောက်မှု ရှိမည်နည်း။ |

| | က ၂ - အဆင့် ၃<br>သင်ခန်းစာ ၄ - နောဧ နှင့် ရေလွှမ်းမိုးခြင်း<br>ခေါင်းစဉ် - သင်္ဘောထဲမှထွက်ခြင်း | က ၂ - အဆင့် ၄<br>လေ့လာရန် ၄ - နောဧ နှင့် သူ၏မိသားစု<br>ခေါင်းစဉ် - ဘုရားသခင်ကို ကိုးကွယ်ခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *က၊ ၉း၇-၁၇*<br>**အခ်ိကသော့ချက်ကျမ်း** - *က၊ ၉း၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. သက်ရှိများကို ရေလွှမ်းမိုးခြင်းဖြင့် နောက်တစ်ဖန် ဖျက်ဆီးခြင်း မပြုမည်အကြောင်းကို ဘုရားသခင်သည် ကတိပဋိညာဉ် ပြုလုပ်ခဲ့သည်။<br>၂. ကတိတော်၏ အမှတ်အသားအဖြစ် ကောင်းကင်၌ သက်တံ့ကို ဘုရားသခင် ထားရှိခဲ့သည်။ | **အခြေပြုသမ္မာကျမ်း** - *က၊ ၈း၁-၂၂၊ က၊ ၉း၁၁-၁၆*<br>**အခ်ိကသော့ချက်ကျမ်း** - *ဧ၊ ၂း၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ဘုရားသခင်သည် သင်္ဘော အတွင်းရှိ နောဧ နှင့် မိသားစုများ၊ တိရစ္ဆာန်များကို သတိရတော်မူခဲ့သည်။<br>၂. နောဧသည် ဘုရားသခင်ကို အလွန်ကျေးဇူးတင်သည့်အတွက် သင်္ဘောတွင်းမှ ထွက်သည်နှင့် အခြားအရာများကို မလုပ်ဆောင်ဘဲ ဘုရားသခင်ကို ကိုးကွယ်ခဲ့သည်။<br>၃. သက်ရှိများကို ရေလွှမ်းမိုးခြင်းဖြင့် နောက်တစ်ဖန် ဖျက်ဆီးခြင်း မပြုမည်အကြောင်းကို ဘုရားသခင်သည် ကတိပြုခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | လူတို့ပေးသော ကတိများအကြောင်းကို နှစ်ယောက်တစ်တွဲစီတွဲ၍ ဆွေးနွေးစေပါ။ လူတို့သည် ကတိများကို စောင့်ထိန်းပါသလား။ | ကျေးဇူးတင်ကြောင်း စာလွှာနှင့် လက်ဆောင်များကို အဘယ့်ကြောင့် ပေးအပ်ကြသည့်အကြောင်း နှစ်ယောက်တစ်တွဲစီ ဆွေးနွေးစေပါ။ အဘယ့်ကြောင့် တစ်ဦးနှင့်တစ်ဦး ပေးအပ်ကြသနည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ပွားများခြင်းရှိရန်နှင့် ကမ္ဘာမြေကြီးကို ပြည့်စေရန် နောဧနှင့် မိသားစုကို ဘုရားသခင် မိန့်မှာခဲ့သည်။<br>၂. တိရစ္ဆာန်များ၊ နောဧနှင့် သူ၏သားများနှင့်တကွ ဘုရားသခင်သည် အထူးကတိတော် ပဋိညာဉ်ကို ပြုလုပ်ခဲ့သည်။<br>၃. သက်ရှိများကို ရေလွှမ်းမိုးခြင်းအားဖြင့် မဖျက်ဆီးတော့မည့် အကြောင်း ကတိတော်ကို ဘုရားသခင်ပေးခဲ့သည်။<br>၄. ထာဝရကတိတော်၏ အမှတ်အသားအဖြစ် မိုးတိမ်တွင် သက်တံ့ကို ဘုရားသခင်ထားရှိခဲ့သည်။<br><br>**အခ်ိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧ နှင့် ကြီးမားသော ရေလွှမ်းမိုးခြင်း (၁)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဘုရားသခင် စေလွှတ်တော့မည့် ရေလွှမ်းမိုးခြင်းမှ လွတ်မြောက်ခြင်းငှာ ပြင်ဆင်ခြင်းအတွက် သင်္ဘောကြီးတစ်စီး ဆောက်လုပ်ရန် တိကျသော ညွှန်ကြားချက်များကို နောဧအား ဘုရားသခင်ပေးခဲ့သည်။<br>၂. တိရစ္ဆာန်များ၊ နောဧ နှင့် မိသားစုများကို ကယ်တင်မည့်အကြောင်း နောဧကို ဘုရားသခင် ကတိတော်ပေးခဲ့သည်။<br>၃. မိုးရွာသွန်းခြင်းသည် ရက်ပေါင်း ၄၀ ကြာမြင့်ခဲ့ပြီး၊ နောဧ၊ သူ၏မိသားစုများနှင့်တကွ သင်္ဘောအတွင်းရှိ တိရစ္ဆာန်များသာ အသက်ရှင်ကျန်ခဲ့သည်။<br>၄. ရေသည် အစဉ်အတိုင်း လျော့နည်းသွားကာ သင်္ဘောသည်လည်း အာရရတ်တောင်ထိပ်ပေါ်တွင် တင်ကျန်နေခဲ့သည်။<br>၅. ရက် ၄၀ ကြာသည့် နောက်တွင် နောဧသည် ကျီးငှက်တစ်ကောင်ကို ပြတင်းပေါက်ဖွင့်ကာ လွှတ်ပေးခဲ့သော်လည်း ပြန်မလာတော့ပေ။ ထို့နောက် ချိုးငှက်တစ်ကောင်ကို ထပ်မံလွှတ်ပြန်သည်။ နားနေရန် နေရာမတွေ့သဖြင့် ချိုးငှက်သည် သင်္ဘောဆီသို့ ပြန်လာခဲ့သည်။<br>၇ ရက် ကြာသည့်နောက် ချိုးငှက်ကို ထပ်မံလွှတ်ပြန်သည့်အခါ၊ ချိုးငှက်သည် သံလွင်ခက်ကို ကိုက်ချီကာ ပြန်လာသည့်အတွက် ရေခြောက်လုပြီဟု နောဧ သိခဲ့ရသည်။ နောက်ထပ် ၇ ရက်ကြာသည့်အခါ ချိုးငှက်ကိုလွှတ်ပြန်လျှင် ပြန်မလာတော့သည့်အတွက် ကုန်းပေါ်တွင် ရေမရှိတော့ကြောင်း နောဧ သိခဲ့သည်။<br>၆. ပွားများခြင်းရှိရန်နှင့် ကမ္ဘာမြေကြီးကို ပြည့်စေရန် နောဧနှင့် မိသားစုကို ဘုရားသခင် မိန့်မှာခဲ့သည်။<br>၇. သင်္ဘောထဲမှ ထွက်သည်နှင့် ပထမဦးဆုံး နောဧပြုလုပ်သည့် အရာမှာ ဘုရားသခင်ကို မီးရှို့ရာယဇ် ပူဇော်ခြင်းဖြစ်သည်။<br>၈. တိရစ္ဆာန်များ၊ နောဧနှင့် သူ၏သားများနှင့်တကွ ဘုရားသခင်သည် အထူးကတိတော် ပဋိညာဉ်ကို ပြုလုပ်ခဲ့သည်။<br>၉. သက်ရှိများကို ရေလွှမ်းမိုးခြင်းအားဖြင့် မဖျက်ဆီးတော့မည့်အကြောင်း ကတိတော်ကို ဘုရားသခင်ပေးခဲ့သည်။<br>၁၀. မိုးတိမ်ပေါ်တွင် သက်တံ့ကို ကတိတော်၏ အမှတ်အသားအဖြစ် ဘုရားသခင်ထားရှိခဲ့သည်။ ထိုကတိတော်သည် ထာဝရ တည်မြဲသည်။ ဘုရားသခင်သည် ကတိတော်ကို မည်သို့သောအခါမျှ ပယ်ဖျက်မည်မဟုတ်ပါ။<br><br>**အခ်ိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - နောဧ နှင့် ကြီးမားသော ရေလွှမ်းမိုးခြင်း (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | သက်တံ့တစ်ခု ပါရှိသည့်ပုံကို ဖန်တီးပါ။ "ဘုရားသခင်သည် ကတိတော်ကို ထာဝရ ထိန်းသိမ်းသည်" ဟူသော ခေါင်းစဉ်ကို တပ်ပေးပါ။ | ကိုးကွယ်ခြင်း နှင့် စပ်လျဉ်း၍ အဖွဲ့လိုက် ဆွေးနွေးကာ ပြန်လည် ဖြေကြားစေပါ။ ကိုးကွယ်ခြင်းနှင့် ပတ်သတ်၍ ဤသင်ခန်းစာမှ မည်သို့ သွန်သင်ထားသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>နောဧကို ဘုရားသခင် ပေးတော်မူသော ကတိတော်သည် ထာဝရ တည်မြဲသည်။ ဘုရားသခင်သည် သူ၏ကတိတော်ကို ထာဝရ ထိန်းသိမ်းသည်။ ကျွန်ုပ်တို့ အသက်တာတွင်လည်း မည်သည့် ခြားနားမှုများ ပြုလုပ်သင့်သနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>နောဧသည် ဘုရားသခင်ကို အလွန်ကျေးဇူးတင်ခဲ့သည်။ လက်တွေ့ နည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည်လည်း ဘုရားသင်၏ ကောင်းချီးများကို မည်သို့ ဖော်ထုတ်ပြသ နိုင်မည်နည်း။ |

| | က ၃ - အဆင့် ၃<br>သင်ခန်းစာ ၁ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပေတရုကို ယေရှုခေါ်ခြင်း | က ၃ - အဆင့် ၄<br>လေ့လာရန် ၁ - ရှင်ပေတရု၏ အသက်တာ<br>ခေါင်းစဉ် - ပေတရုအား ခေါ်ခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** *မ၊ ၄း၁၇-၂၂*<br>**အဓိကသော့ချက်ကျမ်း -** *မ၊ ၄း၁၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ မိမိ နောက်တော်သို့ လိုက်ရန် လူများကို ယေရှု ခေါ်ယူခဲ့သည်။<br>၂။ ယေရှု နောက်တော်သို့ လိုက်ခြင်းသည် နောင်တရခြင်းနှင့် သူ့အပေါ် ယုံကြည်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ | **အခြေပြုသမ္မာကျမ်း -** *မ၊ ၄း၁၇-၂၂ ၊ ယော၊ ၁း၃၅-၄၂*<br>**အဓိကသော့ချက်ကျမ်း -** *မ၊ ၄း၁၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ အိန္ဒြေနှင့် ယောဟန်တို့နှစ်ဦးသည် ယေရှုကို ဦးစွာမြင်တွေ့ခဲ့ပြီး၊ နောက်ပိုင်းတွင် တပည့်တော်များ ဖြစ်လာကြသည်။<br>၂။ ယေရှုသည် ကယ်တင်ရှင်နှင့် မေရှိယဖြစ်ကြောင်း ထိုသူတို့ သိရှိခဲ့ကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | အားကစားအသင်းတစ်ခု၊ လုပ်ငန်းခွင် တစ်ခုတွင် အတူတကွ လုပ်ဆောင်ရန် လူအစုအဖွဲ့ လိုအပ်ကြောင်း ပြောပြပါ။ ယေရှုသည်လည်း သူ၏အမှုတော်ကို စတင်လုပ်ဆောင်ရန်နှင့် သူမရှိတော့သည့်နောက် ဆက်လက်လုပ်ဆောင်မည့် သူများကို လေ့ကျင့် သင်ကြားပေးရန် လူများစုဆောင်းခဲ့သည်။ | လူတို့သည် ဘောလုံးအသင်းတစ်သင်း၊ ပေါ့ပ် အဆိုတော်များနှင့် အခြားအရာများ၏ ပရိတ်သတ်များ မည်သို့ ဖြစ်လာကြောင်း ကလေးများကို ပြောပြပါ။ ယေရှု၏ အပြုအမူနှင့် နှုတ်တော်ထွက်များသည် လူများတို့ကို ဆွဲဆောင်နိုင်ကြောင်း ကလေးများကို ရှင်းပြပါ။ ယေရှုသည် တပည့်တော် များအဖြစ် အထူးရွေးချယ်ထားသည့် လူများ ရှိကြောင်းကိုလည်း ကလေးများအား ရှင်းပြပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှု ဟောပြောခဲ့သည့် တရားဒေသနာတော် (၄း၁၇)။<br>၂။ ပေတရုနှင့် ယောဟန်တို့ ပိုက်ကွန်များ ချနေကြသည်ကို ယေရှု မြင်တော်မူခဲ့သည်။<br>၃။ အလုပ် ကြိုးစားခဲ့ကြသည့် တံငါသည်များကို အဖွဲ့အနေဖြင့် ယေရှု ခေါ်ယူခဲ့ပြီး၊ ထိုသူများကို လေ့ကျင့်သင်ကြား ပေးနိုင်မည်ကို သိမြင်ခဲ့သည်။<br>၄။ ယေရှု၏ခေါ်သံကို ထိုသူတို့သည်လည်း ချက်ချင်း တုန့်ပြန် ခဲ့သည်။<br>၅။ ယာကုပ်နှင့် ယောဟန်တို့ကို ယေရှုခေါ်သည့် အခါတွင်လည်း ထိုသူတို့သည် ချက်ချင်းတုန့်ပြန် ခဲ့သည်။ ထိုသူများသည် ပထမဦးဆုံးသော တပည့်တော်များ ဖြစ်ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ရုပ်ပြသင်ထောက်ကူ မရှိပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုသည် ဘုရားသခင်၏ သိုးသူငယ်တော်ဖြစ်ကြောင်း ဗတ္တိဇံဆရာ ယောဟန်သည် သက်သေခံခဲ့ပြီး၊ ယေရှုသည် မေရှိယ ဖြစ်ကြောင်း အိန္ဒြေနှင့် သူ၏သူငယ်ချင်းသည် သိရှိခဲ့ကြသည် (ယော၊ ၁း၃၅-၄၁)။<br>၂။ ပေတရုကို ယေရှုနှင့်မိတ်ဆက် ပေးခြင်းသည် အိန္ဒြေ၏ အမှတ်အသား ဖြစ်ခဲ့သည်။<br>၃။ ထိုသူတို့ ငါးဖမ်းနေသည့်အခါ ယေရှုကို တွေ့မြင်ခဲ့ခြင်းသည် အံ့သြဖွယ်ရာ မဟုတ်တော့ပါ။ ထိုသူများကို မိမိနောက်တော်သို့ လိုက်ရန်ခေါ်ယူခဲ့ပြီး၊ ထိုသူတို့သည်လည်း ချက်ချင်း တုန့်ပြန် ခဲ့သည်။<br>၄။ အိန္ဒြေ၏ တစ်ဦးချင်း သက်သေခံချက်။<br>၅။ ယေရှုခရစ်တော်နှင့် ကိုယ်တိုင်ကြုံတွေ့ရခြင်း အကြောင်းကို သူတပါးထံ ပြန်လည်မျှဝေခြင်းသည် အရေးကြီးသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ရုပ်ပြသင်ထောက်ကူ မရှိပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | **ကျောင်းသားများအတွက် မေးခွန်းများ**<br>၁။ ဤသာမညလူများကို ယေရှု အဘယ့်ကြောင့် ခေါ်ယူခဲ့သနည်း။<br>၂။ ယနေ့တွင် ဘုရားသခင်၏ ခေါ်ခြင်းကို နာခံခြင်းသည် မည်သည်ကို ဆိုလိုသနည်း။<br>၃။ မည့်သည့်အရာသည် ဘုရားသခင်၏ ခေါ်သံကို အဟန့်အတား ဖြစ်စေသနည်း။<br>၄။ ယေရှုက ထိုသူတို့ကို မည်သည့် ကတိတော် ပေးခဲ့သနည်း (၄း၁၉ ကိုကြည့်ပါ)။ | **ကျောင်းသားများအတွက် မေးခွန်းများ**<br>၁။ သင့်အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော် ရှိကြောင်းကို မည်သို့ သိနိုင်မည်နည်း။<br>၂။ ပထမဦးဆုံး တပည့်တော်များ အတွက် ယေရှု၌ မည်သည့် အကြံအစည်တော်များ ရှိခဲ့သနည်း။<br>၃။ ဘုရားသခင်၏ အကြံအစည်တော်ကို သိရခြင်း၏ အကျိုးကျေးဇူးကို ဖော်ပြပါ။<br>၄။ ကျွန်ုပ်တို့ အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်တော်များကို မည်သို့ရှာဖွေနိုင်ပြီး၊ မည်သို့ တုန့်ပြန်ရမည်နည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ နောင်တရခြင်းအကြောင်းကို လေ့လာဆွေးနွေးပါ။<br>၂။ နောင်တရခြင်းနှင့်ဆိုင်သော ဆုတောင်းချက်ကို ချရေးစေကာ၊ နေရာတစ်ခုတွင် သိမ်းဆည်းထားပါ။<br>၃။ အခြားသောခရစ်ယာန်များ၏ ခေါ်သံကို တုန့်ပြန်ခြင်းအကြောင်းကို လေ့လာပါ။ ဥပမာ - ဒေးဗစ်လစ်ဗင်းစတုန်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယခုတွင် ဘုရားသခင် အကြောင်း သက်သေခံနိုင်မည့် နည်းလမ်းများအကြောင်း ဆွေးနွေးပါ။<br>၂။ ယေရှုခရစ်တော်၏ အမည်နာမများကို စားရင်းပြုစုပါ။ |

| | က ၃ - အဆင့် ၃<br>သင်ခန်းစာ ၂ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ငါးများဖမ်းမိခြင်း | က ၃ - အဆင့် ၄<br>လေ့လာရန် ၂ - ရှင်ပေတရု၏ အသက်တာ<br>ခေါင်းစဉ် - သူ၏စိန်ခေါ်မှု |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *လု၊ ၅း ၁-၁၁*<br>**အဓိကသော့ချက်ကျမ်း** - *ရော၊ ၃း၂၃*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုခရစ်တော်ကို နာခံရန် တပည့်တော်များ သင်ယူခဲ့ကြသည်။<br>၂။ ယေရှုသည် တန်းခိုးနှင့်ပြည့်စုံတော်မူပြီး၊ နိမိတ်လက္ခဏာများကို လုပ်ဆောင်နိုင်အောင် ကြီးမြတ်သည်။<br>၃။ နောင်တရသည့် မည်သူကိုမဆို ဘုရားသခင် အသုံးပြုနိုင်သည်။ | **အခြေပြုသမ္မာကျမ်း** - *မ၊ ၁၄း၂၂-၃၃*<br>**အဓိကသော့ချက်ကျမ်း** - *မ၊ ၁၄း ၃၃*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း တပည့်တော်များ သိရှိခဲ့ကြပြီး၊ ကျွန်ုပ်တို့၏ ကြောက်ရွံ့ခြင်းများကို ပယ်ရှားပေးနိုင် သည်။<br>၂။ အသက်တာမုန်တိုင်းကို အောင်မြင်နိုင်ရန် ယေရှုခရစ်တော်အပေါ် ယုံကြည်နိုင်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျောင်းတွင် ကျောင်းသားများ မည်မျှသင်ယူခဲ့ကြကြောင်းကို သိနိုင်ရန် စာမေးပွဲစစ်ခြင်း အကြောင်းများကို ပြောပြပါ။ ယေရှုသည်လည်း တပည့်တော်များကို စစ်ဆေးခြင်းများ ပြုလုပ်ပေးခြင်းဖြင့် ထိုသူတို့၌ ယုံကြည်ခြင်းနှင့် နာခံခြင်းကို သင်ကြားပေးခဲ့သည်။ | ကျွန်ုပ်တို့ အသက်တာသည် ခရီးသွားတစ်ခုသဖွယ် မွေးဖွားခြင်းနှင့် အစပြုကာ၊ သေဆုံးခြင်းဖြင့် အဆုံးသတ်ကြောင်းကို ကလေးများကို ရှင်းပြပါ။ အသက်တာတွင် လွယ်ကူခြင်းများ ရှိသကဲ့သို့ အခက်အခဲများနှင့် မုန်တိုင်းထန်သော အချိန်များလည်း ရှိသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုသည် ပေတရု၏လှေပေါ်မှ လူများကို ဆုံးမသွန်သင်သည်။<br>၂။ ဆုံးမသွန်သင်ခြင်း ပြီးသွားသည့်အခါ ထိုသူများအား ငါးဖမ်းခြင်းကို တစ်ဖန်ပြန်လုပ်ရန် ပြောခဲ့သည်။ (ထိုသူတို့သည် တစ်ညတာလုံး ငါးဖမ်းခဲ့ကြသော်လည်း၊ ငါးမရရှိခဲ့သည့်အပြင် ဆာလောင်နေခဲ့ကြသည်။)<br>၃။ ယေရှု မိန့်မှာသည့်အတိုင်း ပေတရုလိုက်နာခဲ့ပြီး ငါးများစွာ ရရှိဖမ်းမိခဲ့သည်။<br>၄။ ယေရှုသည် အလွန်ကြီးမြတ်ကြောင်းနှင့် စကားအားဖြင့် ဖော်ပြရန်ပင် မစွမ်းနိုင်ကြောင်းကို ပေတရု နားလည်ခဲ့သည် (အပိုဒ်ငယ် ၈)။<br>၅။ တပည့်တော်များသည် အရာအားလုံးကို စွန့်ပစ်ကာ ယေရှု နောက်တော်သို့ လိုက်ခဲ့ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI -ပထမဦးဆုံးသော တပည့်တော်များကို ယေရှုခေါ်ယူခြင်း (၈ )** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုသည် ကြီးမားသော နိမိတ်လက္ခဏာကို ပြသခဲ့ပြီး၊ တပည့်တော်များကို ဂါလိလဲအိုင် တစ်ဖက်ကမ်းသို့ သွားရောက် စေခဲ့သည်။<br>၂။ ယေရှုသည် ဆုတောင်းရန် တောင်ပေါ်သို့ သွားခဲ့သည်။<br>၃။ တပည့်တော်များသည် မုန်တိုင်းနှင့် ကြုံတွေ့ ခဲ့ကြရသည်။<br>၄။ ယေရှုသည် ထိုအရာကိုသိရှိပြီး၊ ရေပေါ်မှ လမ်းလျှောက်ခဲ့သည်။<br>၅။ ပေတရုသည် ရေပေါ်တွင် လမ်းလျှောက်ကာ ယေရှုထံသို့ လာရမည့်အကြောင်း ခွင့်တောင်းခဲ့သည်။<br>၆။ ပေတရုသည် ရေတွင် နစ်မြုပ်လုနီးချိန်တွင် ယေရှုကို ဟစ်အော်ခဲ့ပြီး၊ ယေရှုလည်း သူ့ကို ကယ်တင်ခဲ့သည်။<br>၇။ ယေရှုအပေါ်ယုံကြည်ခြင်းသည် အရေးကြီးကြောင်းကို ရှင်းပြပါ။<br>၈။ ယေရှုခရစ်တော်ကို ယုံကြည်အားကိုးခြင်းဖြင့် အသက်တာမုန်တိုင်း တိုက်ခတ်ချိန်တွင်လည်း ကူမမည် ဖြစ်ကြောင်း ရှင်းပြပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုရေပေါ်တွင် လမ်းလျှောက်ခြင်း(၁)** |
| ပြန်လှန်လေ့ကျင့်ပါ | **ကျောင်းသားများအတွက် မေးခွန်းများ**<br>၁။ အပိုဒ်ငယ် ၅ ရှိ ရှိမုန်ပေတရု၏ တုန့်ပြန်ချက်မှာ အဘယ်နည်း။<br>၂။ ပေတရု အပြစ်ဝန်ခံခြင်း အသက်တာမှ မည်သည့်သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။<br>၃။ နောင်တရခြင်းဆိုသည်မှာ မည်သည့်အရာဖြစ်ကြောင်း ဆွေးနွေးပါ။<br>၄။ ယေရှုအတွက် အရာအားလုံးကို ကျွန်ုပ်တို့ မည်သို့စွန့်လွှတ်နိုင် မည်နည်း။ | **ကျောင်းသားများအတွက် မေးခွန်းများ**<br>၁။ အပိုဒ်ငယ် ၂၇ တွင်တွေ့ရသော ယေရှုခရစ်၏ စကားတော်သည် ကျွန်ုပ်တို့ကို မည်သည်သို့ ခွန်အားပေးသနည်း။<br>၂။ ဤကျမ်းပိုဒ်မှ ပေတရု၏ အသက်တာအားဖြင့် မည်သည့်အရာကို ကျွန်ုပ်တို့ သင်ယူနိုင်သနည်း။<br>၃။ အသက်တာတွင် မုန်တိုင်းများနှင့် တွေ့သည့်အခါ မည်သည့် သင်ခန်းစာကို ကျွန်ုပ်တို့ သင်ယူနိုင်မည်နည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ လာမည့်အပတ်တွင် ယေရှုကို ယေရှုစကားကို နာခံနိုင်မည့် နည်းလမ်းသုံးခုကို ရေးပါ။<br>၂။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ခံရရန် အတော်င့်တဆုံးဖြစ်သည့် အချိန်အကြောင်းကို ခရစ်ယာန်တစ်ယောက်ကို မေးကြည့်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကြီးမားစွာ တွေ့ကြုံနေရသည့် အခက်အခဲ မုန်တိုင်းအကြောင်းနှင့် ယေရှုအပေါ် ယုံကြည်ခြင်းအားဖြင့် ထိုအရာကို မည်သို့ရင်ဆိုင် ကျော်ဖြတ်သွားနိုင်မည့် အကြောင်းကို အဖွဲ့လိုက်ဆွေးနွေးစေပါ။<br>၂။ ဟေရှာ၊ ၄၃း၂ကို ဖတ်ပါ။ ကျွန်ုပ်တို့ ဖတ်ရှုခဲ့သည့် ကျမ်းစာသည် ယေရှုနောက်တော်သို့ လိုက်လျှောက်ခဲ့ကြသည့် လူများနှင့် မည်သို့ဆက်နွယ် နေကြောင်း ဆင်ခြင်ပါ။ |

| | က ၃ - အဆင့် ၃<br>သင်ခန်းစာ ၃ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပေတရုအားယေရှုကယ်တင်ခြင်း | က ၃ - အဆင့် ၄<br>လေ့လာရန် ၃ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပေတရု၏နောင်တ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *မ၊ ၁၄း၂၂-၃၃*<br>**အဓိကသော့ချက်ကျမ်း** - *မ၊ ၁၄း၃၃*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်တော်မူ၏။<br>၂။ ယေရှုကိုယုံကြည်ကိုးစားခြင်းသည် ဘဝ၏ မုန်တိုင်းများနှင့် ကြောက်ရွံ့မှုများကို ကျော်လွှားနိုင်ရန် ကျွန်ုပ်တို့အား ကူညီပေးသည်။ | **အခြေပြုသမ္မာကျမ်း** - *မ၊ ၁၆း၁၃-၂၃*<br>**အဓိကသော့ချက်ကျမ်း** - *ရော၊ ၁၀း၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုသည် "ခရစ်တော် " သို့မဟုတ် "မေရှိယ" ဖြစ်တော်မူ၏။<br>၂။ ပေတရုထံ သခင်၏တုန့်ပြန်မှုမှာ အသင်းတော်၏အုတ်မြစ် ပေးခြင်းဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဘဝခရီးရှည် အကြောင်းပြောပါ။ ကျွန်ုပ်တို့ အသက်တာသည် ခရီးသွားတစ်ခုသဖွယ် မွေးဖွားခြင်းနှင့် အစပြုကာ၊ သေဆုံးကြသည့်အခါ ကျွန်ုပ်တို့၏ ဘဝခရီးကို အဆုံးသတ်ကြောင်း ကလေးများကို ရှင်းပြပါ။ | ယေရှုသည် အမှန်တကယ် မည်သူဖြစ်သည် ဟူသောအချက်ဖြစ်သည့် အဓိကမေးခွန်းကို အယောက်စီတိုင်း မျက်နှာချင်းဆိုင်၍ ပြောပါ။ ယေရှုခရစ်တော်ခေတ်က လူတို့သည် ယေရှုသည်မည်သူဖြစ်ကြောင်းနှင့် ပတ်သက်၍ အမျိုးမျိုးသောအဖြေများ ပေးခဲ့ကြကြောင်းများကို ရှင်းပြပါ။ တဖန်ယေရှုက သူသည်မည်သူဖြစ်ကြောင်း သူ၏တပည့်တော်များထံ မေးခွန်းမေးခဲ့ခြင်းအကြောင်းကိုလည်း ရှင်းပြပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုသည် ကြီးမားသောနိမိတ်လက္ခဏာကို ပြပြီးနောက် သူ၏တပည့်တော်များကို ဂါလိလဲအိုင်တစ်ဘက်သို့ ကူးစေခဲ့သည်။<br>၂။ သူသည် ဆုတောင်းရန် တောင်ပေါ်သို့ တက်သွားခဲ့သည်။<br>၃။ တပည့်တော်တို့သည် မုန်တိုင်းနှင့် ကြုံတွေ့နေကြသည်။<br>၄။ ယေရှုသည် သိတော်မူသဖြင့် ပင်လယ်ရေပြင်ပေါ်တွင်လမ်းလျှောက်၍ သူတို့ထံ သွားခဲ့သည်။<br>၅။ ပင်လယ်ရေပြင်ပေါ်တွင် လမ်းလျှောက်၍ လာမည်ဟု ပေတရုသည် ယေရှုထံ တောင်းဆိုခဲ့သည်။<br>၆။ သူသည် စတင်နစ်မြုပ်သည့်အခါ ယေရှုကို အော်ခေါ်သဖြင့် သူအား ယေရှု ကယ်ခဲ့သည်။<br>၇။ ယေရှုခရစ်၌ ယုံကြည်ခြင်းရှိရန် အလွန်အရေးကြီးကြောင်း ရှင်းပြပါ။<br>၈။ ကျွန်ုပ်တို့သည် ယေရှုအား ယုံကြည်ကိုးစား ကြသည့်အခါ ဘဝမုန်တိုင်းများကို သူမည်ကဲ့သို့ ကူညီဖြေရှင်းပေးကြောင်း ရှင်းပြပါ။<br>၉။ ခတ်ခဲသည့်အချိန်တွင် ယေရှုအား ယုံကြည်ကိုးစားရန် မည်မျှ အရေးကြီးကြောင်း စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ **FBI** - ယေရှု ရေပေါ်လမ်းလျှောက်သည့်ပုံ (၁) | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုသည် သူသွားရောက်လည်ပတ်ခဲ့သည့် မြောက်ဘက်ပိုင်းတွင် ရောက်ရှိနေသည်။ (သင်ခန်းစာထဲရှိ မြေပုံတွင်ကြည့်ပါ။)<br>၂။ "လူတို့သည် ငါ့အားအဘယ်သူဖြစ်သည်ဟု ဆိုကြသနည်း။"ဟု ယေရှုသည် တပည့်တော်တို့အား မေးခဲ့သည်။ အဖြေလေးခုကို မှတ်သားပါ။<br>၃။ တဖန် တပည့်တော်တို့အားလည်း "သင်တို့သည် ငါ့အား အဘယ်သူဖြစ်သည်ဟု ထင်ကြသနည်း "ဟု မေးတော်မူသည်။ ပေတရုသည် ချက်ခြင်းတုန့်ပြန်ခဲ့သည်။<br>၄။ ထို့နောက် ယေရှုက ဤသို့ရှင်းပြခဲ့သည်။ သူသည် အသက်ရှင်သော ဘုရားသခင်၏သားတော်ဖြစ်တော်မူသည်ကို ယုံကြည်သောသူတို့သည် အသင်းတော်ဖြစ်ကြောင်းရှင်းပြခဲ့သည်။ အသင်းတော်ဆိုသည်မှာ အဆောင်အဦးကိုဆိုလိုခြင်း မဟုတ်ပေ။ ယုံကြည်သူအစုအဝေကို ခေါ်ခြင်းပင် ဖြစ်သည်။<br>၅။ ထိုနောက် သူသည် အသေခံရမည်ဖြစ်ပြီး ပြန်လည်ထမြောက်မည့် အကြောင်းကိုလည်း ရှင်းပြခဲ့သည်။<br>၆။ ဤအရာသည် မဖြစ်နိုင်ကြောင်း ပေတရုပြောခဲ့သည်။ ပေတရုထံ ယေရှုတုန့်ပြန်သည့် စကားတော်ကို ဆင်ခြင်းပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ **FBI** - တွင်သင့်လျော်သည့် ပုံမရှိပါ။ |
| ပြန်လှန်လေ့ကျင့်ပါ | **ကျောင်းသားများအတွက် မေးခွန်းများ**<br>၁။ ကျွန်ုပ်တို့သည် ကြောက်ရွံ့စရာနှင့် တွေ့ကြုံသည့်အခါ ယေရှုသည် မည်သို့ ကူညီမည်နည်း။<br>၂။ သင်ကြုံတွေ့နေရသည့် အခက်အခဲအချို့ကိုဖော်ပြပါ။<br>၃။ ဤကျမ်းချက်မှ သင့်အားမည်သို့ ကူညီပေးသနည်း။ | **ကျောင်းသားများအတွက် မေးခွန်းများ**<br>၁။ ကျွန်ုပ်တို့သည် ယေရှုနှင့်သက်ဆိုင်သောသူများဖြစ်သည်ကို မည်သည့်အရာအားဖြင့် စိတ်ချမှုရရှိစေသနည်း။<br>၂။ ကျွန်ုပ်တို့သည် အသင်းတော်၏အစိတ်အပိုင်းများအဖြစ် မည်သို့ ဖြစ်လာသနည်း။<br>၃။ အသင်းတော်၏ အစိတ်အပိုင်းဖြစ်ရခြင်း၏ ကောင်းကျိုးများမှာ အဘယ်နည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အခတ်အခဲပြဿနာများကို ရေးသာဖော်ပြထားသည့် နံရံကပ်ကြေငြာ တစ်ခုပြုလုပ်ပြီး လက်ဝါးကပ်တိုင်တွင် သံနှင့်ရိုက်ထားပါ။<br>၂။ သက်တံ့ ရေးဆွဲပြီး ထိုသသက်တံ့ပေါ်တွင် ကျမ်းကတိတော်တစ်ခုကို ရေးပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သင်၏ အသင်းတော်အတွက် ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းသည် ဆုတောင်းချက် အသီးသီးကိုရေးပါ။<br>၂။ သခင်ယေရှု၏ ကယ်တင်ခြင်းသတင်းကောင်းကို သင်ဝေငှ ဟောပြောနိုင်မည့် သူတစ်ယောက်အကြောင်း စဉ်းစားပါ။ |

| | က ၃ - အဆင့် ၃<br>သင်ခန်းစာ ၄ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ယေရှုသည်အဘယ်သူဖြစ်သနည်း။ | က ၃ - အဆင့် ၄<br>လေ့လာရန် ၄ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - တောင်ပေါ်တွင် |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** -*မဿဲ ၁၃-၂၃*<br>**အဓိကသော့ချက်ကျမ်း** - *ရော၊ ၁၀း ၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘုရားသခင်၏သားတော်ဖြစ်သည့် ယေရှုအကြောင်းကို ကျွန်ုပ်တို သက်သေခံရမည်။<br>၂။ ယေရှုသည် အသင်းတော်၏ ဦးခေါင်း ဖြစ်သည်။ | **အခြေပြုသမ္မာကျမ်း** -*မ၊ ၁၇း ၁-၁၃*<br>**အဓိကသော့ချက်ကျမ်း** - *၂ပေ၊ ၁း ၁၆-၁၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သောကြောင့် ထူးခြားသည်။<br>၂။ ယေရှုသည် မောရှေ ဧလိယ တို့ထက်ကြီးမြတ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်များ အကြောင်းပြောပါ။ အဘယ်ကြောင့် ထိုသူတို့ ထင်ရှားရကြောင်းကို စဉ်းစားစေပါ။ ယေရှုသည် ကျော်ကြားသော ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သည်။ သို့သော် သူသည် အမှန်တကယ် မည်သူမည်ဝါ ဖြစ်ကြောင်းကို မြောက်များစွာသော သူတို့သည် မသိကြပေ။ | ကျောင်းသားများ လုံးဝမေ့လို့မရနိုင်အောင် သတိရစရာ အတွေ့အကြုံကို ပြောပြပါ။ ဘုန်းတန်ခိုးနှင့် ပြည့်စုံနေသည့် သခင်ယေရှုကို တောင်ပေါ်တွင် တွေ့ခဲ့ကြသည့် တပည့်တော်သုံးဦး၏ မမေ့နိုင်သည့် အတွေ့အကြုံကို ရှင်ပြပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ "လူတို့သည် ငါ့အားအဘယ်သူဖြစ်သည်ဟု ဆိုကြသနည်း။"ဟု ယေရှုသည် တပည့်တော်တို့အား မေးခဲ့သည်။ အဖြေလေးခုကို မှတ်သားပါ။<br>၂။ တဖန် တပည့်တော်တို့အားလည်း "သင်တို့သည် ငါ့အား အဘယ်သူဖြစ်သည်ဟု ထင်ကြသနည်း "ဟု မေးတော်မူသည်။ ပေတရုသည် ချက်ခြင်းတုန့်ပြန်ခဲ့သည်။ ပေတရု၏ ဝန်ခံခြင်းသည် မည်မျှ အရေးကြီးကြောင်းနှင့် ယုံကြည်သူများအတွက် မည်သည့် အဓိပ္ပာယ်ရှိကြောင်း ရှင်းပြပါ။<br>၃။ ထို့နောက် ယေရှုက ဤသို့ရှင်းပြခဲ့သည်။ သူသည် အသက်ရှင်သော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်ကို ယုံကြည်သော သူတို့သည် အသင်းတော်ဖြစ်ကြောင်းရှင်းပြခဲ့သည်။ အသင်းတော် ဆိုသည်မှာ အဆောင်အဦးကို ဆိုလိုခြင်း မဟုတ်ပေ။ ယုံကြည်သူ အစုအဝေကို ခေါ်ခြင်းပင် ဖြစ်သည်။<br>၄။ ထို့နောက် သူသည် အသေခံရမည်ဖြစ်ပြီး ပြန်လည်ထမြောက်မည့် အကြောင်းကိုလည်း ရှင်းပြခဲ့သည်။<br>၅။ ဤအရာသည် မဖြစ်နိုင်ကြောင်း ပေတရုပြောခဲ့သည်။ ပေတရုထံ ယေရှု တုန့်ပြန်သည့် စကားတော်ကို ဆင်ခြင်းပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - -တွင်သင်လျော်သည့်ပုံမရှိပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ တောင်ပေါ်တွင် သူနှင့်အတူရှိရန် တပည့်တော်သုံးဦးကို ယေရှု ရွေးချယ်ခဲ့သည်။<br>၂။ ယေရှုသည် ဘုန်းတန်ခိုး ရောင်ခြည်တော်နှင့် ပြည့်စုံလျက် မောရှေ၊ ဧလိယတို့ နှင့်အတူ ပေါ်လာသည်။<br>၃။ ပေတရုသည် ထိုနေရာတွင် နေပြီး သူတို့သုံးဦးအတွက် တဲတစ်ဆောင်စီ ဆောက်ပေးလိုသည်။ ယေရှုသည် အားလုံးထက် ကြီးမြတ်သည့် ပုဂ္ဂိုလ်ဖြစ်ကြောင်းကို ဘုရားသခင်သည် ကောင်းကင်မှ အသံတော်ဖြင့် သူတို့အား သတိပေး မိန့်မြွက်တော်မူသည်။<br>၄။ တပည့်တော်တို့သည် အလွန်ကြောက်လန့် ခဲ့ကြသော်လည်း ယေရှုသည် သူတို့အား နှစ်သိမ့်ပေးခဲ့ပြီး သူတို့တွင် မည်သည့် အရာများ ဖြစ်ပျက်လာမည်ကို ရှင်းပြခဲ့သည်။<br>၅။ ယေရှု၏ ထူးခြားချက်နှင့် သူသည် အံ့သြဖွယ်ပုဂ္ဂိုဖြစ်ကြောင်းကို ရှင်းပြပါ။<br>၆။ သူ့အား ကျွန်ုပ်တို့ဘဝ၏ ပထမနေရာတွင်ထားရန် အလွန်အရေးကြီးကြောင်း စဉ်းစားစေပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှု ပုံသဏ္ဌာန် ပြောင်းခဲ့သည်။ (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | ကျောင်းသားများအတွက် မေးခွန်းများ -<br>၁။ ပေတရု၏ စကားများသည် အဘယ်ကြောင့် အလွန်မှားရသနည်း။ (အခန်းငယ် ၂၂)<br>၂။ ဘုရားသခင်ကို ပို၍အစေခံနိုင်ရန် အသင်းတော်က ကျွန်ုပ်တို့ကို မည်သို့ ကူညီပေးသနည်း။<br>၃။ ယေရှု၏ စစ်မှန်သော ဖြစ်တည်ခြင်းကို သူတပါးထံ ပြောပြရာတွင် ကျွန်ုပ်တို့သည် အဘယ်ကဲ့သို့သော သက်သေခံကောင်းများ ဖြစ်နိုင်ကြသနည်း။ | ကျောင်းသားများအတွက် မေးခွန်းများ<br>၁။ ပေတရု သက်သေခံခဲ့သည့် ယေရှု၏ ပုံသဏ္ဌာန် ပြောင်းလဲခြင်း အကြောင်းသည် အဘယ်ကြောင့် အရေးကြီးသနည်း။<br>၂။ ဤအတွေ့အကြုံ မှ တပည့်တော်များ ရခဲ့သည့် သင်ခန်းစာကို သင် မည်သို့ တွေးထင်သနည်း။<br>၃။ ကျွန်ုပ်တို့ ဘဝ၏ ပထမနေရာတွင် သခင်ယေရှုကို မည်ကဲ့သို့ နေရာ ပေးမည်နည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အသင်းတော်၏ အချက်အလက်များကို ရေးဆွဲထားသည့် နံရံကပ်စာ တစ်ခုပြုလုပ်ပါ။ အသင်းတော်၏ မိသားစုဝင်ဖြစ်ခြင်း၏ အကြိုးကျေးဇူးများကို ထိုအထဲတွင်ရေးပါ။<br>၂။ သင်သက်သေခံလိုသောသူများနှင့် ပုံမှန်ဆုတောင်းပေးလိုသူများကို မှတ်စုသက်သက် ပြုလုပ်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယေရှုအား ပထမနေရာတွင် မထားနိုင်အောင် ကျွန်ုပ်တို့အား နောက်ယှက်သည့် အကြောင်းအရင်းများကိုစာရင်းပြုစုပါ။<br>၂။ "သူ၏ စကားကိုနားထောင်ကြလော့"ဟု (အခန်းငယ် ၅) တွင်ဖော်ပြထားသည်။ ထို့ကြောင့် ဤအပတ်အတွင်းတွင် သင်ထံ ဘုရားသခင် ပြောသောစကားတော်ကို နားထောင်ရန် အချိန်ယူပါ။ |

| | က ၄ - အဆင့် ၃<br>သင်ခန်းစာ ၁ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ချစ်ခြင်းမေတ္တာ၏ ဥပမာ | က ၄ - အဆင့် ၄<br>လေ့လာရန် ၁ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - နှိမ့်ချခြင်း သင်ခန်းစာ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** -*ယော ၊ ၁၃း ၁-၁၇*<br>**အဓိကသော့ချက်ကျမ်း** - *ယော၊ ၁၃း ၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ॥**<br>၁. ယေရှုသည် စစ်မှန်သော အစေခံဖြစ်သည်။<br>၂. ကျွန်ုပ်တို့လည်း သူတစ်ပါးအား အစေခံရမည်။ | **အခြေပြုသမ္မာကျမ်း** - *ယော ၊ ၁၃း ၁-၁၇*<br>**အဓိကသော့ချက်ကျမ်း** - *ယော ၊ ၁၃း ၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ॥**<br>၁. ယေရှုသည် နှိမ့်ချသည့် အစေခံတစ်ဦး ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်ကို ဝန်ခံခဲ့သည်။<br>၂. ခရစ်ယာန်အသက်တာ အသက်ရှင်ခြင်းတွင် နှိမ်ချခြင်းသည် အဓိကကျသောအရာ ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သခင်ယေရှု နေထိုင်ခဲ့သော နိုင်ငံသည် ပူပြီးခြောက်သွေ့သောနိုင်ငံ ဖြစ်သည်။ (ကျောင်းသားများ နေထိုင်သည့် နိုင်ငံနှင့် နှိုင်းရှင်ပြပါ။) ထိုနိုင်ငံတွင် နေထိုင်သော သူတို့သည် ညစ်ပတ်သော လမ်းမများတွင် သွားလာကြပြီး ၊ အိမ်သို့ ရောက်ရှိချိန်တွင် အစာမစားမီ ဧည့်သည်တို့၏ ခြေများ ဆေးကြောထားပြီးရန် အိမ်ရှင်မှ ဂရုစိုက်ပေးရသည်။ (ကျောင်းသားများနေထိုင်သည့် နိုင်ငံတွင် အိမ်တစ်အိမ်သို့ ဝင်သောအခါ သက်မှတ်ထားသည် ယဉ်ကျေးမှုထုံတမ်းများ ရှိကောင်းရှိနိုင်သည်။ ထိုအရာများကို စဉ်းစားပါ။ ) | သခင်ယေရှုသည် စစ်မှန်သောခရစ်ယာန်အသက်တာ အကြောင်းကို သူ၏ ပုံဥပမာများအားဖြင့် မကြာခဏ ရှင်လင်းပြောပြထားသည်။ ဤအချိန်တွင် "လက်တွေ့ပြသသည့် ပုံဥပမာ" ဟုခေါ်သော သင်ခန်းစာကို သင်ပြရန် သူရွေးချယ်ထားသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ထိုနေ့သည် သခင်ယေရှု လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ခြင်းမခံရမီ တစ်ရက်အလိုတွင် ဖြစ်သည်။ သူ၏တပည့်တော်များနှင့် နောက်ဆုံးညစာ စားသောအချိန်တွင် ဖြစ်သည်။<br>၂. ဓလေ့ထုံးတမ်းများကို လိုက်နာရန် နှင့် သူတို့၏ ခြေများဆေးရန် မည်သူမျှ စိတ်မကူးကြပေ။ ထိုအရာကို လုပ်ဆောင်ရန် ယေရှု ပြင်ဆင်ခဲ့သည်။ (အခန်းငယ် ၄-၅)<br>၃. ပေတရုသည် သူ၏ခြေအား ယေရှု ဆေးပေးသည်ကို မလိုလာကြောင်း ပြောခဲ့သည်။<br>၄. သင်အား ငါမဆေးရလျှင် သင်သည် ငါနှင့်မဆက်ဆိုင် သောသူ ဖြစ်သည် ဟု ယေရှုသည် ပေတရုအား ရှင်းပြခဲ့သည်။ (အခန်းငယ် ၈)<br>၅. ကျွန်ုပ်တို့အားလုံးသည် ညစ်ပတ်ပြီး အပြစ်နှင့် ပြည့်နေသောသူများ ဖြစ်ကြသည်။ ထိုအပြစ်များကို ဆေးကြောရန်နှင့် သန့်ရှင်းစင်ကြယ်ခြင်း ခံစာရရန် လိုအပ်ကြောင်းနှင့် ယေရှု တစ်ပါးတည်းသာ လုပ်ဆောင်ပေးနိုင်ကြောင်း တပည့်တော်တို့၏ခြေကို ဆေးခြင်းအားဖြင့် ပြသခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးခဲ့သည်။<br>၆. သူတပါးအတွက် အစေခံစိတ်ထား ထားရှိသင့်ကြောင့်ကိုလည်း ယေရှု ပြသခဲ့သည်။<br>၇. သူတပါးခြေကို ဆေးပေးခြင်း၏ ရည်ရွယ်ချက်ကို ရှင်းပြပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုသည် တပည့်တော်များ၏ခြေကို ဆေးခြင်းပုံ** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယေရှုသည် သူ၏ တပည့်တော်များနှင့်အတူ ပသခါပွဲကို ကျင့်ပနေသည်။ ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ ထုတ်ဆောင်ခဲ့သည့်အချိန်ကို ပြန်လည်သတိယစေသည့်ပွဲ ဖြစ်သည်။<br>၂. ထိုပွဲ၏ စားပွဲတွင် အလွန်အရေးကြီးသည့် သင်ခန်းစာ နှစ်ခုကိုသူပြသခဲ့သည်။<br>၃. ရှေ့ဦးစွာ သူသည် အစေခံ၏နေရာကို ယူ၍ တပည့်တော်များ၏ ခြေကို ဆေးပေးခဲ့သည်။ သူသည် နှိမ့်ချသောစိတ်ထားနှင့် သူတို့အား ဥပမာ ပေး၍ပြသခဲ့သည်။ (အဓိကျမ်းတွင် ကြည့်ပါ။)<br>၄. ကျွန်ုပ်တိုးအားလုံးသည် ကျွန်ုပ်တို့၏ အပြစ်မှ ဆေးကြောသန့်ရှင်ခြင်း ခံရရန် လိုအပ်ကြောင်းကိုလည်း သူတို့အား ပြသခဲ့သည်။ (ရေချိုးခြင်းဥပမာကို သူအသုံးပြု ခဲ့သည်။ အခန်းငယ် ၁၀) သို့သော် နေ့စဉ်ခြေဆေးရန် လိုအပ်သည်။ ကျွန်ုပ်တို့ ခရစ်ယာန်ဖြစ်လာသောအချိန်တွင် နေ့စဉ် အပြစ်များပြုလုပ်တက်သည့်အတွက် သူ၏ခွင့်လွှတ်ခြင်း ခံစားရရန် လိုအပ်သည်။<br>၅. ဤအရာကို ကျောင်းသားများနားလည်အောင် ကူညီနိုင်ရန် ပေတရုထံ ယေရှု ဘာပြောသည်ကို ကြည့်ပါ။<br>၆. ဒုတိယအနေဖြင့် သူသည် မုန့်နှင့်စပျစ်ရည်ကို ယူ၍ မုန့်သည် ကျိုးပဲ့ခြင်းခံရမည့် သူ၏ကိုယ်ဖြစ်ကြောင်းနှင့် စပျစ်ရည်သည် ကားတိုင်တွင် သွန်းလောင်းမည့် သူ၏အသွေးတော်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ (လု ၊၂၂း၁၉-၂၀ တွင် ကြည့်ပါ။)<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုသည် တပည့်တော်များ၏ခြေကို ဆေးခြင်းပုံ** |
| ပြန်လှန်လေ့ကျင့်ပါ | ၁. နောက်အပတ်တွင် ခရစ်ယာန်များ တစ်ဦးနှင့်တစ်ဦး အစေခံနိုင်သည့် လက်တွေ့ကျသည့် နည်းလမ်း အကြောင်း ဆွေးနွေးပါ။<br>၂. လာမည့်နှစ်တွင် အသင်းတော်၏ ပြင်ပသို့ထွက်၍ အဖွဲ့လိုက် အစေခံနိုင်သည့် လက်တွေ့ကျသည့် နည်းလမ်းကို စဉ်းစားပါ။ | ၁. နှိမ့်ချခြင်းကို လက်တွေ့ကျင့်သုံးနိုင်သည့် နည်းလမ်းကို ဆွေးနွေးပါ။<br>၂. ဘုရားသခင်ကို ကျွန်ုပ်တို့အသက်တာ၏ ပထမနေရာတွင် ထားနိုင်သည့် လက်တွေ့ကျသည့် နည်းလမ်းကို စဉ်းစားပါ။<br>၃. ခရစ်ယာန်အသက်တာ အသက်ရှင်ခြင်းတွင် နှိမ်ချခြင်းသည် အဓိကကျသောအရာ ဖြစ်ကြောင်း ကောင်းစွာသိသောသူကို ဖေါ်ထုတ်ပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ယေရှုသည် ဤလောကတွင် အသက်ရှင်နေထိုင်ခဲ့စဉ်က တပါးသူများအား မည်ကဲ့သို့ အစေခံခဲ့သနည်း။<br>၂. ကျွန်ုပ်တို့သည် ခရစ်ယာန်များ ဖြစ်လျက်ပင် အပြစ်များ ဆက်လက် ပြုနေတက်ကြသည့်အတွက် နေ့စဉ် ကျွန်ုပ်တို့၏ အပြစ်များ သန့်ရှင်းရန်နှင့် ခွင့်လွှတ်ခြင်း ခံစာရရန်လိုအပ်ကြောင်း ကိုလည်း ယေရှုက သင်ကြားပေးခဲ့သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ပေတရုသည် ဤအဖြစ်အပျက်မှ မည်သည့်သင်ခန်းစာကို သင်ယူခဲ့သနည်း။<br>၂. ကျွန်ုပ်တို့ အပြစ်မှသန့်ရှင်းစင်ကြယ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ကျွန်ုပ်တို့ အသက်တာတွင် သခင်ဘုရား၏ အလိုအတိုင်း အသက်ရှင်ရန်နှင့် သူနှင့်နီးကပ်စွာ အသက်ရှင်နိုင်ရန် နေ့စဉ်ကျွန်ုပ်တို့ ဘာလုပ်သင့်သနည်း။ |

| | က ၄ - အဆင့် ၃<br>သင်ခန်းစာ ၂ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - သူ၏သခင်ကို သူငြင်းပယ်သည်။ | က ၄ - အဆင့် ၄<br>လေ့လာရန် ၂ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - သစ္စာရှိခြင်း သင်ခန်းစာ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** -*လုကာ၊ ၂၂း ၃၁- ၃၄ ၊ ၅၄-၆၂*<br>**အဓိကသော့ချက်ကျမ်း** - *လုကာ၊ ၂၂း ၃၁-၃၂*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုနှင့် ပတ်သက်သောသူဖြစ်သည်ဟု ပြောရမည်မှာ အလွန်ခတ်ခဲလှသည်။<br>၂။ ကျွန်ုပ်တို့သည် အမှန်တရားကို ပြောရန် အမြဲကြိုးစား သင့်သည်။ | **အခြေပြုသမ္မာကျမ်း** -*လုကာ၊ ၂၂း ၃၁- ၃၄ ၊ ၃၉-၆၂*<br>**အဓိကသော့ချက်ကျမ်း** - *လုကာ ၊ ၂၂း ၃၁-၃၂*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှုအား ကိုးစားခြင်းထက် မိမိကိုယ်မိမိ ယုံကြည်မှု ရှိခြင်းကို ကျွန်ုပ်တို့ ရှောင်သင့်သည်။<br>၂။ ကျွန်ုပ်တို့သည် ပေတရုကဲ့သို့ မိမိတို့၏ အပြစ်များကို စစ်မှန်စွာ နောင်တရရန် လိုအပ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျောင်းသားများသည် အားလုံးအမှန်မပြောခြင်း၊ သို့မဟုတ် လိမ်ပြောလေ့ရှိသည့် အချိန် အခြေအနေကို စဉ်းစားပါ။ ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ အမှန်တရားကို ပြောရန် အဘယ်ကြောင့် အလွန်ကြောက်ရွံ့လေ့ ရှိတတ်ကြောင်း စဉ်းစားသုံးသပ်ပါ။ ထိုကဲ့သို့သော အခြေအနေသို့ မိမိကိုယ်မိမိ ဆွဲခေါ်သွားသည့် ပေတရု၏ အကြောင်းကို ရှင်းပြပါ။ | ပေတရုကလည်း မိမိသည် ယေရှုအား လုံး၀မစွန့်ပစ် ယေရှုအတွက် ထောင်ကျခြင်း သို့မဟုတ် အသေခံရန်ပင် အသင့်ရှိကြောင်း ဝါကြွားပြောဆိုခဲ့သည်။ (လု၊ ၂၂း၃၃ ) မာနသည် ပျက်စီးခြင်းအရင် လာကြောင်း ကျွန်ုပ်တို့ သိကြသည်။ (သု ၊၁၆း၁၈ ) ပေတရု၏ အသက်တာတွင် သူ၏ပျက်စီးခြင်းမလာမီ သူ၏မာန အရင်လာသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေတရုသည် ယေရှုအား ဖမ်းဆီးခေါ်ဆောင်သွားသော အဖွဲ့များနှင့်အတူ ယဇ်ပရောဟိတ်မင်း၏ အိမ်သို့ လိုက်သွားခဲ့သည်။<br>၂။ သူသည် အိမ်၏ တံတိုင်းဝန်းအတွင်းတွင် လူအချို့နှင့် ရောနှောလျက် နေသည်။<br>၃။ လူအချို့က သူ့အား ယေရှု၏နောက်လိုက်ဖြစ်သည်ဟု ပြောကြသောအခါ သူသည် ကြောက်ရွံ့သည့် အတွက် ယေရှုအား သိလျက်နှင့်ပင် ထိုသူကို ငါမသိဟု သုံးကြိမ်တိုင်အောင် ငြင်းပယ်၍ လိမ်ပြောခဲ့သည်။<br>၄။ ယေရှုသည် ပေတရုအား လှမ်း၍ကြည့်လိုက်သသည့်အချိန်တွင် ကြက်တွန် လေသည်။ ထိုအခါ ပေတရုသည် သူပြုခဲ့သည့်အပြစ်ကို နားလည်လိုက် သည်။ သူသည် အပြင်သို့ထွက်၍ ဝမ်းနည်းစွာငိုကြွေးခဲ့သည်။ သူ့အား လိုအပ်သောအချိန်တွင် ယေရှုကို သူငြင်းပယ်ခဲ့သည်။ ယေရှုအား ခွန်အားပေးရမည့်အစား လူအုပ်ကြီးနှင့် သူအတူနေခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ပေတရုသည် ယေရှုအား ငြင်းပယ်ခြင်း** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေတရု စိတ်ရှုပ်ထွေးခဲ့သည်။ သူ၏ ငြင်းပယ်ခြင်းအကြောင်း ယေရှု ပြောပြခဲ့သည်ကို သူသိထားပြီး ဖြစ်သည်။ (၂၂း၃၄) ယေရှုအား အကူအညီပေးရန် သူ့တွင်လုံးလောက်သည့် ခွန်အား ရှိသည်ဟု သူတွေးထင်ထားသည်။<br>၂။ အရေးကြုံလာသည့်အခါ သူအလွန်ကြောက်ရွံ့သည့်အတွက် အမှန်ကို မပြောနိုင်တော့ပေ။ ယေရှု မိန့်တော်မူထားသည့် အတိုင်းပင် ပေတရုသည် ယေရှုအား သုံးကြိမ် ငြင်းပယ်ခဲ့သည်။<br>၃။ ယေရှုအား ငြင်းပယ်ခဲ့သည့် အတွက် သူအဘယ်ကဲ့သို့ ခံစားခဲ့ရမည်ကို စဉ်းစားပါ။<br>၄။ ပေတရု၏ စုံစမ်းနှောက်ယှက်ခြင်း ခံရသည် သဘောသဘာဝကို ဆွေးနွေးပါ။<br>၅။ ကျွန်ုပ်တို့သွားသည့်နေရာ ၊ ပေါင်းသင်းသောသူ၊ တွေးခေါ်သည့် အရာများသည် မည်မျှအရေးကြီးကြောင်းကိုလည်း ဆွေးနွေးပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ပေတရုသည် ယေရှုအား ငြင်းပယ်ခြင်း** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ယေရှုနှင်ပတ်သက်သောသူ (သက်ဆိုင်သူ) ဖြစ်ရသည်ကို ခတ်ခဲသည်ဟု ကျွန်ုပ်တို့ထင်သည့် အကြောင်းရင်ကို စာရင်းပြုစုပါ။ ထိုအကြောင်းရင်းများ၏ အပေါ်တွင် ကျမ်းကတိတော်များကို ရေးပါ။<br>၂။ ပေတရုသည် ယေရှုကို ငြင်းပယ်ခဲ့သည့်အတွက် သူသည် အပြစ်ခွင့်လွှတ်ခြင်း ခံစားရပါမည်လော့။<br>၃။ ဒါဝိဒ်သည် ဗာသရှေဘနှင့် ပြစ်မှားသောအခါ သူအဘယ်သို့ အပြစ်တောင်းပန်သည်ကို ကြည့်ပါ။ (၂ရာ ၊ ၁၁) ဆာ၊ ၅၁ တွင်လည်း ပြန်လည်ဖော်ပြထားသည်။ | ၁။ သူငယ်ချင်းကောင်း တစ်ဦးတွင် ရှိရမည် အရည်အချင်းများကို စာရင်းပြုစုပါ။<br>၂။ ဤအပတ်အတွင်း ယေရှုအပေါ် သင်သစ္စာ ရှိနိုင်မည့် အချက်တစ်ချက်ကို ဖေါ်ပြပါ။<br>၃။ ပေတရုတွင် ဖြစ်လာမည့်အရာကို ယေရှု သတိပေးသော အချိန်တွင် ယေရှုသည် မည်သည့်အဓိပ္ပာယ်ဖြင့် ပြောနေကြောင်း စဉ်းစားပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ တခါတရံတွင် မိမိသည် ယေရှုနှင့် သက်ဆိုင်သောသူဖြစ်သည်ဟု ဝန်ခံရန် ခရစ်ယာန်များအတွက် အဘယ်ကြောင့် ခတ်ခဲသနည်း။<br>၂။ အမှန်တရားကို မပြောနိုင်အောင် အဘယ်အရာက ကျွန်ုပ်တို့ကို တာဆီးထားသနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် အမှန်တကယ် အပြစ်မှ နောင်တရကြောင်း မည်ကဲ့သို့ သက်သေပြနိုင်သနည်း။<br>၂။ ကျွန်ုပ်တို့သည် မည်ကဲ့သို့သော သူငယ်ချင်းကို အမြဲလက်တွဲသွားနိုင် သူအဖြစ် သတ်မှတ်မည်နည်း။ |

| | က ၄ - အဆင့် ၃<br>သင်ခန်းစာ ၃ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - သခင်ယေရှု အသေခံသည်။ | က ၄ - အဆင့် ၄<br>လေ့လာရန် ၃- ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ဝမ်းနည်းခြင်း နှင့် ဝမ်းမြောက်ခြင်း သင်ခန်းစာ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *မာ၊ ၁၅း ၂၂-၄၀*<br>**အဓိကသော့ချက်ကျမ်း** - *ဂလာ၊ ၂း ၂၀*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ယေရှုသည် အပြစ်နှင့်ကင်းစင်ပြီး စုံလင်းသောသူ ဖြစ်သည်။<br>၂. ကျွန်ုပ်တို့အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် ယေရှု အသေခံပေးခဲ့သည့် အရာအတွက် ကျွန်ုပ်တို့ ကျေးဇူးတော်ချီးမွမ်းသင့်သည်။ | **အခြေပြုသမ္မာကျမ်း** -*လုကာ၊ ၂၄း ၁-၁၂ ၊ ၃၃-၄၉*<br>**အဓိကသော့ချက်ကျမ်း** - *လုကာ၊ ၂၄း ၄၆-၄၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ကျွန်ုပ်တို့ ကယ်တင်ခြင်းခံစားရရန် သခင်ယေရှုသည် ကျွန်ုပ်တို့ အပြစ်၏အခအတွက် ဝေဒနာ ခံစားခဲ့ရသည်။<br>၂. သခင်ယေရှုသည် ကျွန်ုပ်အား ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ကို ပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျောင်းသားများသည် ပေတရုကဲ့သို့ တစ်စုံတစ်ဦးအား ငြင်းပယ်ခဲ့ဘူးသည် ဆိုပါက သူတို့ မည်ကဲ့သို့ ပြုလုပ်သင့်ကြောင်း ဆွေးနွေးပါ။ ပေတရု ကြိုးစားလုပ်ဆောင်မည့် အကြောင်းအရာကို စဉ်းစားပါ။ ထိုအရာသည် အဘယ်သို့ ဖြစ်နိုင်မည်နည်း။ | ယေရှု လက်ဝါးကပ်တိုင်ပေါ်၌ ရှိသောအချိန်တွင် ပေတရု မည်သည့်အရာ လုပ်ဆောင်နေသည်ကို ကျွန်ုပ်တို့ အမှန်တကယ် မသိကြောင်း ရှင်းပြပါ။ သို့သော် ယေရှုထမြောက်သော မနက်တွင် သူသည်သင်္ချိုင်းသို့ သွားခဲ့ကြောင်း ကျွန်ုပ်တို့ သိကြသည်။ ထိုနေ့၌ပင် သူသည် ယေရှုနှင့် အမှန်တကယ် တွေ့ခဲ့ကြောင်း ကျမ်းစာတွင် ဖော်ပြထားသည်။ (အခန်းငယ် ၃၄) |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယေရှုသည် အသေသက်ခြင်း ခံရန်အတွက် မြို့ပြင်သို့ မည်ကဲ့သို့ ခေါ်ဆောင်သွားခြင်း ခံရသည့်အကြောင်း ဆွေးနွေးပါ။<br>၂. ယေရှု ညှင်းပန်းနှိပ်စက် ခံရပုံနှင့် သူ၏အနီးနားရှိ လူများ သူအား လှောင်ပြောင်ကြပုံကို ဖော်ပြပါ။<br>၃. သုံးနာရီကြာ အမှောင်ကျသွားခြင်းသည် အံ့ဖွယ်နိမိတ်လက္ခဏာတစ်ခု ဖြစ်ကြောင်း နှင့် ကျွန်ုပ်တို့အပြစ်အတွက် အသေခံတော်မူသော သားတော်ကို ဘုရားသခင်သည် မကြည့်ရက်သည့်အတွက် ကျွန်ုပ်တို့ နားလည်အောင် ကူညီပေးခြင်း ဖြစ်ကြောင်း ရှင်းပြပါ။<br>၄. အပြစ်၏အခအတွက် ကျွန်ုပ်တို့ခံရမည့်နေရာတွင် သခင်ယေရှုသည် ထိုအချိန်အတွင်းတွင် ကျွန်ုပ်တို့ကိုယ်စား အသေခံ ပေးဆက်ခဲ့သည်။<br>၅. ယေရှု သက်တော် စွန့်သွားချိန်တွင် မည်သည့်အရာ ဖြစ်သွားသည်ကို ဆွေးနွေးပါ။ (အခန်းငယ် ၃၈-၃၉)<br>၆. ကားတိုင်အနီးတွင် ရပ်နေသော တပ်မှူး၏ တုန့်ပြန်မှုကို ရှင်းပြပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုသည် အသက်ကို စတေး၍အသေခံခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. အီစတာ မနက်ခင်တွင် အမျိုးသမီးများ သင်္ချိုင်တော်သို့ မည်သို့ သွားခဲ့ကြသည်ကိုဆွေးနွေးပါ။<br>၂. သူတို့သည် မည်သည့်အရာကို တွေ့ခဲ့ပြီး မည်သည့်သတင်းကို ကြားသိခဲ့ကြကြောင်းကို ရှင်းပြပါ။<br>၃. ထိုသတင်းကို ပေတရုကြသိသည့်အခါ သူမည်သို့ လုပ်ဆောင်သည်ကို ဖော်ပြပါ။ (အခန်းငယ် ၁၂)<br>၄. ယေရှု ရှင်ပြန်ထမြောက်သည့် အရာသည် အဘယ်ကြောင့် အချို့သော သူများအတွက် ယုံကြည်ရန် ခတ်ခဲရသည်ကို ဆွေးနွေးပါ။<br>၅. ယေရှုသည် သူတို့ထံ ကိုယ်ထင်ရှာပြသသည့်အခါ မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို ရှင်းပြပါ။<br>၆. ထမြောက်တော်မူသော အရှင်ကို သူတို့မြင်တွေ့ကြသည့်အခါ ပေတရုနှင့် သူငယ်ချင်းများသည် အံ့ဩဖွယ်ဝမ်းမြောက်ခြင်း ခံစားခဲ့ရကြသည်။<br>၇. သူခံစာရသည့် ဝေဒနာကို ယေရှု မည်သို့ ရှင်းပြခဲ့သနည်း။ (အခန်းငယ် ၄၅-၄၇)<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုသည် သေခြင်းမှထမြောက်၍ အသက်ရှင်ခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ၁. အဓိကသော့ချက်ကျမ်း၏ အဓိပ္ပာယ်ဖြစ်သည့် ယေရှုကားတိုင်ပေါ် အသေခံရသည့် ရည်ရွယ်ချက်ကို စဉ်းစားပါ။ တစ်ဦးချင်းစီအတွက် ယေရှု အသေခံခဲ့ခြင်း ဖြစ်ကြောင်း စဉ်းစားပါ။<br>၂. ကားတိုင်ပေါ်တွင် ယေရှု အသေခံခြင်းအားဖြင့် ရသောအကျိုးရလဒ်ကို ဆွေးနွေးပါ။ ယေရှု၏ အသေခံခြင်းကို သတိပေးသော အရာအဖြစ် ကားတိုင်ကို မည်သည့် နေရာတွင် သင်ပြသနိုင်ကြောင်း စဉ်းစားပါ။ | ၁. ကျွန်ုပ်တို့သည် အမှန်တကယ် အပြစ်မှနောင်တရကြောင်း ပြသနိုင်သည့် လက်တွေ့ကျသော နည်းလမ်းကို ဆွေးနွေးပါ။<br>၂. ယေရှု၏ ထမြောက်ခြင်းနှင့် သေခြင်းအပေါ် သူ၏ အောင်နိုင်ခြင်းအတွက် ဂုဏ်ပြုသည့် တေးသွားကို ဖန်တီးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ယေရှုသည် ကားတိုင်ပေါ် အဘယ်ကြောင့် အသေခံရသည်ဟု သင်ထင်ပါသလဲ။<br>၂. ကားတိုင်ပေါ်တွင် ယေရှု အသေခံပေးသည့်အတွက် ကျွန်ုပ်တို့သည် ကျေးဇူးတင်ကြောင်း မည်သို့ သက်သေပြမည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ယေရှု အသက်ရှင်ကြောင့် သေခြားသော စိတ်ချမှုကို ကျွန်ုပ်တို့သည် မည်သို့ ရရှိနိုင်သနည်း။<br>၂. ထာဝရအသက် ရရှိသည်ဟု ဆိုသော အဓိပ္ပာယ်မှာ အဘယ်နည်း။<br>၃. ကျွန်ုပ်တို့သည် လုံးဝအပြစ်ခွင့်လွှတ်ခြင်း ခံစားရကြောင်း မည်သို့ သိနိုင်သနည်း။ |

| | က ၄ - အဆင့် ၃<br>သင်ခန်းစာ ၄ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - "သင် ကျွန်ုပ်ကို ချစ်ပါသလား။" | က ၄ - အဆင့် ၄<br>လေ့လာရန် ၄ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ချစ်ခြင်းမေတ္တာ သင်ခန်းစာ |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** *ယော ၊ ၂၁း၁-၁၇*<br>**အဓိကသော့ချက်ကျမ်း -** *ယော ၊ ၂၁း၁၇*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ကျွန်ုပ်တို့သည် ပေတရုကဲ့သို့ ယေရှုကို ငြင်းပယ်သည့် အချိန်ရှိခဲ့ပါလျှင် ဘုရားသခင်၏ ခွင့်လွှတ်ခြင်း ခံစားနိုင်ပါသည်။<br>၂. သိုးထိန်းသည် သိုးများကို ဂရုစိုက်သကဲ့သို့ ကျွန်ုပ်တို့သည် သူတပါးအား ဂရုစိုက်ရန်နှင့် သင်ကြားပေးရန် ယေရှုအလိုတော်ရှိသည်။ | **အခြေပြုသမ္မာကျမ်း -** *ယော ၊ ၂၁း၁-၂၀*<br>**အဓိကသော့ချက်ကျမ်း -** *ယော ၊ ၂၁း၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. ကျွန်ုပ်တို့သည် အသစ်သော စတင်ခြင်းနှင့် စတင်နိုင်ရန် ယေရှု ပြင်ဆင်ပေးခဲ့သည်။<br>၂. ကျွန်ုပ်တို့သည် ရှုံးနိမ့်သူဖြစ်သော်လည်း ယေရှု၏ ချစ်ခြင်းမေတ္တာသည် လျော့မသွားခဲ့ပေ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ယေရှု အသေခံပြီးနောက်တွင် ပေတရုသည် သူ၏အသက်တာကို အသစ်မှ ပြန်စရန် ကြိုးစာသည်။ သူ၏အိမ်သို့ ပြန်သွားခဲ့ပြီး သူ၏အလုပ်ကို ပြန်လုပ်ရန် ဖြစ်သည်။ ဂါလိလဲအိုင်သို့ သွားပြီး ငါးပြန်ဖမ်းသည်။ | ယေရှုသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီး နောက်တွင် အကြောင်း အမျိုးမျိုးဖြင့် တပည့်တော်များထံ ကိုယ်ထင်ရှာ ပြသခြင်းအားဖြင့် မိမိအသက်ရှင်ကြောင်း သက်သေပြခဲ့သည်။ (၂ကော ၊ ၁၅း၃-၈) |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. တပည့်တော်တို့သည် တစ်ညလုံးငါးဖမ်းကြသော်လည်း တစ်ကောင်မျှ မရကြပေ။ သူတို့သည် ဆာလောင်လျက် ၊ မောပန်းလျက် ၊ စိတ်ပျက်လျက် ကမ်းခြေသို့ ပြန်လာကြသည်။<br>၂. သခင်ယေရှုသည် ကမ်းခြေမှနေ၍ သူတို့အား ခေါ်သည်။ သို့သော် သူတို့သည် ယေရှုဖြစ်သည်ကို မမှတ်မိကြပေ။ ငါးရသလား ဟု ယေရှုသည် သူတို့အား မေးခဲ့သည်။<br>၃. သူတို့သည် ယေရှု၏ အမိန့်တော်ကို နာခံပြီး လှေ၏အခြားတစ်ဘက်သို့ ပိုက်ကွန်ကိုချကြရာ ငါးများစွာကို ဖမ်းမိခဲ့သည်။<br>၄. ထိုသူမှာ ယေရှုဖြစ်ကြောင်း ယောဟန် သိလိုက်သည်။ ပေတရုသည် ယေရှုအားတွေ့ရန် ရေထဲသို့ ခုန်ချပြီး ကူးသွားခဲ့သည်။<br>၅. နံနက်စာစားရန် ယေရှုသည် အားလုံးကို ဖိတ်ခေါ်လိုက်သည်။ ထို့နောက် ပေတရုအား သူ့ကိုချစ်သလားဟု မေးလိုက်သည်။<br>၆. ပေတရုကလည်း ချစ်ပါသည် ဟု တုန့်ပြန်ခဲ့သည်။ သူ၏နောက်လိုက်များ (သိုးများ) ကို ကြည့်ရှုစောင့်ပါဟု ယေရှုသည် ပေတရုအား အလုပ်သစ်ပေးအပ်ခဲ့သည်။<br>၇. ယေရှုသည် ပေတရုအား တူညီသည့်မေးခွန်းကို အဘယ်ကြောင့် သုံးကြိမ်မေးရသည်ကို ဆွေးနွေးပါ။<br>၈. ဤကဲ့သို့ အရေးကြီးသည့်အလုပ်ကို ပေးတရုအား လုပ်စေသည့်အရာကို ကြည့်ခြင်းအားဖြင့် ယေရှုသည် ပေတရုအား မည်မျှ ခွင့်လွှတ်ကြောင်း စဉ်းစားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုသည် ဂါလိလဲအိုင်၌ တပည့်တော်များထံ ကိုယ်ထင်ရှာပြသခြင်း နှင့် ပေတရုထံ မေးခွန်းမေးခြင်း** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယေရှုသည် ရှင်ပြန်ထမြောက်ပြီးနောက် သူ၏ ကိုယ်ထင်ရှားပြသခြင်း တစ်ခုမှာ ဂါလိလဲအိုင်တွင် ငါးဖမ်းရန်သွားသည့် တပည့်တော် ခုနစ်ယောက်ထံ ကိုယ်ထင်ရှားပြခြင်းပင် ဖြစ်သည်။<br>၂. ငါးများစွာကို ဖမ်းမိစေခြင်းအားဖြင့် သူသည် မည်သူဖြစ်ကြောင်း သက်သေပြခဲ့သည်။<br>၃. တပည့်တော်တို့သည် နံနက်စာကို ယေရှုနှင့်အတူ ကမ်းခြေတွင် သုံးဆောင်ကြသည်။<br>၄. ပေတရုသည် ယေရှု၏ နောက်ဆုံး အချိန်တိုင်အောင် ယေရှုကို ငြင်းပယ်ခဲ့သည့်အတွက် သူတကယ် နောင်တ ရမရကို ယေရှု သေချာစွာ သိလိုသည်။<br>၅. ပေတရုသည် ယေရှုအား ချစ်ကြောင်း သုံးကြိမ်တိုင်အောင် တပါးသူများ ရှေ့မှောက်တွင် ဖော်ပြခဲ့သည်။<br>၆. ယခုတွင် ပေတရုသည် ယေရှု၏ နောက်လိုက်များဖြစ်သည့် အသင်းတော် သစ်ကို ကြည့်ရှုရမည့် သိုးထိန်း ဖြစ်လာသည်။<br>၇. သူသည် သခင်ယေရှု၏ အမှုတော်ကို ထမ်းဆောင်ရန်အတွက် ဒုတိယ ခြေလှမ်းကို စတင်ခဲ့သည်။<br>၈. ကျွန်ုပ်တို့၏ အားနည်းချက်များ မည်မျှပင်ရှိစေကာမူ ယေရှု၏ ချစ်ခြင်း မေတ္တာ လျော့နည်းသွားခြင်း မရှိဘဲ သူသည် ကျွန်ုပ်တို့ကို မည်မျှ ချစ်ကြောင်း နှင့် ကျွန်ုပ်တို့ သူ့အားပြန်ချစ်ရန် လိုလာသူ ဖြစ်ကြောင်း ဆွေးနွေးပါ။<br>၉. ကျွန်ုပ်တို့သည် အမှားများ ပြုလုပ်တတ်ကြသော်လည်း ဘုရားသခင်သည် မည်သည့် အခါ၌မျှ အပြစ်မလုပ်ကြောင်း ကျောင်းသားများကို သတိပေးပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ယေရှုသည် ဂါလိလဲအိုင်၌ တပည့်တော်များထံ ကိုယ်ထင်ရှာပြသခြင်း နှင့် ပေတရုထံ မေးခွန်းမေးခြင်း** |
| ပြန်လှန်လေ့ကျင့်ပါ | ၁. ဤအပတ်အတွင်းတွင် သင် ယေရှု၏စကားကို နားထောင်ရန် အချိန်ပေးနိုင်မည့် လက်တွေ့ကျသော နည်းလမ်းကို ဆွေးနွေးပါ။<br>၂. ယေရှု၏စကားကို နားထောင်ရန်နှင့် သူ၏အလိုတော်အတိုင် လိုက်လျှောက်ရန် သင်ယူသည့် ထင်ရှားသည့် ခရစ်ယာန်များကို ရှာဖွေပါ။ | ၁. ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်သည် ကျွန်ုပ်တို့အတွက် မည်မျှ ခွန်အားဖြစ်ကြောင်း ဆွေးနွေးပါ။<br>၂. အသစ်သော စတင်ခြင်းကို စတင်နိုင်ရန် ယေရှု ခွင့်ပြုပေးသည် ထင်ရှားသည့် ခရစ်ယာန်များကို ရှာဖွေပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့အတွက် သခင်ယေရှု ပေးဆက်ခဲ့သည့် ချစ်ခြင်းမေတ္တာအတွက် ကျွန်ုပ်တို့၏ ချစ်ခြင်းကို ပြန်လည်ပြသရန် မည်မျှအရေးကြီးကြောင်း စဉ်းစားဆင်ခြင်ပါ။<br>၂. ကျွန်ုပ်တို့သည် သခင်ယေရှုအပေါ် အမှားများပြုမိသော်လည်း စစ်မှန်သော နောင်တရရန်အတွက် အခွင့်အရေးတစ်ခုမက ဘုရားသခင် ပြင်ဆင်ပေးထားကြောင်း နားလည်သဘောပေါက်ပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်အပေါ်ထားရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ ကျွန်ုပ်တို့ အဘယ်သို့ တန်ဖိုးထားနိုင်မည်နည်း။<br>၂. ကျွန်ုပ်တို့သည် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လက်တွေ့အားဖြင့် မည်သို့ သက်သေပြနိုင်မည်နည်း။ |

| | | |
|---|---|---|
| | က ၅ - အဆင့် ၃<br>သင်ခန်းစာ ၁ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပေတရု တရားဟောသည်။ | က ၅ - အဆင့် ၄<br>လေ့လာရန် ၁ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပင်တေကုတ္တေ |
| | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၂း ၁-၄၃***<br>**အ**ိ**ကသော့ချက်ကျမ်း -** ***တမန် ၊ ၁း ၈***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှု၏ နောက်လိုက်များအတွက် လက်ဆောင်အဖြစ် သန့်ရှင်းသောဝိညာဉ်တော်ကို ပေးခဲ့သည်။<br>၂။ တပည့်တော်များ၏ တရားဟောချက်မှာ အပြစ်မှ နောင်တရပြီး ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို လက်ခံရယူရန် ဖြစ်သည်။ | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၂း ၁-၄၂***<br>**အ**ိ**ကသော့ချက်ကျမ်း -** ***တမန် ၊ ၂း ၃၈***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ပင်တေကုတ္တေသည် ယုဒလူမျိုးများ၏ ပွဲဖြစ်သည်။<br>၂။ ပေတရု တရားဟောပြီးနောက်တွင် အသင်းတော် မွေးဖွားလာခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျောင်းသားများ အသက်တာတွင် ကြီးမားသည့် ပြောင်းလဲမှုကြီးဖြစ်ခဲ့ပါက ၎င်းတို့ မည်သို့ ခံစားကြမည်ကို စဉ်းစားစေပါ။ အိမ်အသစ် ၊ ကျောင်းသစ် ၊ မိသားစု အခြေအနေအသစ် ဖြစ်ခဲ့မည်ဆိုပါလျှင် မည်သို့ခံစားမှုမျိုး ဖြစ်မည်နည်း။ ယခုတွင် ယေရှု ကောင်းကင်သို့ တက်ကြွသွားပြီး ဖြစ်သည်။ ထို့နောက် သူ၏အမှုတော်ကို ဆက်လက်လုပ်ဆောင်ရန်အတွက် တပည့်တော်များ၏ အသက်တာတွင် ကြီးမားသည့် ပြောင်လဲမှုကြီးတစ်ခု ဖြစ်ခဲ့ကြောင်း ရှင်းပါ။ | မွေးနေ့ ၊ နှစ်ပတ်လည်နေ့ ၊ ဘာသာရေးပွဲ နေ့များသည် မိသားစုများအတွက် အရေးကြီးကြောင်း စဉ်းစားပါ။ လာမည့်လအတွင်း ရှိလာမည့် နေ့ထူးနေ့မြတ်အကြောင်း စဉ်းစားပါ။ ပင်တေကုတ္တေပွဲသည် ယုဒလူမျိုးများ၏ ပွဲဖြစ်သည်။ သူတို့သည် အဲဂုတ္တုမှ ထွက်လာကြသောအချိန်၊ မောရှေသည် သိနတောင်ပေါ်တွင် ပညတ်တော်ကို လက်ခံပြီးသည့်အချိန်ကို အမှတ်ရသည့်အနေဖြင့် ပသခါပွဲ ပြီးနောက် ရက်ငါးဆယ် ကျင်းပရသော ပွဲဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ တပည့်တော်တို့သည် သခင်ယေရှု ကတိထားတော်မူသည့် သန့်ရှင်းသော ဝိညာဉ်တော် ဆင်သက်လာမည့်အရာကို စောင့်ဆိုင်းနေကြသည်။ (တမန်၊၁း၈)<br>၂။ ပင်တေကုတ္တေပွဲနေ့တွင် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသည့်အကြောင်း တမန်၊ ၂း၃ တွင် ဖော်ပြထားသည်။<br>၃။ အထူးပွဲတော်အတွက် အနယ်နယ်အရပ်ရပ်မှ လာကြသည့် လူအမျိုးမျိုး နားလည်နိုင်ရန် တပည့်တော်တို့သည် အမျိုးမျိုးသော ဘာသာစကားဖြင့် စတင်ဟောပြော ကြသည်။<br>၄။ တပည့်တော်တို့သည် စပျစ်ရည်နှင့် ယဇ်မူးနေကြသည်ဟု အချို့က ထင်ကြသည်။<br>၅။ တေရုသည် မည်သည့်အရာ ဖြစ်ပျက်ခဲ့ကြောင်းကို လက်ဦးမှုရယူ၍ ရှင်းပြခဲ့သည်။ ပရောဖေတ် ယောလ၏ ပရောဖက်ပြုချက် ပြည့်စုံပြီး ဖြစ်ကြောင်းနှင့် သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသည့် အကြောင်း ရှင်းပြခဲ့သည်။ (ယောလ၊ ၂း၁၈-၃၂)<br>၆။ ထိုသူတို့သည် ယေရှုအား လက်ဝါးကပ်တိုင်တွင် တင်သက်ခဲ့ကြ သော်လည်း ဘုရားသခင်သည် သူအား အသက်ပြန်ရှင်စေခဲ့သည့် အကြောင်းကို ပေတရု ရဲဝံ့စွာ ဟောပြောခဲ့သည်။<br>၇။ သူတို့သည် ဝမ်းနည်းစွာဖြင့် မိမိတို့သည် မည်သို့ပြုလုပ်သင်ကြောင်း မေးခဲ့ကြသည်။<br>၈။ ပေတရုကလည်း ထိုသူတို့အား အပြစ်မှ နောင်တရပြီး ဗတ္တိဇံခံရန် ပြောခဲ့သည်။ ထိုနေ့တွင် လူ သုံးထောင်သည် ယုံကြည်ခြင်းသို့ ရောက်၍ ခရစ်တော်၏ နောက်လိုက်များ ဖြစ်လာကြသည်။<br><br>**အ**ိ**ကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ပင်တေကုတ္တေပွဲနေ့ အကြောင်း ပုံကိုပြပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပင်တေကုတ္တေပွဲနေ့တွင် တပည့်တော်များ သန့်ရှင်းသော ဝိညာဉ်တော်ကို အံ့သြဖွယ်နည်းလမ်းဖြင့် လက်ခံရရှိခဲ့သည့် အချိန်တွင် သခင်ယေရှု၏ ကတိတော်သည် ပြည့်စုံခဲ့သည်။<br>၂။ သန့်ရှင်းသော ဝိညာဉ်တော် ဆင်သက်လာသည့်အခါ မည်သည့် အရာများ ဖြစ်ပျက်ခဲ့သည်ကို ရှင်းပြပါ။<br>၃။ ယုဒလူမျိုးတို့သည် သခင်ယေရှုကို အသေသတ်ခဲ့ကြသည်။ သို့သော် ဘုရားသခင်သည် သူ့အား ရှင်ပြန်ထမြောက်စေခဲ့ပြီး ကောင်းကင်အရပ်သို့ ချီးမြောက်တော်မူခဲ့သည်။ ထို့နောက် ယခုတွင် သန့်ရှင်းသောဝိညာဉ်တော်ကို စေလွှတ်ခဲ့ခြင်း ဖြစ်သည် ဟု ပေတရု ပြောခဲ့သည်။<br>၄။ ထိုနေ့၌ သခင်ယေရှုကို ယုံကြည်လာကြသူများသည် အသင်းတော်တွင် ကနဦး ယုံကြည်သူများ ဖြစ်လာကြသည်။ အသင်းတော်သည် ထိုနေ့မှ စတင်လာပြီး ယနေ့တိုင်အောင် ဆက်လက်တည်ရှိနေသည်။<br>၅။ ယေရှုအား ယုံကြည်သောသူများတွင် အမှန်တကယ် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများကို ဆွေးနွေးပါ။ (အခန်းငယ် ၃၈-၃၉ တွင် ကြည့်ပါ။)<br>၆။ သူတို့၏ အသက်တာများ ပြောင်လဲခဲ့ကြသည်ကို သူတို့ မည်သို့ သက်သေပြခဲ့ကြကြောင်း ကြည့်ပါ။ (အခန်းငယ် ၄၂ တွင် ကြည့်ပါ။)<br><br>**အ**ိ**ကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ပင်တေကုတ္တေပွဲနေ့ အကြောင်း ပုံကိုပြပါ။** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ကျွန်ုပ်တို့ သက်သေခံနိုင်ရန် သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို မည်သို့ တန်ခိုးပေးကြောင်း စဉ်းစားပါ။<br>၂။ ကမ္ဘာအနှံ့အပြားသို့ သတင်းကောင်း ပြန့်နှံ့ရန် မည်မျှ အရေးကြီးကြောင်း ဆွေးနွေးပါ။<br>၃။ ဤအပတ်အတွင်း ကျောင်းသားများ အဖွဲ့လိုက် သက်သေခံနိုင်သည့် နည်းလမ်းကို ဆွေးနွေးပါ။<br>၄။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက အပြစ်ဖြေလွတ်ခြင်း သို့မဟုတ် နောင်တရခြင်းအတွက် မည်သည့် ပုံစံဖြင့် အသုံးပြုခဲ့ကြသည်ကို ဖော်ထုတ်ပါ။ | ၁။ သန့်ရှင်းသော ဝိညာဉ်တော် လုပ်ဆောင်မှု၏ အရေးကြီးပုံကို ဆွေးနွေးပါ။<br>၂။ အသင်းတော်အဖြစ် အတူတကွ စည်းဝေးခြင်း ရင်းနှီးစွာ မိသဟာရဖွဲ့ခြင်း၏ အကျိုးကို ဆွေးနွေးပါ။<br>၃။ ပထမဦးဆုံး ကြီးထွားလာသည့် အသင်းတော်၏ အမည်ကို ရှာပါ။ ထိုအသင်းတော်၏ စရိုက်လက္ခဏာများကို ဖော်ပြပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သက်သေခံ တစ်ဦး ဆိုသည်မှာ အဘယ်နည်း။<br>၂။ နောင်တရခြင်း ဆိုသည်မှာ အဘယ်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ပင်တေကုတ္တေသည် ယနေ့အသင်းတော်များ အတွက် အဘယ်ကြောင့် အလွန်အရေးကြီး သနည်း။<br>၂။ ဘုရားကျောင်းတက်ခြင်းနှင့် အသင်းတော်၏ အစိတ်အပိုင်အဖြင့် အသင်းတော်၏ မိသဟာရဖွဲ့ခြင်းတွင် ပါဝင်ခြင်းသည် မည်မျှ ခြားနားကြောင်း ဆွေးနွေးပါ။ |

| | က ၅ - အဆင့် ၃<br>သင်ခန်းစာ ၂ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပေတရု အနာရောဂါ ငြိမ်းစေခြင်း | က ၅ - အဆင့် ၄<br>လေ့လာရန် ၂ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ခြေမစွမ်းသူအား ပေတရု ကျန်းမာစေခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၃း၁-၁၆***<br>**အဲကသော့ချက်ကျမ်း -** ***တမန် ၊ ၃း၆***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ယေရှု၌ ရောဂါနှင့် မကျန်းမာခြင်းကို ပေးပျောက်စေနိုင်သော တန်ခိုးတော် ရှိသည်။<br>၂။ ကျွန်ုပ်တို့သည် သူ့အားယုံကြည် ကိုးစားလျှင် ကျွန်ုပ်တို့၏ အသက်တာကို သူပြောင်းလဲ ပေးနိုင်သည်။ | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၃း၁-၂၆***<br>**အဲကသော့ချက်ကျမ်း -** ***တမန် ၊ ၄း၁၀***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အား မှန်ကန်အချိန် မှန်ကန်သော နေရာတွင် ထားသည်။<br>၂။ ခြေမသန်စွမ်းသောသူအား ကျန်းမာစေခြင်းသည် ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ဖြစ်သည်။ တပည့်တော်များကြောင့် မဟုတ်ပေ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ယေရှု သင်ပြပေးခဲ့သည့် ကောင်းသော ရှမာရိ နှင့် ကိုယ်နှင့် ဆက်ဆိုင်သူကို ကိုယ်နှင့်အမျှ ချစ်ရန် သင်ခန်းစာကို ပေတရုနှင့် အခြားသော တပည့်တော်တို့သည် လုံးဝမမေ့နိုင် ခဲ့ကြပေ။ (လုကာ၊ ၁၀း ၂၅-၃၇ ) ဤသူကို သူတို့ မြင်တွေ့ခဲ့ကြသည့် အခါတိုင်း ယေရှု ပြုလုပ်ခဲ့သည့်အတိုင်း သူတို့ ပြုလုပ်သင့်ကြောင်းကို သူတို့ သိနားလည် ကြသည်။ | သခင်ယေရှု၏ အကြီးမြတ်ဆုံးသော သင်ကြားခြင်းမှာ သူတပါးအား ဂရုစိုက်တတ်ခြင်းပင် ဖြစ်သည်။ လူတိုင်း အပေါ်ထားရှိသည့် သူ၏ ချစ်ခြင်းမေတ္တာကို သူ၏ တပည့်တော်များထံ အမြဲပြသ ခဲ့သည်။ အထူးသဖြင့် လိုအပ်သော သူများအတွက်ပင် ဖြစ်သည်။ သူမရှိတော့သည့် အချိန်တွင် သူပြုလုပ်သကဲ့သို့ သူ၏ တပည့်တော် တို့သည်လည်း ကြီးမားသည့် အမှုများ လုပ်ဆောင်သွားရမည် ဖြစ်သည်။ (ယော၊ ၁၄း ၁၂) |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေတရုနှင့် ယောဟန်သည် ဆုတောင်းရန် ဗိမာန်တော်သို့ သွားကြသည်။<br>၂။ လွန်ခဲ့သည့် နှစ်လေးဆယ်က မွေးကတည်းက လမ်းမလျှောက်နိုင်သည့် ခြေမစွမ်းသူ လူတစ်ဦးကို သူတို့ တွေ့ကြသည်။<br>၃။ ထိုသူသည် ပိုက်ဆံတောင်းနေသည်။ သို့သော် ပေတရုက ကျန်းမာခြင်းထက် ကောင်းသောအရာ ပေးစရာမရှိဟု ပြောခဲ့သည်။<br>၄။ ထိုသူ၏ခြေများ ရပ်နိုင်ရန် သူကူညီပေး ခဲ့သည်။ ထိုနောက် သူသည် ခုန်ပြီး၊ လမ်းလျှောက်ကာ ဘုရားသခင်ကို ချီးမွမ်းရန် ဗိမ္မာန်တော်သို့ ဝင်သွားခဲ့သည်။ ဤအရာသည် ကနဦးအသင်းတော်တွင် ပထမဦးဆုံးသော နိမိတ်လက္ခဏာ ဖြစ်သည်။<br>၅။ လူအုပ်ကြီး စုရုံးရောက်ရှိလာသောအခါ ခြေမစွမ်းသောသူ လမ်းလျှောက်လာနိုင်ခြင်းသည် သူ၏အစွမ်း တန်ခိုးကြောင့် မဟုတ် ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ဖြစ်သည် ဟု ပေတရု ရှင်းပြခဲ့သည်။ (အခန်းငယ်၊ ၁၆ တွင်ကြည့်ပါ။ )<br>၆။ အခန်းငယ်၊ ၁၆ ရှိ ထိုသူ၏ ယုံကြည်ခြင်းကို အလေးထား၍ မှတ်သားပါ။<br><br>**အဲကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ခြေမစွမ်းသော သူတောင်းစာ ကျန်းမာခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပင်တေကုတ္တေပွဲပြီး များမကြာမီ အချိန်တွင် ပေတရု နှင့် ယောဟန်တို့သည် ဆုတောင်းရန် အတွက် ဗိမ္မာန်တော်သို့ သွားခဲ့ကြသည်။<br>၂။ ခြေမသန်စွမ်းသူကို သူတို့မြင်ကြသောအခါ သခင် လုပ်ခဲ့သည့် အရာကို သူတို့သိကြသည်။<br>၃။ ထိုသူ မတ်တက် ရပ်နိုင်ရန်အတွက် ပေတရုသည် ယုံကြည်ခြင်း အားဖြင့် ကူညီပေးခဲ့သည်။ ချက်ခြင်းပင် ထိုသူသည် ကျန်းမား သွားခဲ့သည်။ သူသည် ကခုန်ပြီး၊ လမ်းလျှောက်ကာ ဘုရားသခင်ကို ချီးမွမ်းရန် ဗိမ္မာန်တော်သို့ ဝင်သွားခြင်းဖြင့် ကျန်းမာကြောင်း သက်သေပြခဲ့သည်။<br>၄။ ယေရှုပြသခဲ့သည့် အခြားသော နိမိတ်လက္ခဏာများ ကဲ့သို့ပင် သူသည်လည်း ချက်ခြင်းပင် လုံးလုံး ကျန်းမာလာခဲ့သည်။<br>၅။ သန့်ရှင်းသော ဝိညာဉ်တော် ဆင်းသက်လာခြင်းအားဖြင့် သခင်ယေရှု၏ တန်ခိုးတော်သည် ယခုတွင် တပည့်တော်များ၏ အသက်တာတွင် ထင်ရှားလာခဲ့သည်။<br>၆။ သခင်ယေရှုသည် မည်သူဖြစ်ကြောင်းနှင့် သူသည် ယနေ့ထိတိုင် မည်သည့်အရာ လုပ်ဆောင်နိုင်ကြောင်း ပေတရုရှင်းပြသည့် သူ့တရားဟောချက်၏ အဓိက အကြောင်းအရင်းကို စဉ်းစား ဆင်ချင်ပါ။<br>၇။ သူ၏တပည့်တော်များ ကျန်းမာခြင်း ပေးနိုင်ရန် ဘုရားသခင်သည် မည်မျှ ထောက်ပံ့မှုပေးကြောင်း စဉ်းစာ ဆင်ချင်ပါ။<br><br>**အဲကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ခြေမစွမ်းသော သူတောင်းစာ ကျန်းမာခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ အနာရောဂါငြိမ်းသည့် နိမိတ်လက္ခဏာ အကြောင်းနှင့် မကျန်းမာသောသူ အားလုံး မကျန်းမာရသည့် အချက်များကို စဉ်းစာပါ။<br>၂။ ခရစ်ယာန်များသည် မြေကြီးစွန်းတိုင်အောင် ဧဝံဂေလိတရားကို မပြောမီ (ကျွန်ုပ်တို့၏ ယေရှုရှုလင်) ဖြစ်သည့် မိမိတို့၏ မိသားစုတွင် ဦးစွာပြောရန် အဘယ်ကြောင့် လိုအပ်ကြောင်း ဆွေးနွေးပါ။<br>၃။ အနာရောဂါ ငြိမ်းခြင်းအကြောင်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် ယနေ့ခေတ် ခရစ်ယာန်များအကြောင်း ရှာဖွေပါ။ သခင်ယေရှုကို ကျွန်ုပ်တို့ အသက်တာတွင် သခင်ယေရှုကို ယုံကြည်ကိုးစားသော အချိန်တွင် ယေရှု ပြုလုပ်နိုင်သည့် အပြောင်အလဲကို ဆွေးနွေးပါ။ | ၁။ ယေရှုနှင့်အတူ အချိန်သုံးခြင်းသည် ကျွန်ုပ်တို့၏ နေ့စဉ် အသက်တာ လုပ်ငန်းဆောင်တာများနှင့် သက်သေခံခြင်းတွင် အကျိုးသက်ရောက်မှု ရှိကြောင်း ဆွေးနွေးပါ။<br>၂။ ဝိညာဉ်တော်နှင့် ပြည့်ဝရန်၊ ဘုရားသခင်၏ အစေခံနိုင်ရန် အတွက် အခြားသော ခရစ်ယာန်များနှင့် အတူတကွ ဘုရားသခင်ထံ ဆုတောင်းခြင်းဖြင့် အချိန်သုံးပါ။<br>၃။ ယေရှုအား ငြင်းပယ်ခဲ့သည့် အချိန်ကတည်းက ပေတရု၏အသက်တာသည် အလွန်ပြောင်းလဲခဲ့ရသည့် အကြောင်းအရင်းကို စဉ်းစားပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ လူတိုင်းကို ဘုရားသခင် မကျန်းမာစေသည့် အကြောင်းနှင့် ပတ်သက်၍ သင် မည်သို့ ထင်ပါသနည်း။<br>၂။ နေ့စဉ်အသက်တာအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ မည်သို့ ကိုးစားနိုင်သနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင် သင့်အား အလိုတော်ရှိသော နေရာတွင် သင်ရှိနေကြောင်း သင်မည်သို့ သိနိုင်မည်နည်း။<br>၂။ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးပြီး ၊ ကျွန်ုပ်တို့ အသက်တာများကို ပြောင်းလဲပေးသည့်အတွက် ဘုရားသခင်ကို ကျွန်ုပ်တို့ မည်သို့ ချီးမွမ်း နိုင်သနည်း။ |

| | က ၅ - အဆင့် ၃<br>သင်ခန်းစာ ၃ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - ပေတရု သက်သေခံခြင်း | က ၅ - အဆင့် ၄<br>လေ့လာရန် ၃ - ရှင်ပေတရု၏အသက်တာ<br>ခေါင်းစဉ် - လွှတ်အရာရှိများ ရှေ့မှောက် |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၄း ၁-၂၂***<br>**အဓိကသော့ချက်ကျမ်း -** ***တမန် ၊ ၄း ၁၂***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ သန့်ရှင်းသော ဝိညာဉ်တော်သည် ပေတရု၏ အသက်တာတွင် အလွန်ကြီးမားသည့် ထူးခြားမှုကြီးကို ပြုလုပ်ပေးခဲ့သည်။<br>၂။ ခရစ်ယာန်များသည် သခင်ဘုရားအတွက် ရပ်တည်ချက် ထားရှိရမည် ဖြစ်သည်။ | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၄း ၁-၃၁***<br>**အဓိကသော့ချက်ကျမ်း -** ***တမန် ၊ ၄း ၁၃***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ဘာသာရေး ခေါင်းဆောင်များထံ သက်သေခံနိုင်ရန် ဘုရားသခင်သည် ပေတရုအား ခွန်အားနှင့် အစွမ်းသတ္တိ ပေးခဲ့သည်။<br>၂။ ယုံကြည်သူများသည် မည်သည့် အခြေအနေတွင် မဆို သူတပါးအား ယေရှုအကြောင်း ဝေငှနိုင်ရန် ပြင်ဆင် ထားရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ပြီးခဲ့သည့် သင်ခန်းစာတွင် မည်သည့်အရာ ဖြစ်ပျက်ခဲ့သည်ကို ပြန်လည် စီစစ်ပါ။ အချို့သော နိုင်ငံများတွင် သခင်ယေရှုအတွက် သင်ရပ်တည်လျှင် ညင်းပန်းနှိပ်စက်ခြင်း၊ သို့မဟုတ် ထောင်ကျခြင်း၊ စသည့် အကျိုးဆက်များ ခံစားရနိုင်ကြောင်း ကျောင်းစသာများကို သတိပေးပါ။ ဤအခြေအနေတွင် ပေတရုနှင့် ယောဟန်သည် ဘာသာရေးခေါင်းဆောင်များ၏ ညင်းပန်းနှိပ်စက်ခြင်းနှင့် ရင်ဆိုင်နေရသည်။ | ပေတရုသည် အခြားသော တရားဟောချက်ကြီး တစ်ခုကို ဟောပြောခဲ့သည်။ (အခန်းကြီး၊ ၃) ယုံကြည်သူများ၏ အရေအတွက်မှာ ၅၀၀၀ဖြစ်သည်။ (အငယ်၊၄) သခင်ယေရှု အသတ်ခံရပြီးလျှင် သူ၏နောက်လိုက်များသည် အလိုလို အဆုံးသတ်သွားကြလိမ့်မည်ဟု ဘာသာရေး ခေါင်းဆောင်များက တွေးထင်ထားကြသည်။ သို့သော် ယခုတွင် ပို၍ကြီးမား လာခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေတရု၏ တရားဟောချက်ကို ကြားသည့်အခါ ယုဒဘာသာရေး ခေါင်းဆောင်တို့သည် သူတို့အား အနှောက်အယှက် ပေးကြသည်။ အဘယ်ကြောင့်ဆိုသော် ပေတရုသည် သူတို့၏ လုပ်ရပ်များနှင့် ယေရှု ရှင်ပြန်ထမြောက်သည့်အကြောင်း ဟောပြောသောကြောင့် ဖြစ်သည်။<br>၂။ ပေတရုနှင့် ယောဟန်တို့သည် ဖမ်းဆီးခံရပြီး ထောင်ထဲသို့ ထည့်လိုက်ကြသည်။<br>၃။ နောက်တစ်နေ့ နံနက်တွင် သူတို့သည် ယေရှုကဲ့သို့ပင် လွှတ်တော်ရုံးတွင် (ဘာသာရေး တရားရုံးတွင်) အမှုနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။<br>၄။ ခြေမစွမ်းသောသူအား လမ်းလျှောက်နိုင်အောင် ပေတရုသည် မည်သည့် တန်ခိုးကို အသုံးပြုခဲ့ကြောင်း သူတို့ သိလိုကြသည်။<br>၅။ ထိုအရာသည် ယေရှု၏ နာမတော် တန်ခိုးကြောင့်သာ ဖြစ်ကြောင်း ပေတရု ပြောခဲ့သည်။ (အငယ်၊ ၁၀)<br>၆။ ဘာသာရေးခေါင်းဆောင်တို့သည် ပေတရုနှင်ယောဟန်တို့၏ ရဲရင့်ခြင်းကို မြင်သည့်အခါ အလွန်အံ့သြကြသည်။<br>၇။ ယေရှုအကြောင်း ပြောခြင်းကို ရပ်တန့်ရန် တာမြစ်ကြသည်။<br>၈။ သူတို့၏စကားထက် ဘုရားသခင်၏ စကားကို ပို၍နားထောင်သင့်ကြောင်း ပေတရု ပြောခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ပေတရု နှင့် ယောဟန် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ၂()** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပေတရုနှင့် ယောဟန်တို့သည် ဖမ်းဆီးခံရသည်။<br>၂။ လွှတ်တော်၏ ရည်ရွယ်ချက်ကို မှတ်သားပါ။ (ယုဒဘာသာ ကိုးကွယ်သူတို့၏ ကောင်စီ)<br>၃။ ယေရှုခရစ်၏ တန်ခိုးတော်သည် ခြေမသန်စွမ်းသောသူကို ကျန်းမာစေခဲ့ကြောင်း နှင့် ယေရှုသာ တစ်ဦးတည်သော ကယ်တင်ရှင် ဖြစ်ကြောင်းကို ပေတရုသည် လွှတ်တော်တွင် ရဲဝင့်စွာ ရှင်းလင်းဟောပြောခဲ့သည်။ (အငယ်၊ ၁၂)<br>၄။ ပေတရုနှင့်ယောဟန်တို့၏ ရဲရင့်ခြင်းကို မြင်၍ လွှတ်အရာရှိတို့သည် အံ့သြကြသည်။ အထက်က သူတို့သည် ယေရှုနှင့် အတူ ရှိခဲ့ကြသည်ကို သတိရကြသည်။<br>၅။ ယေရှုနာမနှင့် ဟောပြောခြင်းကို ရပ်တန့်ရန် တာမြစ် ခဲ့ကြသည်။ သို့သော် ပေတရုက လွှတ်အရာရှိ၏စကားထက် ဘုရားသခင်၏ စကားကို ပို၍နားထောင်သင့်ကြောင်း ပြောခဲ့သည်။<br>၆။ ပေတရုသည် သူတို့၏ အပေါင်းအသင်းများရှိရာသို့ သွားခဲ့ပြီး သူတို့သည် ရဲရင့်စွာ တရားဟောနိုင်ရန် ဆုတောင်းခဲ့ကြသည်။ သူတို့၏ ဆုတောင်းခြင်းကို တန်ခိုးပါးသည့်နည်းလမ်းဖြင့် မည်ကဲ့သို့ အဖြေရရှိခဲ့ကြောင်း မှတ်သားပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ပေတရု နှင့် ယောဟန် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ၂()** |
| ပြန်လှန်လေ့ကျင့်ပါ | ၁။ ခရစ်ယာန်တို့၏ ယုံကြည်ခြင်း အဓိကသော့ချက်ကို မှတ်သားပါ။ ထိုအရာမှာ အရင်းအမြစ်ဖြစ်သည်။ သခင်ယေရှုသည် ယုံကြည်သူတို့၏ ယုံကြည်ခြင်း အရင်းအမြစ် ဖြစ်ကြောင်း သတိရပါ။ (အငယ်၊ ၁၂ ကို ဆင်ချင်ပါ)<br>၂။ သူတို့၏ ယုံကြည်ခြင်းအတွက် မားမားမတ်မတ် ရပ်တည်ခဲ့သော ကျော်ကြားသည့် ခရစ်ယာန်များအကြောင်း ရှာဖွေပါ။ ဥပမာ၊ | ၁။ သင်၏ ယုံကြည်ခြင်း နှင့် သက်သေခံခြင်းအတွက် သင် အဘယ်သို့ ရဲရင့်နိုင်မည်နည်း။<br>၂။ နှင့် တို့၏ လုပ်ဆောင်မှုကို ရှာဖွေပါ။ ညင်းပန်းနှိပ်စက်ခြင်း ခံရသောနေရာတွင် ခရစ်ယာန်များ အဘယ်သို့ အောင်နိုင်သောသူ ဖြစ်နိုင်ကြောင်းကို လေ့လာ ရှာဖွေပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သူတစ်ပါးအား ယေရှုအကြောင်း ပြောရာတွင် ကျွန်ုပ်တို့ကို တားဆီးသောအရာမှာ အဘယ်အရာနည်း။<br>၂။ ယုံကြည်သူများအတွက် “အသက်ကျောက်”() ဆိုသည်မှာ အဘယ်နည်း။ (၁ပေ၊ ၂း ၄-၅) | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သတင်းကောင်း ဝေငှရာတွင် ကျွန်ုပ်တို့အား ကူညီရန်အတွက် သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့ မည်သို့ မှီခိုအားထား မည်နည်း။<br>၂။ သတင်းကောင်းကို တားဆီးသောသူတို့သည် ကျွန်ုပ်တို့၏ ယုံကြည်ခြင်း ကြီးထွားအောင် မည်သို့ ကူညီပေးသနည်း။ |

| | | |
|---|---|---|
| | **က ၅ - အဆင့် ၃**<br>**သင်ခန်းစာ ၄ - ရှင်ပေတရု၏အသက်တာ**<br>**ခေါင်းစဉ် - ပေတရု သက်သေခံခြင်း** | **က ၅ - အဆင့် ၄**<br>**လေ့လာရန် ၄ - ရှင်ပေတရု၏အသက်တာ**<br>**ခေါင်းစဉ် - ပေတရု သက်သေခံခြင်း** |
| | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၁၂း ၁-၁၉***<br>**အဓိကသော့ချက်ကျမ်း -** ***၁ယော၊ ၅း ၁၄***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ညင်းပန်းနှိပ်စက်ခြင်းသည် တစ်ခါတစ်ရံ ဘုရားသားသမီးများအတွက် အကျိုးဖြစ်စေသည်။<br>၂။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ချစ်ကြောင်းနှင့် မည်သည့်အရာတို့သည် ကျွန်ုပ်တို့အတွက် အကောင်းဆုံး ဖြစ်သည်ကို သမ္မာကျမ်းစာက သွန်သင်ထားသည်။ | **အခြေပြုသမ္မာကျမ်း -** ***တမန်၊ ၁၂း ၁-၁၉***<br>**အဓိကသော့ချက်ကျမ်း -** ***၁ယော၊ ၅း ၅***<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ အလွန်ခတ်ခဲသည့် အခြေအနေမှာပင်လျှင် ပေတရုကဲ့သို့ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုးစားရန် အလွန်အရေးကြီးသည်။<br>၂။ ဘုရားသခင် မတတ်နိုင်သောအမှု မရှိပေ။ သို့သော် သူသည် ကျွန်ုပ်တို့ တတ်နိုင်သည့် အလုပ်ကို ကျွန်ုပ်အတွက် ထားပေးသည်။ |
| **သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။** | လောကကြီးသည် သူ့အားမုန်းသကဲ့သို့ တမန်တော်များ နှင့် ဘုရားသခင်၏သားသမီး အားလုံးကို မုန်းလိမ့်မည်ဟု ယေရှု မိန့်မှာခဲ့သည်။ (ယော၊ ၁၅း ၁၈) သခင်ယေရှု၏<br>ဘဝအစတွင် ဟေရုဒ်မင်းကြီး၏ သတ်ခြင်းခံရလုနီး ဖြစ်ခဲ့ရသည်။ ယခုတွင် ထိုဟေရုဒ်၏ သားမြေး ဖြစ်သူ အခြားသော ဟေရုဒ်တစ်ယောက်သည် ပေတရုအား ထို့နည်းတူ ပြုတော့မည် ဖြစ်သည်။ | ပေတရုသည် သူ၏ ယုံကြည်ခြင်း နှင့် တရားဟောခြင်းကြောင့် နောက်တစ်ကြိမ် ထောင်တွင် အကျဉ်းချခံရသည်။ စစ်ဆေးခြင်း မခံမီည ထောင်အတွင်း လျှင်လျှင်မြန်မြန် အိပ်ပျော်နိုင်ရန်မှာ ပေတရုတွင် အလွန်ကြီးမားသည့် ယုံကြည်ခြင်း ရှိရန် လိုအပ်သည်။ သူရေးသား ထားသည့် စာတွင် ပေတရုသည် နုတ်ကပတ်တော်၏ သမ္မာတရားကို သူ သင်ယူခဲ့ကြောင်း ဖော်ပြထားပါသလား။ (၁ပေ၊ ၅-၇) |
| **သင်ခန်းစာကို ပြီးမြောက်စေပါ။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဟေရုဒ်မင်းကြီးသည် ယာကုပ်ကို သတ်လိုက်သည်။ ထိုသို့ သတ်လိုက်ခြင်းသည် ယုဒလူများကို စိတ်ကျေနပ်စေကြောင်း သူသိလိုက်သည့် အချိန်တွင် ပေတရုအား ဖမ်းဆီးခဲ့သည်။<br>၂။ ပေတရုသည် ထောင်ထဲသို့ နောက်တစ်ကြိမ် ပြန်ဝင်ခဲ့ရသည်။ အမှုရင်ဆိုင်ရန် စောင့်ဆိုင်နေသည်။<br>၃။ အသင်းတော်က သူ့အတွက် အတူတကွ ဆုတောင်းပေးကြသည်။<br>၄။ စစ်ဆေးခြင်း မခံရမီညတွင် ထောင်အတွင်းမှ ပေတရု လွတ်မြောက်လာနိုင်စေရန် ကောင်းကင်တမန်က ကူညီပေးခဲ့သည်။<br>၅။ သူ၏မိတ်ဆွေများ ဆုတောင်းနေသည့် အိမ်သို့ သူသွားခဲ့သည်။<br>၆။ ပေတရုသည် တံခါးဝတွင် ရောက်နေပြီးဟု တံခါးဖွင့်ပေးသော အမျိုးသမီးငယ်က ပြောလိုက်သည်။ သို့သော် မည်သူမျှ မယုံခဲ့ကြပေ။<br>၇။ ဘုရားသခင်သည် သူတို့၏ ဆုတောင်းခြင်းကို အဖြေပေးပြီး ဟု သူတို့ ချက်ခြင်း သဘောပေါက်သွားကြသည်။<br>၈။ ယုံကြည်သူများအကြား စစ်မှန်သော မိသဟာရဖွဲ့ခြင်းသည် မည်မျှ အရေးကြီးကြောင်း စဉ်းစားဆင်ချင်ပါ။<br>၉။ ကျွန်ုပ်တို့သည် မည်ကဲ့သို့ ပုံမှန်ဆုတောင်းနိုင်မည်ကို စဉ်းစာပါ။ ဘုရားသခင် ပေးလာမည့် အဖြေကို မျှော်လင့်ပါ။ ကျွန်ုပ်အသက်တာအတွက် ဘုရားသခင်၏ အလိုတော်ကို လက်ခံပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ထောင်အတွင်းမှ အံ့သြဖွယ် ပေတရု လွတ်မြောက်ခဲ့ခြင်း** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အသင်းတော်သည် ပေတရု အကြောင်းကို အလေးထားကြပြီး သူ့အတွက် စိတ်ပါလက်ပါနှင့် အထူးအလေးအနက်ထားပြီး ဆုတောင်းပေးကြသည်။<br>၂။ ပေတရုသည် စစ်သား ၁၆ ဦး အားဖြင့် အစောင့်အကြပ် ခံထားရပြီး ဘေးတစ်ဖတ်တစ်ချက်တွင်လည်း စစ်သား နှစ်ဦး နှင့်တွဲ၍ သံကြိုးဖြင့် ချီနှောင်ထားကြသည်။<br>၃။ ကောင်းကင်တမန်သည် ပေါ်လာပြီး၊ ပေတရုအား နှိုးလိုက်သည်။ ချီနှောင်ထားသည့် သံကြိုးများကို ဖြုတ်ပေးပြီး ထောင်အပြင်သို့ ထုတ်ပေးခဲ့သည်။ အံ့သြဖွယ်ရာပင် ပေတရု လွတ်မြောက်ခဲ့သည်။<br>၄။ သူ့အား လွတ်မြောက် ပေးခဲ့သူမှာ သခင်ဘုရား ဖြစ်ကြောင်း ပေတရု နားလည်ခဲ့သည်။<br>၅။ အသင်းတော်သည် သူ့အတွက် ဆုတောင်းပေးနေကြသော်လည်း မဖြစ်နိုင်သည့်အရာကို ဘုရားသခင် တတ်နိုင်ကြောင်း စစ်မှန်သည့် ယုံကြည်ခြင်း မရှိကြသည်ကို ပေတရု တွေ့ရှိခဲ့သည်။<br>၆။ ပေတရု လုပ်ဆောင်ရမည့် အရာများစွာ ရှိကြောင်း ဘုရားသခင်က ရှင်းလင်းစွာ ဖွင့်ပြခဲ့သည်။ ဤအချိန်သည် ပေတရု သေရမည့် အချိန်မဟုတ်သေပေ။ ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - ထောင်အတွင်းမှ အံ့သြဖွယ် ပေတရု လွတ်မြောက်ခဲ့ခြင်း** |
| **ပြန်လှန်လေ့ကျင့်ပါ** | ၁။ ခရစ်ယာန်များအတွက် ပုံမှန်ဆုတောင်းရန် အဘယ်ကြောင့် ခတ်ခဲရသည်ကို ဆွေးနွေးပါ။<br>၂။ ဘုရားသခင်၏ အလိုတော်အတိုင်း သင်အသက်မရှင်သည့် အချိန်ကို သင်သိပါက ဆွေးနွေးပါ။<br>၃။ ဘုရားသခင်၏ လမ်းပြမှုအတိုင်း လုပ်ဆောင်ရန် ကျမ်းချက်နှစ်ခုကို ရှာပါ။ ထို့နောက် အဖွဲ့တွင် ဝေငှပါ။ | ၁။ ခတ်ခဲသည့်အချိန်တွင် ဘုရားသခင်ထံ ဆုတောင်းရန် မည်မျှ အရေးကြီးကြောင်း စဉ်းစာပါ။<br>၂။ မျှော်လင့် ချက်နှင့် အဘယ်ကဲ့သို့ ဆုတောင်းရမည်ကို ဆင်ချင်ပါ။ အဖြေရရှိရန် ဘုရားသခင်ကို ကိုးစားပါ။<br>၃။ သင်၏ သူငယ်ချင်း သို့မဟုတ် ဆွေမျိုးအား ဘုရားသခင်သည် သူတို့၏ ဆုတောင်းခြင်းကို မည်ကဲ့သို တိတိကျကျ အဖြေပေးခဲ့ကြောင်း မေးပါ။ ထိုအရာကို တစ်ပါးသူထံ ဝေငှပါ။ |
| **လိုက်လျှောက်အသက်ရှင်ပါ** | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ တစ်ခါတစ်ရံ ဘုရားသခင်၏ နည်းလမ်းများသည် အဘယ်ကြောင့် လျှို့ဝှက်ဆန်းကြယ်စွာ မြင်တွေ့ ရပါသနည်း။ (အချို့မှာ ကျန်းမာပြီး အချို့မှာ မကျန်းမာပေ။)<br>၂။ ကျွန်ုပ်တို့ အသက်တာ အတွက် ဘုရားသခင်၏ နည်းလမ်းကို ကျွန်ုပ်တို့ မည်ကဲ့သို့ ရှာဖွေမည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့ ဆုတောင်းသည့်အတိုင်း ဘုရားသခင် အဖြေပေးလာမည့် အရာအပေါ် အဘယ်ကြောင့် ကျွန်ုပ်တို့ သံသရ ရှိလေ့ ရှိကြသနည်း။<br>၂။ ဘုရားသခင်၏ တန်ခိုးတော်သည် ကျွန်ုပ်တို့ထက် ကြီးမြတ်ကြောင်း မည်သည့် နည်းလမ်းဖြင့် ကျွန်ုပ်တို့ သိနိုင်သနည်း။ |

| | က ၆ - အဆင့် ၃<br>သင်ခန်းစာ ၁ - အာဗြဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - ဘုရားသခင်အား ကိုးစားခြင်း | က ၆ - အဆင့် ၄<br>လေ့လာရန် ၁ - အာဗြဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - သူ၏ ခေါ်ခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** *ကမ္ဘာ၊ ၁၂း ၁-၉*<br>**အဓိကသော့ချက်ကျမ်း -** *ဟေဗြဲ၊ ၁၁း ၈*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ အာဗြဟံသည် ယုံကြည်ခြင်း၏ ဖခင်ကြီးတစ်ဦး ဖြစ်သည်။ ဘုရားသခင်သည် သူအား မည်သည့် အရပ်သို့ ပို့ဆောင်လိမ့်မည်ကို မသိသည့် အချိန်မှာပင် ဘုရားသခင်အား သူကိုးစားခဲ့သည်။<br>၂။ အာဗြဟံအား ခေါ်သည့်နည်းတူ ကျွန်ုပ်တို့အား ဘုရားသခင် ခေါ်ပါက ဘုရားသခင်အား ကျွန်ုပ်တို့ ကိုးစားရမည်။ လိုက်နာရမည်။ နာခံရမည်။ | **အခြေပြုသမ္မာကျမ်း -** *ကမ္ဘာ၊ ၁၁း ၂၇-၃၂ ၊ ကမ္ဘာ၊ ၁၂း ၁-၉*<br>**အဓိကသော့ချက်ကျမ်း -** *တမန်၊ ၇း ၂-၄*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ အာဗြဟံသည် ယုံကြည်ခြင်း၏ ဖခင်ကြီးတစ်ဦး ဖြစ်သည်။ ဘုရားသခင်သည် သူအား မည်သည့် အရပ်သို့ ပို့ဆောင်လိမ့်မည်ကို မသိသည့် အချိန်မှာပင် ဘုရားသခင်အား သူကိုးစားခဲ့သည်။<br>၂။ အာဗြဟံအား ခေါ်သည့်နည်းတူ ကျွန်ုပ်တို့အား ဘုရားသခင် ခေါ်ပါက ဘုရားသခင်အား ကျွန်ုပ်တို့ ကိုးစားရမည်။ လိုက်နာရမည်။ နာခံရမည်။ ကျွန်ုပ်တို့၏ အသက်တာကိုလည်း အပ်နှံထား ရမည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ကျောင်းအသစ်သို့ ပြောင်းရွှေ့ဘူးပါသလား ဟု အဖွဲ့သားများကို မေးပါ။ ကျောင်းအသစ်သို့ ပြောင်းရွှေ့ဘူးပါက မည်သည့် စိန်ခေါ်မှုများနှင့် တွေ့ကြုံရသနည်း။ (အသစ်သော လုပ်ထုံးလုပ်နည်းများ စတင်ရခြင်း၊ မတူညီသည့် ခရီးစဉ် ပြင်ဆင်ရခြင်း၊ သူငယ်ချင်းသစ်နှင့် မိတ်ဖွဲ့ရခြင်း၊ ဆရာသစ်များနှင့် တွေ့ဆုံရခြင်း၊ စသည်တို့ကို သင်ဆွေးနွေးပေးနိုင်သည်။)<br>• ကျောင်းသားထဲမှ တစ်ယောက်ယောက် အိမ်ပြောင်းရွှေ့ဘူးပါသလား ဟု မေးပါ။ ထိုသို့ ပြောင်းရွှေ့ရခြင်းအားဖြင့် မည်သည့်အတွေ့အကြုံသစ်များ ရရှိသနည်း။ အာဗြဟံ နှင့် မိသားစုများအတွက် စိန်ခေါ်မှု အသစ်များနှင့် ကြုံတွေ့ခဲ့ရသည်။ မတူညီသည့် ဘာသာစကား၊ မတူညီသည့် အစားအစာ၊ မတူညီသည့် ရာသီဥတု၊ မတူညီသည့် ဓလေ့ထုံးစံ၊ တစ်ချိန်တည်းမှာပင် မိမိဇာတိနှင့် မိသားစုကို စွန့်ပြီး အဝေးသို့ သွားခဲ့ရခြင်း စသည့် အတွေ့အကြုံသစ်များ တွေ့ကြုံခဲ့ရသည်။ | တွေးတောစဉ်းစားစေပါ။ ကျောင်းသားများ တစ်ခါမျှ မသွားဘူးသည့် ခရီးရှည်ကြီးတစ်ခုကို သွားရမည့်အကြောင်း စဉ်းစားစေပါ။ ထိုခရီးစဉ်ကို အစီအစဉ် ဆွဲသည့်အခါ မိမိတို့၏ အိမ်မှ စတင်ထွက်ခွါ ရမည် ဖြစ်သည်။ ဤအစီအစဉ်အတွက် မည်သည့် စိန်ခေါ်မှုများရှိမည်နည်း။ (အာဗြဟံ နှင့် မိသားစုများအတွက် စိန်ခေါ်မှု အသစ်များနှင့် ကြုံတွေ့ခဲ့ရသည်။ မတူညီသည့် ဘာသာစကား၊ မတူညီသည့် အစားအစာ၊ မတူညီသည့် ရာသီဥတု၊ မတူညီသည့် ဓလေ့ထုံးစံ၊ တစ်ချိန်တည်းမှာပင် မိမိဇာတိနှင့် မိသားစုကို စွန့်ပြီး အဝေးသို့ သွားခဲ့ရခြင်း စသည့် အတွေ့အကြုံသစ်များ တွေ့ကြုံခဲ့ရသည်။)<br>အောက်ပါ စာသားများကို A4 စာရွက်တွင် သက်သက်စီချရေးပါ။ မသေချာသော၊ စိတ်ပူပန်ခဲ့သည်၊ စိတ်လှုပ်ရှားသည်၊ ကြောင်းကြစိတ်ရှိခြင်း၊ စိုးရိမ်သော။ သင်ရေးထားသော ထိုစာရွက် တစ်ရွက်စီကို မတူညီသော အခန်းတစ်ခန်းစီတွင် နံရံ၌ ကပ်ပါ။ ကျောင်းသားများအား စာရေးထားသည့် နေရာသို့ လျှောက်သွားစေပြီး ခရီးဝေးကို သွားရန် ပြင်ဆင်နေသော အခြေအနေတွင် ကျောင်းသားများ၏ ခံစားမှုကို အကောင်းဆုံး ဖော်ပြသည့် စာသားကို သူတို့အား မေးပါ။<br>သူတို့၏ ရွေးချယ်မှုကို ဆွေးနွေးပါ။ သူတို့သည် အဘယ်ကြောင့် ထိုသို့ ခံစားကြသနည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် အာဗြံအား သူပြလတ့်သောပြည်သို့ သူ၏ မိသားစုများ နှင့်အတူ ပြောင်းရွှေ့နေထိုင်ရန် မိန့်မှာခဲ့သည်။ ဤအရာသည် လွယ်ကူသော အရာ ဖြစ်လိမ့်မည် မဟုတ်ပေ။ အာဗြံတို့ ခေတ်ကာလတွင် ခရီးသွားခြင်းမှာ ခတ်ခဲပြီး အလွန်မှ ကြံ့ကြာသည်။ သူ့တွင်လည်း သယ်ဆောင်သွားရမည့် ပစ္စည်းများ နှင့် အတူခေါ်သွားရမည့် လူများ ရှိသည်။<br>၂။ ဘုရားသခင်သည် အာဗြံအား ကောင်းကြီးပေးမည်၊ သူ၏မိသားစုကိုလည်း လူမျိုးကြီး ဖြစ်စေမည် ဟု အထူးကတိတော်ကို ပေးခဲ့သည်။ ထိုလူမျိုးအားဖြင့် မြေကြီးပေါ်ရှိ လူမျိုးတကာ ကောင်းကြီး ခံစားရလိမ့်မည်။<br>၃။ အာဗြံသည် သူ၏ဇနီး စာရဲ၊ သူ့တူလောတ တို့နှင့်အတူ ခရီးထွက်လာခဲ့သည်။ သူတို့၏ ပိုင်ဆိုင်မှုများ အားလုံးကို သူတို့နှင့်အတူ တပါတည်း ယူဆောင်လာကြသည်။ ထိုအချိန်တွင် အာဗြံ၏ အသက်သည် ၇၅နှစ် ရှိပြီး ဖြစ်သည်။<br>၄။ သူတို့သည် ခရီးတစ်ခုကို အချိန်အနည်းသွားလာခဲ့ပြီးနောက်တွင် ရှိခင်ဟု ခေါ်သောအရပ်တွင် ဘုရားသခင်သည် အာဗြံထံ ထင်ရှားခဲ့သည်။ ထာဝရ ဘုရားက အာဗြံအား ဤပြည်ကို သင့်၏မိသားစုအား ငါပေးမည်ဟု ပြောခဲ့သည်။<br>၅။ အာဗြံသည် ယဇ်ပလ္လင်တည်၍ ထာဝရဘုရားကို ကိုးကွယ်ခဲ့သည်။ ထို့နောက် သူသည် ခရီးဆက်ခဲ့ပြီး ဗေသလအရပ် နှင့် အာဣအရပ်ကြားရှိ တောင်ကုန်းတွင် တဲကို ဆောက်လေသည်။ တဖန် သူသည် ယဇ်ပလ္လင်တည်၍ ထာဝရဘုရားကို ကိုးကွယ်လေသည်။ ထိုနေရာမှ တောင်မျက်နှာသို့ သူခရီးဆက်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဗြဟံသည် ခါနာနပြည်သို့ ရွှေ့ပြောင်း ခဲ့သည်။** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် အာဗြံအား သူပြလတ့်သောပြည်သို့ သူ၏ မိသားစုများ နှင့်အတူ ပြောင်းရွှေ့နေထိုင်ရန် မိန့်မှာခဲ့သည်။ ဤအရာသည် လွယ်ကူသော အရာ ဖြစ်လိမ့်မည် မဟုတ်ပေ။ အာဗြံတို့ ခေတ်ကာလတွင် ခရီးသွားခြင်းမှာ ခတ်ခဲပြီး အလွန်မှ ကြံ့ကြာသည်။ သူ့တွင်လည်း သယ်ဆောင်သွားရမည့် ပစ္စည်းများ နှင့် အတူခေါ်သွားရမည့် လူများ ရှိသည်။<br>၂။ ဘုရားသခင်သည် အာဗြံအား ကောင်းကြီးပေးမည်၊ သူ၏မိသားစုကိုလည်း လူမျိုးကြီး ဖြစ်စေမည် ဟု အထူးကတိတော်ကို ပေးခဲ့သည်။ ထိုလူမျိုးအားဖြင့် မြေကြီးပေါ်ရှိ လူမျိုးတကာ ကောင်းကြီး ခံစားရလိမ့်မည်။<br>၃။ အာဗြံသည် သူ၏ဇနီး စာရဲ၊ သူ့တူလောတ တို့နှင့်အတူ ခရီးထွက်လာခဲ့သည်။ သူတို့၏ ပိုင်ဆိုင်မှုများ အားလုံးကို သူတို့နှင့်အတူ တပါတည်း ယူဆောင်လာကြသည်။ ထိုအချိန်တွင် အာဗြံ၏ အသက်သည် ၇၅နှစ် ရှိပြီး ဖြစ်သည်။<br>၄။ သူတို့သည် ခရီးတစ်ခုကို အချိန်အနည်းသွားလာခဲ့ပြီးနောက်တွင် ရှိခင်ဟု ခေါ်သောအရပ်တွင် ဘုရားသခင်သည် အာဗြံထံ ထင်ရှားခဲ့သည်။ ထာဝရ ဘုရားက အာဗြံအား ဤပြည်ကို သင့်၏မိသားစုအား ငါပေးမည်ဟု ပြောခဲ့သည်။<br>၅။ အာဗြံသည် ယဇ်ပလ္လင်တည်၍ ထာဝရဘုရားကို ကိုးကွယ်ခဲ့သည်။ ထို့နောက် သူသည် ခရီးဆက်ခဲ့ပြီး ဗေသလအရပ် နှင့် အာဣအရပ်ကြားရှိ တောင်ကုန်းတွင် တဲကို ဆောက်လေသည်။ တဖန် သူသည် ယဇ်ပလ္လင်တည်၍ ထာဝရဘုရားကို ကိုးကွယ်လေသည်။ ထိုနေရာမှ တောင်မျက်နှာသို့ သူခရီးဆက်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဗြဟံသည် ခါနာန်ပြည်သို့ ရွှေ့ပြောင်း ခဲ့သည်။** |
| ပြန်လှန်လေ့ကျင့်ပါ | ခါရန်မြို့မှ ဗေသလမြို့အထိ အာဗြံသွားခဲ့သည့် လမ်းခရီးကို မြေပုံဆွဲပါ။ ထို့နောက် ပုံပြင်ထဲတွင် ပါဝင်သည့် နေရာများကို မြေပုံတွင် မှတ်သားဖော်ပြပါ။ မောရေသပိတ်ပင် နှင့် ထာဝရဘုရားကို ကိုးကွယ်ရန် အာဗြံတည်ခဲ့သည့် ယဇ်ပလ္လနှစ်ခုကိုလည်း တည့်သွင်း ဖော်ပြပါ။ | အခြားသော ပြည်သို့ သွားရန် အာဗြံအား ဘုရားသခင် ခေါ်သည့်အခါ အာဗြံ၏ စိတ်နေသဘောထားကို ကျွန်ုပ်တို့ ဖော်ပြနိုင်သည့် နာမဝိသေသနများကို ရေးပါ။ ယနေ့ သင်ကြားသည့် ကျမ်းစာသင်ခန်းစာ အပေါ်အခြေခံ၍ ရေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ထာဝရဘုရားသည် အာဗြံအား သူပြလတ့်သော ပြည်သို့ ထွက်သွားရန် ခေါ်သောအချိန်တွင် ခတ်ခဲသည့် အခြေအနေ ဖြစ်သော်လည်း အာဗြံသည် ဘုရားသခင်၏ စကားတော်ကို နာခံခဲ့သည်။ ဤအရာအားဖြင့် အာဗြံ၏ အကျင့်စရိုက်ကို မည်သို့ ဖော်ပြနေသနည်း။<br>၂။ ကျွန်ုပ်တို့ လုံးလုံးနားမလည်သည့် အခြေအနေမှာပင်လျှင် ဘုရားသခင်ကို ယုံကြည်သည့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် နေစဉ်အသက်တာတွင် မည်သို့ ယုံကြည်နေရမည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အာဗြံ ထာဝရဘုရားကို နာခံခဲ့သည့်အကြောင်း အဖွဲ့ ၂ဖွဲ့ သို့မဟုတ် ၃ဖွဲ့ ခွဲ၍ ဆွေးနွေးစေပါ။ အာဗြံသည် ဘုရားသခင်အပေါ်ထားရှိသည့် အမြင်အကြောင်းကို ဤအရာအားဖြင့် မည်သို့ သင်ကြားပေးသနည်း။<br>၂။ ဘုရားသခင်၏ စကားတော်ကို နာခံပြီး စိန်ခေါ်မှု ဖြစ်စေသည့် အခြေအနေကို စဉ်းစားပါ။ ခတ်ခဲသည့် အခြေအနေ၊ မရေရာသည့် အခြေအနေ၊ စိုးရိမ်သည့်အခြေအနေ၊ ဖြစ်သည်ဟု ကျွန်ုပ်တို့ ခံစားရသည့်အချိန်တွင်လည်း ကျွန်ုပ်တို့ မည်သို့ ပြုမူသင့်ကြောင်း အာဗြံ ပုံပြင်မှ မည်သို့ သွန်သင် ထားသနည်း။ |

| | | |
|---|---|---|
| | က ၆ - အဆင့် ၃<br>သင်ခန်းစာ ၂ - အာဗြံဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - ရွေးချယ်ခြင်း | က ၆ - အဆင့် ၄<br>လေ့လာရန် ၂ - အာဗြံဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - သူ၏ ရွေးချယ်ခြင်း |
| | **အခြေပြုသမ္မာကျမ်း -** *ကမ္ဘာ၊ ၁၃း ၁-၁၈*<br>**အဓိကသော့ချက်ကျမ်း -** *သု၊ ၃း ၅၆*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ ကျွန်ုပ်တို့အသက်တာတွင် မှန်ကန်သည့် ဆုံးဖြတ်ချက်ချရန် အလွန်အရေးကြီး ပါသည်။<br>၂။ ကျွန်ုပ်တို့သည် မှန်ကန်ကောင်းမွန်သည့် ဆုံးဖြတ်ချက် ချနိုင်ရန် ဘုရားသခင်၏ ကူညီမစမှုကို တောင်းခံရမည် ဖြစ်သည်။ သူ၏လမ်းပြမှုကို တောင်းခံရမည်။ ထို့အတူ ဘုရားသခင်အား ချီးမွမ်းရန် နှင့် ကိုးကွယ်ရန် ကို အောက်မေ့ သတိရ ရမည် ဖြစ်သည်။ | **အခြေပြုသမ္မာကျမ်း -** *ကမ္ဘာ၊ ၁၃း ၁-၁၈ ၊ ကမ္ဘာ၊ ၁၄း ၁-၁၆*<br>**အဓိကသော့ချက်ကျမ်း -** *ယောရှု ၂၄း ၁၅*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁။ အာဗြံသည် ဘုရားသခင်၏ လမ်းပြမှု နှင့် မစမှုကို ရှာဖွေခဲ့ပြီး၊ ဘုရားသခင်အား ချီးမွမ်းကိုးကွယ် ခဲ့သည်။<br>၂။ ကျွန်ုပ်တို့ လုပ်ဆောင်သည့် အရာတိုင်းတွင် ဘုရားသခင်ထံ ဝန်ခံရမည် ဖြစ်သည်။ သူ၏ လမ်းပြမှု နှင့် မစမှုကို ရှာဖွေပြီး၊ ကျွန်ုပ်တို့ အသက်တာတွင် ခံစားရသည့် ကောင်းကြီးမင်္ဂလာများ အတွက် ဘုရားသခင်အား ချီးမွမ်းကိုးကွယ် ရမည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | • ရွေးချယ်မှု ပြုရခြင်း နှင့် ဆုံးဖြတ်ချက် ချရခြင်းကို ကျွန်ုပ်တို့ နေ့စဉ် ပြုလုပ်နေရသည်။ နေ့စဉ် ပြုလုပ်ရသည့် ဆုံးဖြတ်ချက် အသေးအမွှား နှင့် ဘဝကြီးကို ပြောင်းလဲစေသည့် ကြီးကြီးမားမား ဆုံးဖြတ်ချက် အချို့ကို ဥပမာ ပေးရန် ကျောင်းသားများကို မေးပါ။ ဤအကြောင်းအရာနှင့် နှစ်ခုနှင့် ပတ်သက်သည့် အချက်အလက်များကို စာရင်းပြုစုပါ။<br>• တစ်ယောက်ချင်းစီကို စာရွက်တစ်ရွက်ချင်းစီ ပေးပါ။ ချက်ခြင်း သူတို့ ဆုံးဖြတ်လိုက်သည့် ဆုံးဖြတ်ချက် အသေးအစားကို ပုံဖော်ပြသည့် ရုပ်ပုံကို စာရွက်တစ်မျက်နှာတွင် ပုံဆွဲစေပါ။ အခြား တစ်ဖက်တွင် အနာဂတ်အတွက် သူတို့ ထားရှိသည့် မျှော်လင့်ချက်၊ ရည်ရွယ်ချက်၊ အိပ်မက်များကို ပုံဖော်သည့် ရုပ်ပုံကို ဆွဲစေပါ။ အဖွဲ့ငယ်များ ခွဲ၍ သူတို့၏ ရုပ်ပုံများအကြောင်း ဝေငှခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်နိုင်သည်။ ကျွန်ုပ်တို့ အားလုံး ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များ ပြုလုပ်နေရကြောင်း ရှင်းပြပါ။ ထိုအရာများအတွက် လမ်းညွှန်မှုနှင့် ကူညီမစမှု လိုအပ်သည်။ ကျွန်ုပ်တို့၏ ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များ အားလုံးအတွက် ကောင်းမွန်သည့် လမ်းညွှန်မှုပေးရန် ဘုရားသခင်ကို ကျွန်ုပ်တို့ ကိုးစားနိုင်သည်။ | ဘုရားသခင် ကို အစေခံခြင်းသည် ရွေးချယ်မှု တစ်ခုဖြစ်သည်။<br>ဘုရားသခင်၏ အစေကိုခံရန် ရွေးချယ်သော သူများ၏ အသက်တာတွင် မည်သည့် ထူးခြားချက်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်သနည်း။<br>ထိုထူးခြားချက်များကို စာရင်း ပြုစုပါ။ ဤသင်ခန်းစာတွင် ပါရှိသော အာဗြံ၏ အသက်တာတွင် ကျွန်ုပ်တို့ သင်ယူသကဲ့သို့ ဘုရားသခင်၏ အစေခံများ၏ အသက်တာတွင် တွေ့ရှိရသည့် ထူးခြားချက်စရိုက် များကို မိမိတို့ စိတ်နှလုံးထဲတွင် မှတ်သားပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အာဗြံသည် အထက်က သူရောက်ခဲ့ဘူးသည့် ဗေသလအရပ် နှင့် အာဣမြို့ ကြားရှိ နေရာအရပ်သို့ တဖန်ပြန်လာခဲ့သည်။ သူသည် ထိုအရပ်တွင် ယဇ်ပလ္လင်ကို တည်၍ ထာဝရဘုရား၏ နာမတော်ကို ပဌနာ ပြုလေသည်။<br>၂။ အာဗြံ ဆုံးဖြတ်ချက် ချခဲ့သည်။ လူအများစုသည် မြေတစ်နေရာတည်းတွင် နေထိုင်ကြပြီး ၊ ထိုအတွက်ကြောင့် သူတို့သည် စကားများရန်ဖြစ်ကြသည်။ အယောက်စီတိုင်းအတွက် နေရာ မလုံလောက်ပေ။ ထို့ကြောင့် အာဗြံသည် သူ့တူလောတနှင့် ခွဲပြီး သီးခြားနေရန် ဆုံးဖြတ်ချက် ချရမည့် အချိန်ရောက်လာပြီး ဖြစ်သည်။<br>၃။ လောတ နေလိုသည့် နေရာတွင် နေထိုင်ရန် အာဗြံသည် လောတအား ဦးစွာ ရွေးချယ်ခွင့် ပေးခဲ့သည်။<br>၄။ ရေရရှိပြီး မြေသြဇာကောင်းသည့် ယောဒန်မြစ်ဝှမ်းဒေသကို လောတ ရွေးချယ်ခဲ့သည်။<br>၅။ အာဗြံသည် ခါနာန်ပြည်၌ နေသည်။<br>၆။ လောတသည် သူ့လမ်းကို ရွေးချယ်ခွဲထွက် သွားပြီးနောက်တွင် ဘုရားသခင်သည် အာဗြံထံ ထပ်မံ ကတိပေးခဲ့သည်။ အာဗြံ နင်းသမျှ အရှေ့ အနောက်၊ တောင်၊ မြောက် အရပ်ရှိ နယ်မြေများ အားလုံးကို သူ့အားပေးမည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။<br>၇။ အာဗြံသည် သားမြေးများစွာကို ရရှိပြီး ထိုသားမြေးတို့သည်လည်း ဤနယ်မြေများကို ပိုင်ဆိုင်ရလိမ့်မည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။<br>၈။ အာဗြံသည် ဟေဗြုန်မြို့ မံရေသပိတ်တောသို့ ရောက်၍ နေထိုင်လေသည်။ သူသည် ထိုနေရာတွင် ယဇ်ပလ္လင်ကို တည်၍ ထာဝရဘုရားအား ကိုးကွယ်လေသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဗြံဟံ နှင့် လောတ ခွဲခွာခြင်း** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အာဗြံ ဆုံးဖြတ်ချက် ချခဲ့သည်။ လူအများစုသည် မြေတစ်နေရာတည်းတွင် နေထိုင်ကြပြီး ၊ တိရိစ္ဆာန်များအတွက် လုံးလောက်သည့် အစာများ မရရှိသည့်အတွက်ကြောင့် သူတို့သည် စကားများရန်ဖြစ်ကြသည်။ ထို့ကြောင့် အာဗြံသည် သူ့တူလောတနှင့် ခွဲပြီး သီးခြားနေရန် ဆုံးဖြတ်ချက် ချရမည့် အချိန်ရောက်လာပြီး ဖြစ်သည်။<br>၂။ လောတ နေလိုသည့် နေရာတွင် နေထိုင်ရန် အာဗြံသည် လောတအား ဦးစွာ ရွေးချယ်ခွင့် ပေးခဲ့သည်။<br>၃။ ရေရရှိပြီး မြေသြဇာကောင်းသည့် ယောဒန်မြစ်ဝှမ်းဒေသကို လောတ မြင်ပြီး မြို့၏ အနီးအနားတွင် ရွေးချယ်ခဲ့သည်။<br>၄။ အာဗြံသည် ခါနာန်ပြည်၌ နေသည်။<br>၅။ လောတသည် သူ့လမ်းကို ရွေးချယ်ခွဲထွက် သွားပြီးနောက်တွင် ဘုရားသခင်သည် အာဗြံထံ ထပ်မံ ကတိပေးခဲ့သည်။ အာဗြံ နင်းသမျှ အရှေ့ အနောက်၊ တောင်၊ မြောက် အရပ်ရှိ နယ်မြေများ အားလုံးကို သူ့အား ပေးမည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။ အာဗြံသည် သားမြေးများစွာကို ရရှိပြီး ထိုသားမြေးတို့သည်လည်း ဤနယ်မြေများကို ပိုင်ဆိုင်ရလိမ့်မည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။<br>၆။ အာဗြံသည် ဟေဗြုန်မြို့ မံရေသပိတ်တောသို့ ရောက်၍ နေထိုင်လေသည်။ သူသည် ထိုနေရာတွင် ယဇ်ပလ္လင်ကို တည်၍ ထာဝရဘုရားအား ကိုးကွယ်လေသည်။<br>၇။ အာဗြံသည် နယ်မြေမငြိမ်းချမ်း ဖြစ်နေချိန်တွင် နေထိုင်ခဲ့ ဖြစ်သည်။ ရန်သူများသည် သောဒုံမြို့အား ဝင်ရောက်တိုက်ခိုက်ပြီး လောတနှင့်အတူ အခြားသောသူများနှင့် သူတို့၏ပိုင်ဆိုင်ပစ္စည်းများကို ယူဆောင်သွားကြသည်။<br>၈။ ထိုသတင်းကို အာဗြံကြားသောအချိန်တွင် သူ၏တပ်သားများကို စုစည်းပြီး ရန်သူများ နောက်သို့ လိုက်၍ တိုက်ခိုက်ခဲ့ပြီး၊ ဓားစာခံများကို ကယ်တင်ခဲ့သည်။ အာဗြံသည် သောဒုံမင်းကြီးထံမှ မည်သည့် အဖိုးအခကိုမျှ မယူခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် သူ၏ရန်သူများကို အောင်နိုင်ရသော အခွင့်ကို ပေးသောသူမှာ ဘုရားသခင် ဖြစ်သောကြောင့် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဗြံဟံ နှင့် လောတ ခွဲခွာခြင်း** |
| ပြန်လှန်လေ့ကျင့်ပါ | သတင်းစာကဲ့သို့ သတင်းစာရွက်ပြုလုပ်ရမည်။ သတင်းစာ ခေါင်းစီးတွင် ယနေ့ သင်ခန်းစာမှ ပုံပြင်ပါ အကြောင်းအရာကို ရေးပါ။ ဆောင်းပါးတွင် ပုံပြင်၏ အဓိက အကြောင်းအရာများ ပါဝင်ရမည်။ ဤလက်တွေ့ ပြုလုပ်ချက်ကို အဖွဲ့ငယ်များ၊ သို့မဟုတ် နှစ်ယောက်တစ်တွဲစီဖြင့် ပြုလုပ်စေပါ။ ဆောင်းပါးကို ပြသရမည်။ ဆွေးနွေးရမည်။ | အဓိကသော့ချက်ကျမ်း ယောရှု ၂၄း ၁၅ ကို ဖတ်ပါ။ ဤလေ့လာခြင်းမှ သင် မည်သည့်အရာကို သင်ယူခဲ့ရပါသနည်း။ အာဗြံသည် ဘုရားသခင်၏ အစေခံ ဖြစ်ကြောင်း မည်ကဲ့သို့ ဖော်ပြခဲ့သနည်း။ ဤသင်ခန်းစာအစတွင် ပြုစုထားသည့် ဘုရားသခင့် အစေခံများ၏ ထူးခြားသည့် စရိုက်များကို ပြန်လှန် စစ်ဆေးပါ။ သင် ထပ်ဖြည့်လိုသောအရာ သို့မဟုတ် ပြင်လိုသောအရာ တစ်စုံတစ်ခု ရှိပါသလား။ ဘုရားသခင်ကို အစေခံခြင်းသည် ယနေ့ ကျွန်ုပ်တို့ အသက်တာတွင် မည်သည့် ထူးခြားချက်များ ဖြစ်စေသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>အာဗြံသည် သူ၏ရွေးချယ်ခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့တွင် ဘုရားသခင်ကို ပါဝင်စေသည့်အတွက် ဘုရားသခင်သည် သူ့အား ကောင်းချီးပေးသည်။ သင်၏ အသက်တာတွင် အရေးကြီးသည့် ဆုံးဖြတ်ချက်ချရာတွင် ဘုရားသခင်၏ လမ်းညွှန်မှုနှင့် ညွှန်ကြားမှုကို သင် တောင်းလျှောက်သည့်အကြောင်း စဉ်းစားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ကျောင်းသား တစ်ယောက်စီကို ဗလာပို့စကပ်တစ်ခုစီ ပေးပါ။ ဘုရားသခင်ကို သူတို့ ပို၍သစ္စာရှိစွာ အစေခံနိုင်သည့် နည်းလမ်းတစ်ခုစီကို စဉ်းစားရန် စိန်ခေါ်မှု ပြုပါ။ ထို ပို့စကပ်ပေါ်တွင် သူတို့၏ကိုယ်ပိုင် ဆုတောင်းချက်ကို ရေးနိုင်ပြီး၊ အမှတ်တရပစ္စည်း တစ်ခုအဖြစ် မိမိတို့၏အိမ်သို့ ယူသွားနိုင်သည်။ |

| | က ၆ - အဆင့် ၃<br>သင်ခန်းစာ ၃ - အာဗြံဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - ဘုရားသခင်၏ ကတိတော် | က ၆ - အဆင့် ၄<br>လေ့လာရန် ၃ - အာဗြံဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - သူ၏ ယုံကြည် စိတ်ချမှု |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း** - *ကမ္ဘာ၊ ၁၇း ၁-၈ ၊ ကမ္ဘာ၊ ၁၈း ၁-၁၅၊ ကမ္ဘာ၊ ၂၁း ၁-၅*<br>**အဓိကသော့ချက်ကျမ်း** - *မသဲ၊ ၁း ၂၁*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. အာဗြံသည် သူ့နည်း သူ့ဟန်ဖြင့် သူ၏လမ်းကို ကြိုးစားလျှောက်ခဲ့သော်လည်း ဘုရားသခင်သည် သူအား လုံးဝ လက်မရှော့ခဲ့ပေ။<br>၂. ဘုရားသခင်သည် အာဗြံအား လူမျိုးတို့၏အဖ ဖြစ်မည်ဟု ကတိထားတော်မူသည့်အတိုင်း သူ၏ကတိ တည်ခဲ့သည်။ အာဗြံ တစ်ဦးတည်းကိုသာ ကျေးဇူးပြုမည်မဟုတ်ပဲ သူ၏ သားစဉ်မြေးဆက်ထိတိုင် ဆက်လက် ကောင်းချီးပေးမည် ဟု ဆိုလိုခြင်း ဖြစ်သည်။<br>၃. တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကတိတော်အပေါ် သံသရ ဝင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယုံရခက်သော အရာများ ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် အရာရာကို ကျွန်ုပ်တို့၏ စိတ်ထင်အတိုင်း အစီအစဉ်ဆွဲတက်သည်။ ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ရန်နှင့် ထိုကတိတော်များ ပြည့်စုံလာသည်အထိ စောင့်ရန် ဤသင်ခန်းစာမှ ကျွန်ုပ်တို့ကို သွန်သင်ပြီး စိန်ခေါ်မှု ပြုထားပါသည်။ | **အခြေပြုသမ္မာကျမ်း** -*ကမ္ဘာ၊ ၁၅း ၁-၇ ၊ ကမ္ဘာ၊ ၁၇း၁-၁၉၊ ကမ္ဘာ၊ ၁၈း ၁-၁၅*<br>**အဓိကသော့ချက်ကျမ်း** - *ကမ္ဘာ၊ ၁၈း၁၄*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ။**<br>၁. အာဗြံဟံ၏အမွေကို ဆက်ခံမည့် သားကို ပေးမည်ဟု ဘုရားသခင် ကတိထားတော်မူခဲ့သည်။ အာဗြံသည် ဘုရားသခင်ကို ယုံကြည်သည်။ သို့သော် သူ နှင့် သူ၏ဇနီးသည်သည် အသက်အရွယ် အလွန်အိုပြီး၊ အိုသည့်တိုင်အောင် သားသမီးတစ်ယောက်မျှ မရရှိသေးပေ။ သားသမီးရရန် သူတို့နည်း သူတို့ဟန် ဖြင့်ကြိုးစားကြသည်။<br>၂. ဘုရားသခင်သည် အာဗြံနှင့်စာရဲအား လုံးဝ လက်မရှော့ခဲ့ပေ။ ဘုရားသခင်သည် အာဗြံအား လူမျိုးတို့၏အဖ ဖြစ်မည်ဟု ကတိ ထားတော်မူသည့်အတိုင်း သူ၏ကတိ တည်ခဲ့သည်။ အာဗြံ တစ်ဦးတည်းကိုသာ ကျေးဇူးပြုမည်မဟုတ်ပဲ သူ၏ သားစဉ်မြေးဆက်ထိတိုင် ဆက်လက် ကောင်းချီးပေးမည် ဟု ဆိုလိုခြင်း ဖြစ်သည်။<br>၃. တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကတိတော်အပေါ် သံသရ ဝင်နိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယုံရခက်သော အရာများ ဖြစ်သောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် အရာရာကို ကျွန်ုပ်တို့၏ စိတ်ထင်အတိုင်း အစီအစဉ်ဆွဲတက်သည်။ ဘုရားသခင်၏ ကတိတော်ကို ယုံကြည်ရန်နှင့် ထိုကတိတော်များ ပြည့်စုံလာသည်အထိ စောင့်ရန် ဤသင်ခန်းစာမှ ကျွန်ုပ်တို့ကို သွန်သင်ပြီး စိန်ခေါ်မှု ပြုထားပါသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကတိပေးဘူးပါသလား ဟု ကျောင်းသားများကို မေးပါ။ တစ်စုံတစ်ဦးက ကျောင်းသားထဲမှ တစ်ဦးဦးကို ကတိပေးဘူးပါသလား။ ကတိပေးဘူးပါက ထိုကတိများကို စာရင်းပြုစု၍ ရေးသားပါ။ လူတို့သည် တစ်ခါတစ်ရံ သူတို့၏ ကတိများကို မစောင့်ထိန်းနိုင်ကြပေ။ ကတိ မတည်နိုင် ကြပေ။ အဘယ်ကြောင့် ကတိ မတည်နိုင်ရခြင်း ဖြစ်သနည်း။ (အဖွဲ့နှင့် ဆွေးနွေးပါ။) ဘုရားသခင်ပေးမည့် အလားအလာ ရှိလိမ့်မည် မဟုတ်ဟု ထင်ရသည့် အခြေအနေမှာပင်လျှင် ဘုရားသခင်သည် သူ၏ကတိကို စောင့်ထိန်းကြောင်း ဤသင်ခန်းစာမှ ကျွန်ုပ်တို့ကို သွန်သင်ထားသည်။ | ယနေ့တွင်လူသားတို့ ပြုလုပ်တက်ကြသည့် ကတိပြုချက်များကို သင်ပုန်းပေါ် သို့မဟုတ် ဖလင်စာရွက်တွင် ရေးပါ။ (လက်ထပ်ကတိစကား၊ စစ်တပ်ကျမ်းကျိန်စာမျာ၊ တရားဥပဒေ သဘောတူစာချုပ်များ၊ ငွေပေးချေခြင်း သဘောတူစာချုပ်များ၊ စသည်ဖြင့် ) ထိုကတိများသည် မည်သည့် အတိုင်းအတာအထိ ထိန်းသိမ်းပြီး၊ မည်သည့် အတိုင်းအတာတွင် ကတိပျက်တက်သည်ကို ဆွေးနွေးပါ။ ဘုရားသခင်သည် သူ၏ ကတိကို စောင့်ထိန်းကြောင့် ဤသင်ခန်းစာမှ ကျွန်ုပ်တို့ကို သွန်သင်ထားသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. အာဗြံသည် သားသမီးများစွာ ရှိလိမ့်မည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။<br>၂. အာဗြံ နှင့် စာရဲသည် အလွန်အသက်အိုပြီး ဖြစ်သည့်အတွက် ကလေးရရန် သူတို့နည်း သူတို့ဟန်နှင့် ကြိုးစားကြသည်။<br>၃. ထိုသို့ ဖြစ်သည့်တိုင်အောင် ဘုရားသခင်သည် သူ၏ကတိကို မဖျက်ခဲ့ပေ။ ကတိဖျက်မည့်အစာ အာဗြံနှင့်စာရဲအတွက် သူ၏ကတိတော်ကို ပြည်စုံစေခဲ့သည်။ သူ့ကတိ၏ သက်သေအဖြစ် ၎င်းတို့အား နာမည်အသစ် ပေးခဲ့သည်။ အာဗြံဟံ နှင့် စာရာ အဖြစ် ပြောင်လဲခေါ်စေခဲ့သည်။<br>၄. အာဗြံဟံအား လူမျိုးတို့၏အဖ ဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။ အာဗြံဟံ နှင့် သူ၏ သားစဉ်မြေးဆက်အား နယ်မြေအပိုင် ပေးမည်ဟု ကတိပေးခဲ့သည်။ သူသည်လည်း သူတို့၏ ဘုရား ဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။<br>၅. လူသုံးဦးသည် အာဗြံဟံထံ လာရောက်လည်ပတ်ခဲ့သည်။ အာဗြံဟံသည်လည်း ကောင်းစွာ ဧည့်ခံခဲ့သည်။<br>၆. စာရာသည် လာမည့်နှစ် ဤအချိန်တွင် သားယောကျ်ားကို ဖွားလိမ့်မည်ဟု သခင်က ပြောခဲ့သည်။ ထိုသတင်းစကားကို ကြာပြီး စာရာ ရယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမနှင့် အာဗြံဟံသည် ကလေးမွေးရန်မှာ အလွန်အိုနေပြီး ဖြစ်သည့် အတွက်ကြောင့် ဖြစ်သည်။<br>၇. ဘုရားသခင်သည် သူ၏ကတိကို စောင့်ထိန်းတော်မူပြီး၊ စာရာသည် သားလေး မွေးဖွားခဲ့သည်။<br>၈. အာဗြံဟံ နှင့် စာရာ သူတို့၏ သားလေးကို ဣဇက် အမည်ဖြင့် မည့်ခေါ်သည်။ ဣဇက် ဆိုသော အမည်မှာ ရယ်မောခြင်း ဟု အဓိပ္ပာယ်ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အလားအလာ မရှိသည့်အခြေအနေတွင် သူ၏ ကတိကို အာဗြံဟံ နှင့် စာရာတို့၏ အသက်တာတွင် ပြည့်စုံစေခဲ့ပြီး၊ သူတို့ အိုမင်းသောအချိန်မှာ သူတို့အတွက် ဝမ်းမြောက်ခြင်းကို သယ်ဆောင်လာပေးသောကြောင့် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဗြံဟံ နှင့် ဧည့်သည် သုံးဦး (၁)** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. အာဗြံသည် သားသမီးများစွာ ရှိလိမ့်မည်ဟု ဘုရားသခင် ကတိပေးခဲ့သည်။<br>၂. အာဗြံ နှင့် စာရဲသည် အလွန်အသက်အိုပြီး ဖြစ်သည့်အတွက် ကလေးရရန် သူတို့နည်း သူတို့ဟန်နှင့် ကြိုးစားကြသည်။<br>၃. ထိုသို့ ဖြစ်သည့်တိုင်အောင် ဘုရားသခင်သည် သူ၏ကတိကို မဖျက်ခဲ့ပေ။ သူ၏ကတိတော်ကို ပြည်စုံစေခဲ့သည်။ သူ့ကတိ၏ သက်သေအဖြစ် ၎င်းတို့အား နာမည်အသစ် ပေးခဲ့သည်။ အာဗြံဟံ နှင့် စာရာ အဖြစ် ပြောင်လဲခေါ်စေခဲ့သည်။<br>၄. အာဗြံဟံအား လူမျိုးတို့၏အဖ ဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။ အာဗြံဟံ နှင့် သူ၏ သားစဉ်မြေးဆက်အား နယ်မြေအပိုင် ပေးမည်ဟု ကတိပေးခဲ့သည်။ သူသည်လည်း သူတို့၏ ဘုရား ဖြစ်လိမ့်မည်ဟု ပြောခဲ့သည်။<br>၅. လူသုံးဦးသည် အာဗြံဟံထံ လာရောက်လည်ပတ်ခဲ့သည်။ အာဗြံဟံသည်လည်း ကောင်းစွာ ဧည့်ခံခဲ့သည်။<br>၆. စာရာသည် လာမည့်နှစ် ဤအချိန်တွင် သားယောကျ်ားကို ဖွားလိမ့်မည်ဟု သခင်က ပြောခဲ့သည်။ ထိုသတင်းစကားကို ကြာပြီး စာရာ ရယ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမနှင့် အာဗြံဟံသည် ကလေးမွေးရန်မှာ အလွန်အိုနေပြီး ဖြစ်သည့် အတွက်ကြောင့် ဖြစ်သည်။<br>၇. ဘုရားသခင်သည် သူ၏ကတိကို စောင့်ထိန်းတော်မူပြီး၊ စာရာသည် သားလေး မွေးဖွားခဲ့သည်။<br>၈. အာဗြံဟံ နှင့် စာရာ သူတို့၏ သားလေးကို ဣဇက် အမည်ဖြင့် မည့်ခေါ်သည်။ ဣဇက် ဆိုသော အမည်မှာ ရယ်မောခြင်း ဟု အဓိပ္ပာယ်ရသည်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် အလားအလာ မရှိသည့်အခြေအနေတွင် သူ၏ ကတိကို အာဗြံဟံ နှင့် စာရာတို့၏ အသက်တာတွင် ပြည့်စုံစေခဲ့ပြီး၊ သူတို့ အိုမင်းသောအချိန်မှာ သူတို့အတွက် ဝမ်းမြောက်ခြင်းကို သယ်ဆောင်လာပေးသောကြောင့် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ FBI - အာဗြံဟံ နှင့် ဧည့်သည် သုံးဦး (၁)** |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကသော့ချက်ကျမ်းကို ဖတ်ပါ။ ထိုကျမ်းချက်ရှိသည့်နေရာတွင် စာမျက်နှာမှတ်သည့် စာရွက်ချက်ကလေးဖြင့် မေးခွန်းအမှတ်အသား ပြုလုပ်ပါ။ ဤအရာ ကြည့်သည့်အခါတိုင် မဖြစ်နိုင်သည့် အခြေအနေမှာပင်လျှင် ဘုရားသခင်သည် သူ၏ကတိကို တည်စေသည့် ဘုရားဖြစ်ကြောင်း သတိရပါ။ | အဖွဲ့ငယ်ဖွဲ့ပါ။ ဤသင်ခန်းစာမှ ဘုရားသခင်၊ အာဗြံဟံ နှင့် စာရာတို့၏ မည်သည့် စရိုက်လက္ခဏာကို ကျွန်ုပ်တို့ သင်ယူရသနည်း။ ကျောင်းသားများသည် မိမိတို့ အဖွဲ့အလိုက် ဆွေးနွေးထားသည့် အရာများကို စာရွက်တွင် ချရေးရမည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ဘုရားသခင်ကို သင်ယုံကြည် ကိုးစားပါသလား။<br>၂. ဘုရားသခင်၏ နုတ်ကပတ်တော်ထဲတွင် ပေးထားသည့် ကတိတော်များကို သင်ယုံကြည်ပါသလား။<br>၃. ဘုရားသခင်အပေါ်၌ သင်ထားရှိသော ယုံကြည်ခြင်းသည် ဤသင်ခန်းစာအားဖြင့် မည်မျှ ခွန်အား ဖြစ်စေပါသနည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သင်၏အသက်တာတွင် ဘုရားသခင်အတွက် အလွန်ခတ်ခဲသောအရာ ဖြစ်သည် ဟု သင်တွေးထင်သောအရာ ရှိပါသလား။<br>၂. သင်၏အသက်တာ အခြေအနေတိုင်းတွင် ဘုရားသခင်အား သင်ကိုးစားနိုင်ရန် ဤသင်ခန်းစာမှ မည်သည့်အရာကို သင် လေ့လာရရှိ သနည်း။ |

| | က ၆ - အဆင့် ၃<br>သင်ခန်းစာ ၄ - အာဗြဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - ချစ်ခြင်းကို စမ်းသပ်ခြင်း | က ၆ - အဆင့် ၄<br>လေ့လာရန် ၄ - အာဗြဟံ၏ ခရီးစဉ်<br>ခေါင်းစဉ် - စိန်ခေါ်ခြင်း |
|---|---|---|
| | **အခြေပြုသမ္မာကျမ်း -** *ကမ္ဘာ၊ ၂၂း ၁-၁၄*<br>**အဓိကသော့ချက်ကျမ်း -** *ယော၊ ၁း ၂၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ॥**<br>၁. ဘုရားသခင်သည် အာဗြဟံကို စမ်းသပ်ခဲ့သည်။ အာဗြဟံ၏ တစ်ဦးတည်းသောသားကို သူ့အား ပူဇော်စေခဲ့သည်။ အားဗြဟံသည် ဘုရားသခင်၏ စကားကို နာခံပြီး လုံးလုံးယုံကြည် ကိုးစားခဲ့သည်။<br>၂. ဘုရားသခင်သည် အကောင်းဆုံး ပြင်ဆင်ပေးသော အရှင် ဖြစ်သည်။ ဣဇက်၏ နေရာတွင် အစားထိုးမည့် ယဇ်ကောင်ကို ပြင်ဆင်ပေးခဲ့သည်။<br>၃. ကျွန်ုပ်တို့၏ ကိုယ်စား ယဇ်ကောင်အဖြစ် အသေခံရန်နှင့် ကျွန်ုပ်တို့၏ အပြစ်များကို အဝေးသို့ ယူဆောင်သွားရန် သခင်ယေရှုကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။ | **အခြေပြုသမ္မာကျမ်း -** *ကမ္ဘာ၊ ၂၂း ၁-၁၉*<br>**အဓိကသော့ချက်ကျမ်း -** *ဟေဗြဲ၊ ၁၁း ၁၇-၁၉*<br><br>**ကျွန်ုပ်တို့သင်ယူသွားမည့်အရာ ॥**<br>၁. ဘုရားသခင်သည် အာဗြဟံကို စမ်းသပ်ခဲ့သည်။ အာဗြဟံ၏ တစ်ဦးတည်းသောသားကို သူ့အား ပူဇော်စေခဲ့သည်။ အားဗြဟံသည် ဘုရားသခင်၏ စကားကို နာခံပြီး လုံးလုံးယုံကြည် ကိုးစားခဲ့သည်။<br>၂. ဘုရားသခင်သည် အကောင်းဆုံး ပြင်ဆင်ပေးသော အရှင် ဖြစ်သည်။ ဣဇက်၏ နေရာတွင် အစားထိုးမည့် ယဇ်ကောင်ကို ပြင်ဆင်ပေးခဲ့သည်။<br>၃. ဘုရားသခင် စကားကို အာဗြဟံ နာခံကြောင်း ဘုရားသခင်သိသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ့အား အရာအားလုံးပေးရန် အဆင်သင့်ဖြစ်နေသည်။ သူ၏ ကတိကို လက်တွေ့ပြခဲ့သည်။<br>၄. ကျွန်ုပ်တို့၏ ကိုယ်စား ယဇ်ကောင်အဖြစ် အသေခံရန်နှင့် ကျွန်ုပ်တို့၏ အပြစ်များကို အဝေးသို့ ယူဆောင်သွားရန် သခင်ယေရှုကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် လူတွေ၏အကြောင်းကို သိရန်အတွက် သမ်းသပ်မှုများ ပြုလုပ်တက်ကြသည်။ လူတို့ စမ်းသပ်လေ့ရှိသည့် စမ်းသပ်မှု အမျိုးမျိုးကို စရင်းပြုစုပါ။ (ယဉ်မောင်း စမ်းသပ်စစ်ဆေးခြင်း၊ ကျောင်းစာမေးပွဲ၊ အနုပညာစာမေးပွဲ၊ အကြား၊ အမြင်၊ စသည်ဖြင့်) ဤစမ်းသပ်မှုများသည် လူတစ်ယောက်၏ ဗဟုတ၊ တက်သိနားလည်မှု၊ ရုပ်ပိုင်ဆိုင်ရာ အရည်အချင်း၊ အကျင့်စရိတ် အမူအကျင့်၊ အခြေအနေကို ဖော်ပြနေသည်။ ဤပုံပြင်တွင် အာဗြဟံ၏ ယုံကြည်ကိုးစားမှုကို ဖော်ထုတ်ရန် အာဗြဟံအား ဘုရားသခင် စမ်းသပ်ခဲ့သည်။ | ဒီပစ္စည်းတစ်ခု၊ သို့မဟုတ် ဒီလူတစ်ယောက် မရှိလျှင် သင်မနေနိုင်သည့် အခြေအနေ သင်အသက်တာတွင် ရှိဘူးပါသလား။ အာဗြဟံအတွက် သူ၏သားဣဇက်သည် ထိုကဲ့သို့သောသူ ဖြစ်သည်။ ဣဇက်ကို ရရှိရန်အတွက် အာဗြဟံ အချိန်အကြာကြီး စောင့်ခဲ့ရသည်။ ဣဇက်ကို ဆုံးရှုံးရပါလျှင် အာဗြဟံ မည်မျှ ခံစားရမည်နည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဘုရားသခင်၏ ကတိတော်အားဖြင့် ရရှိခဲ့သည့် အာဗြဟံ၏ တစ်ဦးတည်းသောသားကို ဘုရားသခင်အား ယဇ်ပူဇော်ရန်အတွက် အာဗြဟံထံ ဘုရားသခင် တောင်းခဲ့သည်။<br>၂. ဘုရားသခင်၏ နည်းလမ်းကို အာဗြဟံ နာခံခဲ့သည်။ ဘုရားသခင် သွားခိုင်သည့် နေရာသို့ ရောက်ရန် အာဗြဟံ သုံးရက်ခရီး သွားခဲ့ရသည်။<br>၃. ယဇ်ကောင် ဘယ်မှာနည်းဟု ဣဇက် မေးခဲ့သောအချိန်တွင် ဘုရားသခင်သည် သူ့အတွက် သူပြင်ဆင်လိမ့်မည်ဟု အာဗြဟံ ဖြေခဲ့သည်။ ဤသို့ ဖြေသည့်အရာကို ကြည့်ခြင်းအားဖြင့် အာဗြဟံတွင် ကြီးမားသည့် ယုံကြည်ခြင်း ရှိကြောင်း သိနိုင်သည်။<br>၄. အာဗြဟံသည် ဘုရားသခင်ထံ လုံးလုံး နာခံခဲ့သည်။ ဘုရားသခင်အတွက် သူ၏အရာအားလုံးနှင့် သူတန်ဖိုးထားရသည့် သူ၏ တစ်ဦးတည်းသော သားကို ပေးရန် အဆင်သင့်ပင် ဖြစ်သည်။<br>၅. ဘုရားသခင်သည် အာဗြဟံကို ခေါ်ပြီး၊ သူ၏သား ဣဇက်ကို မထိခိုက်ရန် ပြောခဲ့သည်။<br>၆. ဣဇက်၏ နေရာတွင် အစားထို ယဇ်ပူဇော်ရန်အတွက် သိုးတစ်ကောင်ကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။<br>၇. အာဗြဟံ၏အမျိုးအနွယ်ကို မရေတွက်နိုင်အောင် များပြားစေမည်ဟု ပြောခဲ့သည့် သူ၏ကတိကို ဘုရားသခင်စေင့်ထိန်းခဲ့ပြီး၊ ဘုရားသခင် ကတိတည်ခဲ့သည်။ ထိုလူမျိုးအားဖြင့်လည်း လူမျိုးတကာကို ကောင်းကြီး ဖြစ်စေမည်ဟုလည်း ဘုရားသခင် ကတိပေးခဲ့သည်။<br>၈. "ဘုရားသခင်၏ သိုးသူငယ်" အဖြစ် ကျွန်ုပ်တို့ကိုယ်စား အသေခံရန် ဘုရားသခင်သည် သူ၏ တစ်ပါးတည်းသော သားတော်ကို စေလွှတ်ခဲ့သည်။ သခင်ယေရှုအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းကြီးပေးခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ကိုးစားလျှင် ဘုရားသခင် ပြင်ဆင်ပေးသည့် ကယ်တင်ခြင်းကို ခံစားရရှိနိုင်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>ပြပါ **FBI - အာဗြဟံ နှင့် ဣဇက်** | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br><br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဘုရားသခင်၏ ကတိတော်အားဖြင့် ရရှိခဲ့သည့် အာဗြဟံ၏ တစ်ဦးတည်းသောသားကို ဘုရားသခင်အား ယဇ်ပူဇော်ရန်အတွက် အာဗြဟံထံ ဘုရားသခင် တောင်းခဲ့သည်။<br>၂. ဘုရားသခင်၏ နည်းလမ်းကို အာဗြဟံ နာခံခဲ့သည်။ ဘုရားသခင် သွားခိုင်သည့် နေရာသို့ ရောက်ရန် အာဗြဟံ သုံးရက်ခရီး သွားခဲ့ရသည်။<br>၃. ယဇ်ကောင် ဘယ်မှာနည်းဟု ဣဇက် မေးခဲ့သောအချိန်တွင် ဘုရားသခင်သည် သူ့အတွက် သူပြင်ဆင်လိမ့်မည်ဟု အာဗြဟံ ဖြေခဲ့သည်။ ဤသို့ ဖြေသည့် အရာကို ကြည့်ခြင်းအားဖြင့် အာဗြဟံတွင် ကြီးမားသည့် ယုံကြည်ခြင်း ရှိကြောင်း သိနိုင်သည်။<br>၄. အာဗြဟံသည် ဘုရားသခင်ထံ လုံးလုံး နာခံခဲ့သည်။ ဘုရားသခင်အတွက် သူ၏အရာအားလုံးနှင့် သူတန်ဖိုးထားရသည့် သူ၏ တစ်ဦးတည်းသော သားကို ပေးရန် အဆင်သင့်ပင် ဖြစ်သည်။<br>၅. ဘုရားသခင်သည် အာဗြဟံကို ခေါ်ပြီး၊ သူ၏သား ဣဇက်ကို မထိခိုက်ရန် ပြောခဲ့သည်။<br>၆. ဣဇက်၏ နေရာတွင် အစားထို ယဇ်ပူဇော်ရန်အတွက် သိုးတစ်ကောင်ကို ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။<br>၇. အာဗြဟံ၏အမျိုးအနွယ်ကို မရေတွက်နိုင်အောင် များပြားစေမည်ဟု ပြောခဲ့သည့် သူ၏ကတိကို ဘုရားသခင်စောင့်ထိန်းခဲ့ပြီး ဘုရားသခင် ကတိတည်ခဲ့သည်။ ထိုလူမျိုးအားဖြင့်လည်း လူမျိုးတကာကို ကောင်းကြီး ဖြစ်စေမည်ဟုလည်း ဘုရားသခင် ကတိပေးခဲ့သည်။<br>၈. "ဘုရားသခင်၏ သိုးသူငယ်" အဖြစ် ကျွန်ုပ်တို့ကိုယ်စား အသေခံရန် ဘုရားသခင်သည် သူ၏ တစ်ပါးတည်းသော သားတော်ကို စေလွှတ်ခဲ့သည်။ သခင်ယေရှုအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းကြီးပေးခဲ့သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကို ယုံကြည်ကိုးစားလျှင် ဘုရားသခင် ပြင်ဆင်ပေးသည့် ကယ်တင်ခြင်းကို ခံစားရရှိနိုင်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>ပြပါ **FBI - အာဗြဟံ နှင့် ဣဇက်** |
| ပြန်လှန်လေ့ကျင့်ပါ | သခင်ယေရှုသည် ပြီးပြည့်စုံသောယဇ်၊ ဤလောက၏ အပြစ်ကို ယူဆောင်းသွားသော ဘုရားသခင်၏ သိုးသူငယ် ဖြစ်ကြောင်း အဓိကသော့ချက်ကျမ်းမှ ကျွန်ုပ်တို့အား သင်ကြားပေးသည်။ ဘုရားသခင်ကို သင်ယုံကြည်ကိုးစား ပြီးလား။ သခင်ယေရှုကို သင်၏ ကယ်တင်ရှင်သခင်အဖြစ် သင်လက်ခံပြီးလား။ | ယနေ့သင်ခန်းစာပါ အကြောင်းအရာ ဖြစ်ပျက်ခဲ့သည့်နေရာကို "ဘုရားထောင့်ပံ့ပေးသည်" (ယေဟောဝါယိရေ)ဟု အာဗြဟံ အမည်ပေးခဲ့သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အတွက် အဘယ်မျှလောက် ပြင်ဆင်ပေးပါသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်ကိုးစားပြီး၊ ဘုရားသခင်၏စကားကို လုံးလုံးနာခံခဲ့သည်။ ထို့အတွက်ကြောင့် ဘုရားသခင်သည် သူ့ကို ကောင်းကြီးပေးခဲ့သည်။ အာဗြဟံ၏ ပုံဥပမာကို ကျွန်ုပ်တို့ အသက်တာတွင် မည်သို့ လိုက်နာမည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်ကိုးစားပြီး၊ သူ၏ ယုံကြည်ခြင်းကို စမ်းသပ်သည့် အချိန်မှာပင်လျှင် ဘုရားသခင်၏စကားကို အာဗြဟံ လုံးလုံးနာခံခဲ့သည်။ အာဗြဟံ၏ ပုံဥပမာကို ကျွန်ုပ်တို့ အသက်တာတွင် မည်သို့ လိုက်နာ နိုင်မည်နည်း။ |

# သင်ခန်းစာပြုလုပ်ရန် ဆရာများအတွက် လမ်းညွှန်

**အဆင့် (၃) သင်ခန်းစာများ**

- ကျောင်းသားများသည် ကျမ်းညွှန်းများကို မဖတ်ပါက ဤသင်ခန်းစာများကို ပြီးမြောက်အောင် သင်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပေးထားသည့် ကျမ်းညွှန်းများကို ဖတ်ရန် လိုသည်။
- ကွက်လပ် ဖြည့်ခြင်း၊ ဂရပ် ဇယားများ၊ ပဟေဠိစကားလုံးများ စသည်ဖြင့် မေးခွန်း အမျိုးမျိုး ရှိသည်။
- ထိုမေးခွန်းများကို ပုံမှန်အားဖြင့် တို့ကို အသုံးပြု၍ ဖြေဆိုနိုင်ရန် ရေးဆွဲထားသည်။ (မှတ်ချက်- မြန်မာသင်ခန်းစာများအတွက်မူ ယုဒသန် ဘာသာပြန်သည့် ကျမ်းကိုသာ အသုံးပြုထား)
- ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် မည်သို့သော ကျမ်းစာကို ပိုင်ဆိုင်သည် ဖြစ်ပါစေ မေးခွန်းများကို ကောင်းစွာ ဖြေဆိုနိုင်ရန်သာ ဖြစ်သည်။
- ဤသင်ခန်းစာများ အားလုံးကို မှန်ကန်စွာ ဖြေဆိုနိုင်ပါက တစ်ပတ်စာအတွက် ရမှတ် ၂၀မှတ် နှင့် တစ်လစာ ရမှတ် ၈၀ မှတ် သတ်မှတ်ထားပါသည်။
- အဆင့် (၃) -သင်ခန်းစာတွင် ပုံမှန်အားဖြင့် အဖြေတစ်ခု အတွက် ရမှတ် ၁ မှတ် ဖြစ်သည်။

**အဆင့် (၄) သင်ခန်းစာများ**

- ဤသင်ခန်းစာများသည် အဆင့် ၃ သင်ခန်းစာထက် ပိုမိုကျစ်လစ်စွာ တည်းဖြတ်ထားသည်။
- ပို၍များသော မေးခွန်းနှင့် အဖြေများကို တောင်းဆို ထားသည်။
- သင်ခန်းစာ မေးခွန်းများအားလုံးကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုနိုင်သည့် အချိန်တွင် တစ်ပတ်အတွက် ရမှတ် ၂၀ နှင့် တစ်လအတွက် ရမှတ် စုစုပေါင်း ၈၀မှတ် ရမည်ဖြစ်သည်။

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။ အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ဤအရာများအတွက် အမှတ်မနုတ်ပါ။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁ လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်း ဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်းနှင့် ကျောင်းသာများအား ခွန်အားပေးတိုက်တွန်းရန် နှင့် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ် ၊သေသပ်တယ် ၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများသင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတက်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ ၊ ခွန်အားပေးနှိုးဆော်မှုများ စသည်ဖြင့် ကွဲးကွဲးပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစား လုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကြိုးသက်ရောက်မှုကို ဆုံးရှုံးစေမည်ဖြစ်သည်။

**အဆင့် (၃)**

**ယေဘူယျဝေဖန်ချက်**

“ကောင်းကောင်း လုပ်ထားတာပဲ၊ သား/သမီး မေးခွန်းကို ကောင်းကောင်း ဂရုစိုက်ပြီး ဖတ်ထားတာပဲ။ အထူးသဖြင့် သား/သမီးရဲ့ နောက်ဆုံးမေးခွန်းကို ကြိုက်တယ်။ စကားလုံး အသုံးအနှုန်းက အရမ်းကောင်းတယ်။”

“ဟလို-ယောနသန် ၊ သား ကောင်းကောင်း ကြိုးစားထားသည့်အတွက် ကျေးဇူးတင်တယ်။ အဖြေအားလုံးကို သား ကောင်းကောင်း ဖြေထားနိုင်တာဘဲ။ သား ဖြေဖို့ ကျန်ခဲ့တဲ့ တစ်ခုကို ဆရာ/မ ဖြည့်ထား ပေးတယ်။”

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

“မောရှေသည် ကြွသရေလ လူများနှင့် အချို့သောအချိန်များတွင် အခတ်အခဲများ ကြုံတွေ့ခဲ့ရသည်။ သို့သော် ထိုပြဿနာများကို သူတစ်ဦးတည်း ရှုန်းကန်ဖြေရှင်းရန် ဘုရားသခင်သည် သူ့အား စွန့်ပစ်မထားပေ။”

“ဘုရားသခင်ကို ချစ်ရန် သူဖခင် သင်ကြားပေးထားသည့် အရာကို ယောသပ် လုံးဝ မေ့လျော့ခြင်း မရှိခဲ့ပေ။ မိမိအိမ်နှင့် ဝေးသော နေရာတွင် ရောက်ရှိနေသော အချိန်မှာပင်လျှင် ထိုအရာကို သူသတိရခဲ ဖြစ်သည်။”

“ဗာတိမဲသည် ယေရှုထံ သွားရန် ဆုံးဖြတ်ခဲ့သည်။ ယခုတွင် သူသည် မျက်စိပြန်မြင်ခဲ့ပြီး ဖြစ်သောကြောင့် စိတ်မပျက်တော့ပေ။သည်။ ယေရှုသည် အလွန်ထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ယခုတွင် သူသိရှိခဲ့ပြီး ဖြစ်သည်။ ”

**အဆင့် (၄)**

**ယေဘူယျဝေဖန်ချက်**

“အလွန်ကောင်တဲ့ သင်ခန်းစာ တစ်ခုဘဲ။ ဤကျမ်းစာ ပုံပြင်များကို သင်ကောင်းစွာ နားလည်မည်ဟု ထင်တယ်။ ထိုပုံပြင်များအား လေ့လာသင်ကြားရခြင်းအပေါ် သင်ပျော်ရွှင်လိမ့်မည်ဟု ဆရာ/မ ယုံကြည်ပါတယ်။ သင်ခန်းစာကို အချိန်ယူပြီး ကောင်းကောင်း သင်ယူသည့်အတွက် ကျေးဇူးတင်ပါတယ်။ စစ်ရတာ အရမ်းလွယ်မှာဘဲ။ သင့်ရဲ့ ကြိုးစားမှုကို  ချီးကျူးပါတယ်။”

“ရာခေလ သမီး ကောင်ကောင်း ကြိုးစားထားတာဘဲ။ သမီးရဲ့ အဖြေကို ကြည့်ခြင်းဖြင့် ပုံပြင်ကို သမီးကောင်းကောင်း နားမလည်ဘူး ထင်တယ်။ ပုံပြင်ကို တစ်ခေါက် ပြန်ဖတ်လိုက်နော။”

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

“ပုံဥပမာများသည် ရိုးရှင်းသည့် ပုံပြင်များ ဖြစ်သော်လည်း လေးနက်သည့် အဓိပ္ပာယ် ရှိသည်။ သင်ခန်းစာ ၃ ရှိ ပုံပြင်ထဲတွင် မည်သည့် လေးနက်သည့် အဓိပ္ပာယ် ရှိပါသနည်း။ သင်စဉ်းစားနိုင်ပါသလား။”

“သတေဖန်သည် ရက်စက်စွာ အသတ်ခံခဲ့ရသည်။ မှန်ပါသည် သူသည် အသတ်ခံရသည်ကို မကြောက်ရွံ့ခဲ့ပေ။ ဘုရားသခင်သည် အရာ အားလုံးကို ထိန်းချုပ်ထားကြောင်းနှင့် သူသည် သေသွားလျှင် ကောင်းကင်တွင် ယေရှုနှင့် အတူ ရှိနေမည်ကို သူသိထားသည်။”

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1096157

11/2019
MY-Burmese